ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday 23 April 2018 ၉၂၆၅



၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံပညာအတန်းများ၏ အောင်စာရင်းများ ထုတ်ပြန်ကြေညာမှုကို ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ ကြည့်ရှုနေကြစဉ်။ ဓာတ်ပုံ-ရဲထွဋ်

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာနှစ်ဆုံးစာမေးပွဲ အောင်စာရင်းများ သက်ဆိုင်ရာကျောင်းအလိုက် ထုတ်ပြန်

**ရန်ကုန် ဧပြီ ၂၂**

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် နှစ်ဆုံးစာမေးပွဲအောင်စာရင်းကို ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာကျောင်းများ၌ ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုကြသည်။

ထိုကဲ့သို့ ထုတ်ပြန်ကြေညာမှုကြောင့် နံနက် ၆ နာရီခန့်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကျောင်းများ၌ နှစ်ဆုံးစာမေးပွဲအောင်စာရင်း လာရောက်ကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများဖြင့် တိုးဝှေ့စည်ကားလျက်ရှိသည်။

မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် နဝမတန်းဖြေဆိုခဲ့သူ မဖူးပွင့်ဝေက "မနက်ကျရင် အောင်စာရင်းတွေထွက်မယ်ဆိုတော့ ညကတည်းက အိပ်လို့မပျော်ခဲ့ပါဘူး၊ သမီးကတော့ အောင်ပါတယ်၊ အောင်မယ်ဆိုတာကိုလည်း ယုံကြည်မှုရှိခဲ့ပါတယ်၊ အောင်စာရင်းကို ကိုယ်တိုင်ကြည့်ချင်တဲ့အတွက် သူငယ်ချင်းတွေနဲ့အတူ မနက်အစောကြီးထပြီး လာကြည့်တာပါ။ ကိုးတန်းမှာ ကျတဲ့သူတွေရှိတယ်လို့ သိရတယ်၊ သူတို့အတွက်တော့ စိတ်မကောင်းပါဘူး"ဟု ပြောသည်။

အလားတူ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားမိဘ ဦးအောင်ကိုညွန့်က "ကျွန်တော့်သားနဲ့သမီးက ဒီကျောင်းမှာတက်တာပါ။ အခုသားက နဝမတန်းအောင်ပါတယ်၊ သမီးကတော့ သတ္တမတန်းအောင်တယ်၊ သားရော၊ သမီးရော အောင်မြင်တဲ့အတွက် ဝမ်းသာပါတယ်၊ တစ်ကျောင်းလုံးက ကျောင်းသား ကျောင်းသူတွေလည်း အောင်တဲ့အတွက် သူတို့ရဲ့မိဘတွေလည်း ဝမ်းသာကြမှာပါ"ဟု ပြောသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

## အီရတ်ပါလီမန်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ပြီ

စာမျက်နှာ » ၄



## UEHRD ၏ စေတနာ့ဝန်ထမ်း လူငယ်အစီအစဉ် ဆဋ္ဌမအကြိမ် လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်လှစ်

စာမျက်နှာ » ၉



## အာရှအားကစားပြိုင်ပွဲ မြန်မာဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

စာမျက်နှာ » ၁၁



## ဒေသထွက်သီးနှံများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆွေးနွေး

စာမျက်နှာ » ၁၆



ကြေးမုံ

# အညာမြေပတ်ဝန်းကျင် သဘာဝထိန်းသိမ်း

မြန်မာပြည်အလယ်ပိုင်း အညာဒေသသည် ပူပြင်းခြောက်သွေ့သည့် မိုးနည်းရေရှားရပ်ဝန်းဒေသဖြစ်သည်။ စိမ်းလန်းစိုပြည်သော သစ်ပင်များ ထူထပ်စွာပေါက်ရောက်ခြင်းမရှိသည့် အညာဒေသတွင် မန်ကျည်းပင်၊ တမာပင်၊ ထန်းပင်များမှာ အမြတ်တနိုးတန်ဖိုးထားရမည့် ပတ်ဝန်းကျင် သဘာဝအလှများ ဖြစ်သည်။ အထူးသဖြင့် သက်တမ်းရင့်ထန်းပင်ကြီးများမှာ အညာမြေ၏သင်္ကေတ၊ အညာသူအညာသားများ၏ အားထားရာဟု ဆိုရမည်ဖြစ်သည်။

တစ်ချိန်သောကာလက အညာမြေမှထန်းပင်များကို ကျေးလက်နေ အညာသူ အညာသားများက အသက်မွေးဝမ်းကျောင်းပြု မှီခိုအားထားခဲ့ကြသော်လည်း မျက်မှောက်ကာလတွင် ထန်းပင်ကိုအခြေပြုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တစ်စတစ်စတိမ်ကောပပျောက်လာသည်။ အညာသဘာဝထန်းပင်များမှာ သက်တမ်းရင့်အပင်ကြီးများအဖြစ် အထီးကျန်ဘဝရှိခဲ့ရာမှ မျက်မှောက်ကာလ လူတို့၏ တီထွင်ကြံဆအသုံးချမှုကြောင့် ထန်းပင်ကြီးများဘဝမှာ နိဂုံးကမ္ပတ်အဆုံးသတ်နေသည်ကို တွေ့ရသည်။

ထန်းပင်တစ်ပင်လုံးသည် လူသားများအတွက် အသုံးဝင်ပါသည်။ တစ်ချိန်က ထန်းပင်၊ ထန်းလက်၊ ထန်းသီး၊ ထန်းရည်၊ ထန်းမြစ်တို့မှာ ဈေးကွက်ဝင်အသုံးတွင်ခဲ့သော်လည်း ခေတ်ကာလပြောင်းလဲမှုကြောင့် အသုံးမတွင်ဖြစ်ခဲ့ရာ ယခုနောက်ဆုံးအခြေအနေတွင် ရှားပါးလာသော သစ်ဝါးများနေရာတွင် အစားထိုးသည့်အနေဖြင့် ထန်းသားများအား အသုံးပြုလာကြသည်ကို တွေ့ရသည်။ ထန်းသားသည် ရေမစိုလျှင် မာကျောခိုင်ခံ့ပြီး နှစ်ပေါင်းများစွာ အသုံးပြုနိုင်သည်။ အပင်ရင့်ထန်းခွဲသားများမှာ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်ပြီး ကုန်ချော အဖြစ် ပရိဘောဂများ ပြုလုပ်လာကြသည်ကို တွေ့ရသည်။

မျက်မှောက်ကာလတွင် လူသားများအသုံးပြုရန်အတွက် သစ်မာ၊ သစ်ချောများရှားပါးလာသဖြင့် ထန်းသားများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကပါ မျက်စိကျလာသည်။ ထန်းသားဖြင့် ပြုလုပ်သော အဆောက်အအုံများ၊ လူသုံးကုန်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများစသည်ဖြင့် အချောထည်အမျိုးမျိုး ထုတ်လုပ်နိုင်ပြီး ဈေးနှုန်းမှာလည်း ချိုသာလေသည်။ ထိုသို့ဖြင့် အညာမြေ၏ဂုဏ်ယူဖွယ်ရာသင်္ကေတဖြစ်သော စိမ်းလန်းစိုပြည်ပြီး အစုလိုက်၊ အတန်းလိုက်၊ အုပ်လိုက်ရှိသည့် ထန်းပင်၊ ထန်းတောကြီးများ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့မည်မှာ သေချာပါသည်။

အညာမြေ၏အဓိကဒေသ မကွေးတိုင်းဒေသကြီးအတွင်းရှိ ထန်းတောကျေးရွာများတွင် သက်တမ်းရင့် ထန်းပင် ပင်ပြတ်ဈေးနှုန်းမှာ ယခင်က တစ်ပင် ကျပ်တစ်သောင်းခွဲဝန်းကျင်ရှိရာမှ ယခုအခါ တစ်ပင်ကျပ် သုံးသောင်းခွဲ ဝန်းကျင်အထိ ဈေးပေါက်ပေသည်။ သက်တမ်းရင့်ထန်းပင်တစ်ပင်ကို ခုတ်လှဲခွဲစိတ်လျှင် အိမ်တိုင်ငါးလုံးနှင့် သစ်ခွဲသားအချို့ရရှိသည်။ ထန်းပင် ငါးပင်ခန့်ဆိုလျှင် သုံးပင်အိမ်၊ လေးပင်အိမ်တစ်လုံးဆောက်လုပ်နိုင်သည်။ ထန်းတစ်ပင်လျှင် သစ်အချောထည် ပရိဘောဂအစုံအလင်ထုတ်လုပ်နိုင်သောကြောင့် အကျိုးအမြတ်များစွာ ဖြစ်ထွန်းသည်။

သို့သော် ထန်းတစ်ပင် အရွယ်ရောက်အောင်ရှင်သန်ရန်မှာ အချိန်ကာလကြာမြင့်သည်။ သက်တမ်းရင့် ထန်းတစ်ပင်၏ ပျမ်းမျှအမြင့်မှာ ပေ ၅၀ မှ ပေ ၈၀ ဝန်းကျင်အထိရှိသည်။ ထိုအရွယ်သို့ရောက်ရန်အတွက် နှစ် ၇၀ သက်တမ်းမှ နှစ် ၁၅၀၊ ၂၀၀ သက်တမ်းအထိရှိသည်။ ယခုခုတ်လှဲနေသော သက်တမ်းရင့်ထန်းပင်ကြီးများမှာ ကျွန်ုပ်တို့ ဘိုးဘေးများ ထိန်းသိမ်းစောင့်ရှောက်ခဲ့သော အပင်များသာဖြစ်သည်။

ရှားပါးလာသော သစ်အစားထိုးအသုံးပြုလိုသူများအတွက် အကျိုးရလဒ်များဖြစ်ထွန်းနေသော်လည်း ကျွန်ုပ်တို့ သား၊ မြေး၊ မြစ်များအား လက်ဆင့်ကမ်းအမွေ ပြန်လည်ပေးဝေနိုင်ရန်အတွက် ထန်းတောကြီးများ ကွယ်ပျောက်သွားခြင်းမရှိစေရန် ထိန်းသိမ်းသင့်သည်။ အညာဒေသ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် မပျက်စီးစေရေးအတွက်လည်း အရှည်မြော်တွေး၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ငါးလုပ်ငန်းစခန်း(သထုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**သထုံ မေ ၂၂**

မွန်ပြည်နယ်အတွင်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်း(သထုံ)၌ တည်ဆောက်နေသော ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)နှင့် S. D. C ၏ ရန်ပုံငွေဖြင့် Helvetas Myanmar ပေါင်းစုလုပ်အား ကူညီပေးရေးအဖွဲ့ (Network Activities Group - N.A.G) နှင့် IUCN တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သုတေသန ပူးပေါင်းဆောင်ရွက်မှုစင်တာ (Fishery Development and Research Collaboration Center ) သင်တန်းကျောင်း(တည်ဆောက်ဆဲ)နှင့် ငါးလုပ်ငန်းစခန်းအား ယနေ့ နံနက် ၁၀ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။



ဝန်ကြီးအား မွန်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာန ပြည်နယ်မှူး ဦးသံချောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် သင်တန်းကျောင်း တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် တည်ဆောက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ငါးကန်အတွင်းမှ ငါးသားဖောက်ရန် မွေးမြူထားသော ငါးမျိုးစုံတို့ကို ဝန်ထမ်းများက လက်တွေ့ ပိုက်ဆွဲပြသကြသည်။

အဆိုပါ သင်တန်းကျောင်းကို ဖေဖော်ဝါရီလအတွင်းက စတင်တည်ဆောက်ခဲ့ပြီး 2 Storey R. C. C Building ( ၅၆ ပေ ၆ လက်မ× ၃၆ ပေ)ဖြစ်ပြီး Royal than lwin (morlamyine) Construction Co.,ltd က ကျပ်သိန်း ၁၁၄၀ ဖြင့် မေ ၅ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှတာဝန်ရှိသူ တစ်ဦးက ပြောသည်။

"တိုင်းရင်း ငါးမျိုးတွေနဲ့ ဈေးကွက်ဝင် ငါးမျိုးတွေ၊ အရည်အသွေးကောင်းတဲ့ ငါးသားပေါက်တွေကို မွေးမြူထုတ်လုပ်နိုင်မယ့် နည်းပညာ၊ အတတ်ပညာတွေကို သင်ကြားပေးပြီး သင်တန်းသားတွေကို နေရာထိုင်ခင်းတွေပေး၍ သင်ကြားပေးမယ့် သင်တန်းကျောင်း ဖြစ်ပါတယ်၊ ငါးမွေးမြူသူတွေကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးနိုင်ဖို့နဲ့ သဘာဝချောင်းမြောင်းတွေထဲကို စဉ်ဆက်မပြတ် ငါးမျိုးတွေ စိုက်ထည့်ပေးနိုင်ဖို့ အတွက် ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းစခန်း(သထုံ)မှ တာဝန်ခံ ဦးဝင်းဗိုလ်က ပြောသည်။

ယင်းအပြင် ငါးလုပ်ငန်းဦးစီးဌာနက ဝန်ထမ်းများ နေထိုင်ရန်အတွက် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံး တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

# ကချင်ပြည်နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနား ကားလမ်းပိုင်းတွင် တိုးဂိတ်လေးခု မကြာမီ ဆောက်လုပ်သွားမည်

**မြစ်ကြီးနား မေ ၂၂**

ကချင်ပြည်နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနား ကားလမ်းပိုင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်း၊ မြစ်ကြီးနားမြို့များတွင် ခေတ်မီနည်းပညာများ တပ်ဆင်ထားသည့် တိုးဂိတ်ပေါင်း လေးခုကို ကချင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် နှစ်နှစ်အတွင်း ဆောက်လုပ်သွားမည်ဖြစ်ပြီး ကားလမ်းကိုလည်း လက်ရှိအကျယ် ၁၈ ပေမှ ၂၄ ပေအထိ ကွန်ကရစ်ကတ္တရာလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"တိုးဂိတ်ဆောက်လုပ်မယ့် နေရာမှာ ကားလမ်းက ခြောက်လမ်းသွားအထိ ကျယ်ပြီး တစ်ဖက်ယာဉ်ကြော သုံးခုစီ၊ ညာဘက်အစွန်ဆုံးယာဉ်ကြောမှာလည်း ကတ္တားတွေရှိပြီး ကုန်တင်ယာဉ်တွေ ဖြတ်သန်းပါမယ်၊ တိုးဂိတ်တိုင်းမှာ CCTV Camera နဲ့ ကားထဲမှာပါတဲ့ ပစ္စည်းတွေကို ထိုးဖောက်စစ်ဆေးနိုင်တဲ့ စက်တွေကိုပါ တပ်ဆင်ထားမှာပါ"ဟု လမ်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ကချင်ပြည်နယ်အတွင်း မြို့အဝင်ဘီးကောက်လိုင်စင်များကို ဖျက်သိမ်းပြီး ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ မီနီဘတ်ဂျက် ခြောက်လအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက လေလံစနစ်ဖြင့် ရောင်းချခဲ့သော မြို့ဝင်ဘီးကောက်လိုင်စင်များကို ဧပြီ ၁၉ ရက်မှ စတင်ပြီး ဆက်လက်ကောက်ခံခြင်းမပြုရန် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဆုံးဖြတ်ချက်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ဆက်လက်ညွှန်ကြားခဲ့ကြောင်း သိရသည်။

မိုးညှင်းမြို့ဝင်ဘီးကောက်လိုင်စင် ကြမ်းခင်းဈေးမှာ ကျပ်သိန်း ၂၈၀ သာရှိသော်လည်း လုပ်ငန်းရှင်များက အပြိုင်အဆိုင်ဈေးပြိုင် ဝယ်ယူရာမှ နောက်ဆုံးကျပ်သိန်း ၁၈၀၀ ဖြင့် လုပ်ငန်းရှင်တစ်ဦးက ရရှိသွားကြောင်း သိရသည်။ **နီတိုး**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ဘုတလင် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ဝက်ပုတ် (မ) ကျေးရွာ ခွင့်ပြုအတိုးရငွေကျပ် ၅ ဒသမ ၂ သန်းဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ကံပြားကျေးရွာ ခွင့်ပြုအတိုးရငွေကျပ် ၈ ဒသမ သုည သန်းဖြင့် အမြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း စသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိခဲ့သည်။

ယင်းကျေးရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်သည့် ကော်မတီများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ဘုတလင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၆၂၄**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ခေတ်ပြောင်းစနစ်ပြောင်းကာလ

ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့အစပဲရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားကျ အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ **စုပေါင်းအင်အားဟာ** အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန်လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို **စုပေါင်းအင်အားနဲ့** ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ်(၃/၂၀၁၈)**
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်)
**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**အဋ္ဌမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) တနင်္လာနေ့၊ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၁/၂၀၁၈)**
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်)
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**အဋ္ဌမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) တီခွန်မြတ်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၁/၂၀၁၈)**
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်)
**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**အဋ္ဌမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မေ ၁၃ ရက်အရောက် သတင်းပို့ကြရန် ဖိတ်ကြား

**နေပြည်တော် ဧပြီ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ် မေ ၁၄ ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံး ရေးရာဆောင်အမှတ်-၁၂ (I-12) သို့ ၂၀၁၈ ခုနှစ် မေ ၁၂ ရက် (စနေနေ့)ထက်မစော၊ မေ ၁၃ ရက် (တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေ ၁၃ ရက်အရောက် သတင်းပို့ကြရန် ဖိတ်ကြား

**နေပြည်တော် ဧပြီ ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ် မေ ၁၄ ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် I-19(အိုင်-၁၉) သို့ ၂၀၁၈ ခုနှစ် မေ ၁၂ ရက်ထက်မစော၊ ၁၃ ရက်ထက်နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ကရင်ပြည်နယ် ရွှေဟောင်းသမိုင်းဝင် မဟာဆဒ္ဒန်လိုဏ်ဂူတော်၌ ဧပြီ ၂၂ ရက်က အနယ်နယ်အရပ်ရပ်မှ ကြည်ညိုသဒ္ဓါပွားများရန်ဘုရားဖူးလာသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့မြင်ရစဉ်။**

ဟန်စိန်(ဥက္ကလာ)

# ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသူ အော်ဘန်အား ဘူဒါပက်မြို့တော်၌ ကန့်ကွက်ဆန္ဒပြ

**ဘူဒါပက် မေ ၂၂**

ဟန်ဂေရီနိုင်ငံ၌ ဝန်ကြီးချုပ်ရာထူးတွင် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသူ ဗစ်တာအော်ဘန်အား ကန့်ကွက်သည့် ဆန္ဒပြပွဲကို မြို့တော်ဘူဒါပက်ရှိ လမ်းများပေါ်တွင် အင်အားသိန်းနှင့်ချီသော ပြည်သူများက မေ ၂၁ ရက်တွင် ထပ်မံပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဘူဒါပက်ရှိ ပြည်သူများသည် လမ်းမကြီးများအတိုင်း စုဝေးချီတက်ခဲ့ကြပြီးနောက် လူထုစည်းဝေးပွဲကျင်းပရာ နေရာတွင် စုစည်းကာ ဆန္ဒပြခဲ့ကြကြောင်း၊ ပြည်သူပိုင်မီဒီယာများက အစိုးရ၏အာဘော်များကို ဖော်ပြနေခြင်း အဆုံးသတ်ရန် ဆန္ဒပြပွဲခေါင်းဆောင်များက ဟောပြောခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။



ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုကို ထိန်းချုပ်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများ ပိုမိုတင်းကျပ်ရေးဘက်မှ မဲဆွယ်စည်းရုံးခဲ့သူ အသက် ၅၄ နှစ်ရှိ အော်ဘန်၏ ဖီဒက်အမည်ရှိပါတီသည် မေ ၈ ရက်က ကျင်းပသော ရွေးကောက်ပွဲတွင် မဲအရေအတွက်၏ ထက်ဝက်ခန့်ရရှိကာ အောင်ပွဲခံခဲ့သည်။

ရွေးကောက်ပွဲကျင်းပမှုကို ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအက်စ်စီအီး)မှ စေလွှတ်သော ရွေးကောက်ပွဲအကဲခတ်များက စောင့်ကြည့်ခဲ့ကြသော်လည်း ရွေးကောက်ပွဲတရားမျှတမှုမရှိဟု ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် အာဏာစတင်ရရှိခဲ့သူ အော်ဘန်သည် ပြည်သူပိုင်မီဒီယာများ၏ ချန်နယ်များကို အစိုးရအာဘော်အဖြစ် ထိန်းချုပ်ထားသူဖြစ်ကြောင်း ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။

ဒီမိုကရေစီကိုအလိုရှိသည်ဟု ဆန္ဒပြသူလူငယ်များက ကြွေးကြော်ခဲ့ကြပြီး ဥရောပသမဂ္ဂအလံတော်ကို ဝှေ့ရမ်းခဲ့ကြသည်။ ဆန္ဒပြပွဲတွင် လူငယ်အများစု ပါဝင်ခဲ့ကြပြီး ပြည်နယ်များရှိ မြို့ကြီးများတွင်လည်း ဆက်လက်ဆန္ဒပြသွားရန် စီစဉ်သွားမည်ဟု ဆိုသည်။

ရွေးကောက်ပွဲတွင် အော်ဘန်၏ပါတီ အောင်ပွဲခံခဲ့ပြီးနောက် ရက်ပိုင်းအကြာ ပြီးခဲ့သည့် မေ ၁၄ ရက်ကလည်း မြို့တော်ဘူဒါပက်၌ ၎င်းအား ဆန့်ကျင်သည့် ဆန္ဒပြပွဲ ပြုလုပ်ခဲ့ရာ လူတစ်သိန်းခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

**အေအက်ဖ်ပီ**



# အီရတ်ပါလီမန် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ပြီ

**ဘဂ္ဂဒက် မေ ၂၂**

အီရတ်နိုင်ငံ၌ မေ ၁၂ ရက်တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို ပြုလုပ်လျက်ရှိကြကြောင်း၊ ဆက်ဒမ်ဟူစိန်ကဲ့သို့သော အာဏာရှင်တစ်ဦး ပြန်လည်ပေါ်ထွက်လာခြင်း မရှိစေရေးအတွက် ပြည်သူအများစုဖြစ်သော ရှီးယိုက်မျိုးနွယ်များအတွက် သီးသန့်လျာထားသည့် ဝန်ကြီးချုပ်ရာထူးနေရာတွင် တာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်မည့်သူ သုံးဦးရှိနေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်ဖြစ်လာရန် အလားအလာရှိပြီး ရေပန်းစားနေသူ သုံးဦးမှာ လက်ရှိဝန်ကြီးချုပ် ဟိုင်ဒါ အယ်လ်အာလာဝီ၊ ယခင်ဝန်ကြီးချုပ် နူရီအယ်လ်မာ လီကီနှင့် ပြည်သူ့စစ်ညွန့်ပေါင်းအဖွဲ့၏ အကြီးအကဲ ဟာရှစ်အယ်လ်ရှားဘီတို့ ဖြစ်ကြသည်။

အီရတ်နိုင်ငံ၌ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက ကျူးကျော်ဝင်ရောက်လာကာ သမ္မတဆက်ဒမ်ဟူစိန်ကို ရာထူးမှ ဖြုတ်ချခဲ့ပြီးနောက် အသစ်ပြန်လည်ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှီးယိုက်လူများစုအတွက် သီးသန့်လျာထားသော ရာထူးနေရာအဖြစ် ဝန်ကြီးချုပ်ရာထူးနေရာကို တီထွင်ပြဋ္ဌာန်းထားသည်။ အီရတ်တွင် အာဏာရှင်စနစ် ပြန်လည်ပေါ်ထွက်လာခြင်း မရှိစေရန် အင်အားချိန်ခွင်လျှာ အပြန်အလှန်ထိန်းညှိပေးသော စနစ်နှင့်အညီ ရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# လေယာဉ်အင်ဂျင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အင်ဂျင်စက်များကိုစစ်ဆေးရန် အက်ဖ်အေအေညွှန်ကြား

**နယူးယောက် မေ ၂၂**

ခရီးသည်တင်လေယာဉ်များ၏ ဂျက်အင်ဂျင်စက်များကို အရေးပေါ်ပြန်လည်စစ်ဆေးကြရန် အမေရိကန်ဖက်ဒရယ်မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့(အက်ဖ်အေအေ)က ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

မကြာသေးမီ ရက်များအတွင်း အမေရိကန် အနောက်တောင်ပိုင်း လေကြောင်းလိုင်းမှ ခရီးစဉ် ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်း၏ ဂျက်အင်ဂျင်ပေါက်ကွဲမှုကြောင့် ခရီးသည်တစ်ဦး သေဆုံးခဲ့ရသည့် ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ဂျက်အင်ဂျင်စက်များကို အရေးပေါ် ပြန်လည်စစ်ဆေးကြရန် အက်ဖ်အေအေက ညွှန်ကြားလိုက်ခြင်း ဖြစ်သည်။

ခရီးစဉ်ပျံသန်းမှု အကြိမ်ပေါင်း ၃၀၀၀၀ သို့မဟုတ် ၃၀၀၀၀ အထက်ရှိ စီအက်ဖ်အမ် ၅၆-၇ ဘီအမျိုးအစား ဂျက်အင်ဂျင်စက်များအားလုံးကို ရက်ပေါင်း ၂၀ အတွင်း အပြီးစစ်ဆေးရန် ယင်းဂျက်အင်ဂျင်စက်ထုတ်လုပ်သော စီအက်ဖ်အမ်အင်တာနေရှင်နယ်ကုမ္ပဏီက အကြံပြုခဲ့သည့်အတိုင်း အက်ဖ်အေအေက ညွှန်ကြားခြင်းဖြစ်သည်။

ဘိုးရင်း-၇၃၇ အမျိုးအစား လေယာဉ်များ၌ တပ်ဆင်ထားသော အဆိုပါအမျိုးအစား ဂျက်အင်ဂျင်စက်တစ်လုံးလျှင် စစ်ဆေးချိန် လေးနာရီခန့် အချိန်ယူရမည်ဟု စီအက်ဖ်အမ်အင်တာနေရှင်နယ်ကုမ္ပဏီက ပြောကြားသည်။ ယင်းကုမ္ပဏီသည် အမေရိကန် ဂျီအီးမြို့ပြလေကြောင်းကုမ္ပဏီနှင့် ပြင်သစ်နိုင်ငံမှ ဆာဖရန်လေယာဉ်အင်ဂျင်ထုတ်လုပ်ရေးကုမ္ပဏီတို့၏ ဖက်စပ်ကုမ္ပဏီတစ်ခု ဖြစ်သည်။

လေကြောင်းဌာန ၆၀ ခန့်က စီအက်ဖ်အမ် ၅၆-၇ ဘီအမျိုးအစား ဂျက်အင်ဂျင်အသုံးပြုသော ခရီးသည်တင်လေယာဉ်များကို ပိုင်ဆိုင်ကြသည်။ အင်ဂျင်စက်များ ပြန်လည်စစ်ဆေးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဂျီအီးနှင့်ဆာဖရန်ကုမ္ပဏီတို့က စက်မှုကျွမ်းကျင်သူ ၅၀၀ ခန့်ကို စေလွှတ်ပေးမည်ဆို၏။

အမေရိကန် အနောက်တောင်ပိုင်း လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် မေ ၁၇ ရက်က ခရီးစဉ်ပျံသန်းလာစဉ် လေယာဉ်၏ လက်ဝဲဘက် ဂျက်အင်ဂျင်တစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ပေါက်ကွဲမှုဖြစ်သည့်နေရာမှ အနီးဆုံးလေယာဉ်ထိုင်ခုံတွင် လိုက်ပါလာသူ အမျိုးသမီးတစ်ဦးမှာ ပွင့်ထွက်သွားသော ပြတင်းပေါက်မှ ပြင်ပသို့ လေ၏စုပ်ယူခြင်းခံခဲ့ရသည်။ ခရီးသည်များက ၎င်းကို ဝိုင်းဆွဲထားခဲ့သဖြင့် လေယာဉ်အပြင်ဘက်သို့ တစ်ကိုယ်လုံးရောက်ရှိမသွားခဲ့သော်လည်း ၎င်းမှာရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်။

**အေအက်ဖ်ပီ**




# အာဖဂန်နစ္စတန် မြို့တော်ကဘူးတွင် အသေခံဗုံးပေါက်ကွဲ၊ လူပေါင်း ၄၈ ဦး သေဆုံး



**ကဘူး မေ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ ရွေးကောက်ပွဲမဲပေးသူများ မှတ်ပုံတင်ရုံးရှေ့တွင် အသေခံဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ လူပေါင်း ၄၈ ဦးသေဆုံးပြီး ၁၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

လာမည့်နှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲထည့်နိုင်ရန် အရည်အချင်းပြည့်မီရေးအတွက် ပြည်သူအများအပြားက မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ် အဆိုပါဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲအတွက် လုံခြုံရေးအင်အား ပိုမိုတိုးမြှင့်ချထားရန် လိုအပ်ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ဆိုသည်။ အဆိုပါ ဗုံးဖောက်ခွဲမှုကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲမဲမေးသူများ မှတ်ပုံတင်ရုံးသည် မြို့တော်ကဘူးအနောက်ဘက်ရှိ ရှီးယိုက်အများအပြားနေထိုင်သည့် ရပ်ကွက်တစ်ခုတွင် တည်ရှိသည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လမ်းမပေါ်တွင် သွေးကွက်များ၊ ရွေးကောက်ပွဲမဲပေးသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများနှင့် ဓာတ်ပုံများကို အပျက်အစီးများအကြား တွေ့မြင်ခဲ့ရကြောင်း လုံခြုံရေးအရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအနက် အမျိုးသမီးများနှင့် ကလေးငယ်များပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။ မတ် ၂၁ ရက်တွင် မြို့တော်ကဘူး၌ ပါရှားနှစ်သစ်ကူးပွဲတော်ကျင်းပနေစဉ် အိုင်အက်စ်စစ်သွေးကြွများက အသေခံဗုံးတစ်လုံးဖောက်ခွဲခဲ့ရာ လူပေါင်း ၃၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပ



**မန္တလေး ဧပြီ ၂၂**

မန္တလေးမြို့တွင် ကိန်းဝပ်စံပယ်တော်မူသည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဗန်းမော်ဆရာတော်ကြီးနှင့်တကွ ဩဝါဒါစရိယဆရာတော်ကြီး ၅၂ ပါး အပါအဝင် သံဃာတော်အပါး ၁၀၈၀ တို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ဧပြီ ၂၂ ရက် နံနက် ၇ နာရီတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အနေကဇာတင်အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သံဃာတော်အရှင်သူမြတ်အပါး ၁၀၈၀ တို့က စောင်းတန်းလေးဖက်တွင် အသီးသီးသီတင်းသုံးနေရာယူတော်မူကြကာ ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီးနောက် မင်္ဂလသုတ်နှင့် မေတ္တသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ် အပါး ၁၀၈၀ တို့အား နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို တန်ဖိုးငွေကျပ်သိန်း ၁၈၀၀ ကျော် ဆက်ကပ်လှူဒါန်းခဲ့ပြီး မိုးကောင်းဓမ္မာရုံ၌ လှူဒါန်းမှုအစုစုတို့အတွက် မစိုးရိမ်ဆရာတော်ကြီးက ရေစက်ချတရားဟောကြားချီးမြှင့်ကာ အမျှပေးဝေခဲ့ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းခဲ့သည်။

ဗုဒ္ဓါဘိသေကအနေကဇာတင် ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ မဟာမုနိဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးစိုးလင်းက "လွန်ခဲ့တဲ့ ၁၀ လလောက်ကစပြီး မီးပူဇော်တာတွေ၊ ဂန္ဓကုဋိတိုက်အတွင်း ရွှေချတာတွေနဲ့ ကျောင်းတော်ကြီးဘုံခုနစ်ဆင့်ကို ရွှေစင်ရွှေပြားတွေ အသစ်ကပ်လှူပူဇော်တာတွေ၊ စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်တွေကို ရောင်တော်ဖွင့်တာတွေ ဆောင်ရွက်ခဲ့တယ်၊ ဒါတွေပြီးစီးသွားလို့ အနေကဇာတင်အခမ်းအနားပြုလုပ်တာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဂန္ဓကုဋိတိုက်တော်အတွင်း ခန်းလုံးပြည့် မွမ်းမံပြင်ဆင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ မဟာသုဝဏ္ဏပါသာဒပြာသာဒ်တော်ကြီးအပေါ်ပိုင်းကိုလည်း ရွှေချိန် ၂၁ ပိဿာကျော်နှင့်၊ ပြာသာဒ်တော်ကြီး သဇင်ပန်းခွေဘုံသုံးဆင့်စေတီရံကိုလည်း ရွှေချိန်ရှစ်ပိဿာကျော်ဆက်ကပ်ပူဇော်လှူဒါန်းခဲ့ကြောင်း၊ လျှပ်စစ်အန္တရာယ်မရှိစေရန် ထောင့်လေးထောင့်မှ မီးတိုင်ကြီးလေးတိုင်စိုက်ထူကာ ပြာသာဒ်တော်ကြီးတစ်ခုလုံးနှင့် ရင်ပြင်တော်တစ်ခုလုံး မီးပူဇော်ခြင်း၊ ကျောင်းတော်ကြီး မိုးယိုစိမ့်မှုမှ ကာကွယ်ရန် ဓာတုအလွှာပါးတစ်လွှာ ထပ်ပိုးခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘုရားပရိဝုဏ်အတွင်းရှိ အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခဲ့သည့် ကြေးရုပ်ပြတိုက်၊ မြန်မာ့အနုပညာပစ္စည်းများပြခန်း၊ သမိုင်းပန်းချီပြခန်းတို့ ဖွင့်လှစ်သည့် အခမ်းအနားပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ပြခန်းများအတွင်းလှည့်လည်ကြည့်ရှုခဲ့ကြသည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး မန္တလေးမြို့တွင် သီတင်းသုံးတော်မူသည့်နှစ်ပေါင်း ၂၀၀ ကျော်အတွင်း ယခုကဲ့သို့ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာ ကျင်းပခဲ့သည်မှာ တတိယအကြိမ်မြောက်ဖြစ်ကြောင်းနှင့် ယနေ့အခမ်းအနားတွင် လာရောက်ကြည်ညိုကြသူများနှင့် ဘုရားဖူးများအား စတုဒိသာမဏ္ဍပ်ကြီးများဖြင့် အာဟာရဒါနကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ အေးမြ(မန္တလေး)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ဆွေးနွေးပွဲ လိပ်သိုမြို့ အလယ်ချောင်းအထက်ကျေးရွာ၌ ပြုလုပ်



**လိပ်သို ဧပြီ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ အလယ်ချောင်းအထက်ကျေးရွာ၌ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးလက်ပြည်သူလူထု အသိအမြင်ဗဟုသုတ တိုးတက်စေရေးနှင့် စာဖတ်အားပိုမိုကောင်းမွန်လာစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (ပထမအကြိမ်)ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)ဆွေးနွေးပွဲကို ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီက အလယ်ချောင်းအထက်ကျေးရွာရှိ ဖူးကော်မာခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျေအောင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကရင်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စောလင်းက ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာသုတဝတီစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စတင်ရာ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျေအောင်းမြင့်၊ ကရင်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စောလင်း၊ လိပ်သိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်၊ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-(၂)ဦးစောအဲဗင်း၊ စိုက်ပျိုးရေးဦးစီးဌာန (လိပ်သိုကော်ဖီခြံတာဝန်ခံ) ဦးစိုးမြင့်၊ လိပ်သို ကျန်းမာရေးဦးစီးဌာန တာဝန်ခံဆရာဝန် ဒေါက်တာဇေယျာဦး၊ စာရေးဆရာကေတုမောင်ညိုလင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် အကျုံးဝင်သော မြို့နေလူဦးရေထက် ကျေးလက်နေပြည်သူများသည် ၇၅ ရာခိုင်နှုန်းဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ပြည်သူလူထု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသိအမြင် ဗဟုသုတတိုးတက်စေရေးနှင့် စာဖတ်အား ပိုမိုကောင်းမွန်လာစေရေး စသည့်အချက်များအား အသီးသီး ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော လိပ်သိုမြို့ရှိ ရပ်မိရပ်ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပရဟိတနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျေးရွာနေပြည်သူများက အပြန်အလှန်ဆွေးနွေးဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးငွေကြေးထောက်ပံ့မှုအစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ ၂၄ နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**၀၆၇- ၄၀၄၂၂၂၊ ၀၆၇- ၄၀၄၉၉၉**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# မော်တော်ဆိုင်ကယ်စီးနင်းခြင်းဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မော်တော်ဆိုင်ကယ်စီးနင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) မော်တော်ဆိုင်ကယ်ကို သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကိုကိုးကျွန်း၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်များတွင် စီးနင်းခွင့်ပြုထားပြီး ကျန်မြို့နယ်များတွင် လုံးဝ(လုံးဝ)ခွင့်မပြုပါ။

(ခ) မော်တော်ဆိုင်ကယ်စီးနင်းခွင့်မရှိသည့် မြို့နယ်များတွင် စီးနင်းသည်ကို စစ်ဆေးတွေ့ရှိရပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား စီးနင်းသည်ကို စစ်ဆေးတွေ့ရှိရပါက နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်းနှင့် နယ်ကျော်စီးနင်းသူများကိုလည်း ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**




ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးနှင့်အဖွဲ့ ဧပြီ ၂၀ ရက်တွင် ကော့မှူးမြို့နယ် မြို့ကုန်းကျေးရွာရှိ ဓမ္မာရုံတွင် မှုခင်းများ မဖြစ်ပွားစေရေး၊ မူဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး မှုခင်းအသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်စဉ်။

**ကြေးမုံ**

# အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ မြန်မာ့စီးပွားရေးသုံးသပ်ချက်

ခင်မောင်ညို
(ဘောဂဗေဒ)

အခု NLD အစိုးရသက်တမ်း နှစ်နှစ်ပြည့်ချိန်မှာ မြန်မာနိုင်ငံရဲ့စီးပွားရေးကို ဘယ်လိုထင်မြင်သလဲဆိုတဲ့ မေးခွန်းတွေ အမေးများပါတယ်။ အဲဒီအမေးကို အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ သုံးသပ်ချက်နဲ့ ဖြေလိုက်ပါတယ်။ ဆောင်းပါးအဟောင်းတွေပြန်ကြည့်တော့ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့သူတို့ရဲ့ အစီရင်ခံစာကို အများဖတ်နိုင်အောင် ဆိုပြီး အမြဲလိုလို ဘာသာပြန်ပေးလေ့ရှိပါတယ်။

သူတို့ရဲ့ သုံးသပ်ချက်နဲ့ ပတ်သက်လို့ သဘောတူတာရှိချင်ရှိမယ်။ သဘောမတူတာလည်း ရှိနိုင်တယ်။ အထူးသဖြင့် ကိုယ်နားမလည်တာလည်း ရှိနိုင်တယ်။ စနစ်တကျဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုက သေသေချာချာ လေ့လာရေးသားထားတာဖြစ်တယ်ဆိုတာလေးကြိုပြောပြထားချင်ပါတယ်။ အများသူငါ သိရရင် အကျိုးများနိုင်တယ်လို့ မျှော်ကိုးပြီး အပင်ပန်းခံ ဆီလျော်သလို ကောက်နှုတ်ဘာသာပြန်ပေးလိုက်ပါတယ်။

ယေဘုယျအားဖြင့် အစိုးရသစ်ရဲ့ ဒုတိယနှစ်မှာ စီးပွားရေးတိုးတက်မှုနှုန်းမြန်ဆန်လာလို့ ၂၀၁၇ ဘဏ္ဍာနှစ် (၂၀၁၈ မတ်လမှာကုန်) တိုင်းပြည်ဝင်ငွေ (စုစုပေါင်း ပြည်တွင်းထုတ်ကုန်) ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာတယ်၊ ပြန်တက်လာတယ်လို့ သုံးသပ်ချက်ဟာ အခြားအဖွဲ့အစည်းတွေရဲ့ သုံးသပ်ချက်နဲ့ ရာခိုင်နှုန်းအားဖြင့် ကွဲလွဲမှုတွေ ရှိပေမယ့် ယေဘုယျအားဖြင့် သဘောတူညီကြပါတယ်။ ငွေဖောင်းပွမှုနှုန်း အနည်းငယ်လျော့ကျသွားတယ် (ဆိုလိုတာက ငွေဖောင်းပွမှုမဖြစ်တာမဟုတ်၊ ဖြစ်တဲ့နှုန်းလျော့ကျတာကို ဆိုလိုတာပါ)။ သာမန်စာရင်းလိုငွေ၊ ပိုများလာတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ ဆက်လုပ်မယ်ဆိုရင် အခုနှစ် (၂၀၁၈) မှာ တိုးတက်မှုနှုန်းကို ဆက်လက်ထိန်းထားနိုင်ပြီး နောက်နှစ်မှာ စီးပွားရေးတိုးတက်မှုနှုန်း ပိုမိုမြန်ဆန်နိုင်တယ်လို့ မျှော်လင့်တွက်ဆထားပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်မြှင့်ဖို့ဆိုတာကို အခြားအဖွဲ့အစည်းတွေကလည်း အကြံပေးကြပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်ရတာကောင်းတဲ့ ပတ်ဝန်းကျင်အခြေအနေဖန်တီးပေးနိုင်ရင် သာမန်စာရင်းလိုငွေကို ကာလလတ်မှာ ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်တဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ သိသိသာသာဝင်ရောက်လာမယ်လို့ မျှော်မှန်းထားတာတွေ့ရတယ်။

အစိုးရသစ်ရဲ့ ဒုတိယနှစ်မှာ စီးပွားရေးတိုးတက်မှုနှုန်းမြန်ဆန်လာတယ်လို့ ပြောရတာက အရင်ပထမနှစ်တုန်းက ၅ ဒသမ ၉ ရာခိုင်နှုန်းပဲရှိခဲ့လို့ပါ။ အခုလိုစီးပွားရေးတိုးတက်မှုနှုန်းမြန်ဆန်လာရတာက လယ်ယာစိုက်ပျိုးရေးကဏ္ဍအခြေအနေတိုးတက်လာပြီး ပို့ကုန်တွေလည်း တိုးတက်လာလို့ပါ။ ပုဂ္ဂလိကစားသုံးမှုတက်လာပေမယ့် ရင်းနှီးမြှုပ်နှံမှုအရှိန်အဟုန်ကတော့ နှေးကွေးနေပါသေးတယ်။

တိုင်းပြည်ဝင်ငွေရဲ့ ၃၀ ရာခိုင်နှုန်းလောက်ကို ဖြည့်ဆည်းပေးတဲ့ စိုက်ပျိုးရေးကဏ္ဍဟာ ရာသီဥတုကောင်းတဲ့အတွက် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့တာပါ။ မနှစ်က မိုးခေါင်ရေရှားဖြစ်လို့ အထွက်လျော့ကျခဲ့တာကိုး။ စက်မှုလက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍတို့ကတော့ ရှစ်ရာခိုင်နှုန်းအထက် တိုးတက်ခဲ့တယ်လို့ ခန့်မှန်းထားပါတယ်။ အရင်နှစ်ကထက် ကုန်ချောပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး ခရီးသွားလုပ်ငန်းနဲ့ ပြည်တွင်းစားသုံးမှု မြင့်တက်လာခဲ့တဲ့အတွက် ဝန်ဆောင်မှုကဏ္ဍ တိုးတက်မှုနှုန်း မြန်လာခဲ့ရတာပါ။

အရင်နှစ်က သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့တဲ့ ကုန်စည်တင်ပို့ရောင်းချမှုဟာ ၂၀၁၇ ဘဏ္ဍာနှစ်မှာ ၁၅ ဒသမ သုည ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။ အဓိကအားဖြင့် နှစ်ပေါင်း ၅၀ လောက်အတွင်းမှာ ဆန်တန်ချိန် ၂ ဒသမ ၈ သန်းလောက်အထိ စံချိန်တင် တင်ပို့ရောင်းချနိုင်ခဲ့လို့ ဖြစ်ပါတယ်။ အထည်ချုပ်လုပ်ငန်းတွေမှာ ဝယ်လိုအားကောင်းနေသလို ဝန်ဆောင်မှုကဏ္ဍကလည်း ဝင်ငွေကောင်းနေပါတယ်။ ဝန်ကြီးဌာနရဲ့ အဆိုအရ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု ယခင်နှစ်ကထက် ၁၈ ရာခိုင်နှုန်း တိုးလာခဲ့လို့ ၃ ဒသမ ၄ သန်းအထိ ဖြစ်လာခဲ့ပါတယ်။ မြို့ပြဒေသ နေထိုင်သူတွေ ဝယ်နိုင်စွမ်းအား တိုးပွားလာပြီး ပုဂ္ဂလိကကဏ္ဍမှာ ကူးသန်းရောင်းဝယ်မှုတွေ ပိုမိုများပြားလာတဲ့အတွက် ပုဂ္ဂလိကစားသုံးမှု အားကောင်းနေတယ်လို့ ပြောတာပါ။ ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်လျော့ကျသွားပေမယ့် ကုမ္ပဏီဥပဒေသစ်နဲ့ပတ်သက်လို့ ရှင်းရှင်းလင်းလင်းဖြစ်လာမယ့် ၂၀၁၈ ခုနှစ် ဩဂုတ်လကို ရင်းနှီးမြှုပ်နှံသူတွေ စောင့်ဆိုင်းနေကြပုံရပါတယ်။

စီးပွားရေးတိုးတက်မှုနှုန်း အနည်းငယ်မြန်လာခဲ့ပေမယ့် ငွေဖောင်းပွမှုနှုန်းဟာ မနှစ်က ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာက ၅ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့တာကတော့ စိုက်ပျိုးရေးကဏ္ဍ ဦးမော့ပြီး အစားအစာတွေ၊ ဈေးနှုန်းတက်တာ သိပ်မမြန်တာက အဓိကကျတယ်လို့ သုံးသပ်ထားပါတယ်။ နိုင်ငံတကာမှာ သီးနှံဈေးနှုန်းတွေ ကျဆင်းနေတာ၊ ငွေကြေးသုံးစွဲမှုနှေးနေတာနဲ့ ငွေဖလှယ်နှုန်းတည်ငြိမ်နေတာတွေကြောင့် ငွေဖောင်းပွမှုနှုန်း နိမ့်ခဲ့ရတာပါ။

သွင်းကုန်ဘက်ကိုကြည့်ရင် ၂၀၁၆ ဘဏ္ဍာနှစ်မှာ ၂ ဒသမ ၄ ရာခိုင်နှုန်းပဲ တိုးတက်ခဲ့ရာက ငါးဆ တက်လာပြီး ၂၀၁၇ ခုနှစ်မှာ ၁၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ရတာကတော့ ပြည်တွင်းစားသုံးမှု အရှိန်အဟုန်မြင့်မားနေတာရယ်၊ ပြည်တွင်းက အခြေခံအဆောက်အအုံတွေအတွက် အရင်းအနှီးပစ္စည်းတွေသွင်းရတာတွေကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကုန်သွယ်မှုလိုငွေကို ပိုပြီးကြီးမားသွားစေခဲ့ပါတယ်။ ပြည်တွင်းဝန်ဆောင်မှုလုပ်ငန်းတွေကရတဲ့ နိုင်ငံခြားငွေတွေဟာ တိုးပွားလာတဲ့ ကုန်သွယ်ရေးလိုငွေကို တစ်စိတ်တစ်ဒေသပဲ ကာမိပါတယ်။ ဒါကြောင့် မနှစ်က ဂျီဒီပီရဲ့ ၃ ဒသမ ၉ ရာခိုင်နှုန်းပဲ လိုငွေပြနေရာက အခုနှစ်မှာ ကုန်သွယ်ရေးလိုငွေ ငါးရာခိုင်နှုန်းအထိ ဖြစ်လာခဲ့ရတာပါ။

မြန်မာကျပ်ငွေရဲ့ တန်ဖိုးဟာ ၂၀၁၆ ခုနှစ် ဇွန်လကနေ ဒီဇင်ဘာအတွင်းမှာ ၁၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့ပေမယ့် ၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ် တစ်နှစ်လုံး တည်ငြိမ်နေခဲ့တဲ့ ထူးခြားမှုကိုလည်း အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြထားတာတွေ့ရပါတယ်။ အရင်နှစ်က ၂၅ ဒသမ ၅ ရာခိုင်နှုန်းလောက် တိုးတက်ခဲ့တဲ့ ချေးငွေတွေဟာ ၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်မှာတော့ ကျဆင်းသွားပြီး ၂၁ ဒသမ ၂ ရာခိုင်နှုန်းပဲ တိုးတက်ခဲ့ပါတယ်လို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ဆိုထားပါတယ်။ ၂၀၁၈ ခုနှစ် မတ်လက သူတို့ရဲ့ အစီရင်ခံစာကိုထုတ်ပြန်ခဲ့တာပါ။ ငွေကြေးပမာဏဟာ အရင်နှစ်က ၁၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ရာက ဒုတိယနှစ်မှာ ၁၆ ဒသမ ၅ ရာခိုင်နှုန်းပဲ တိုးတက်ခဲ့တာကို ကြည့်ရင် ငွေဖောင်းပွမှုကို ထိန်းချုပ်မယ့် ငွေကြေးမူဝါဒကျင့်သုံးနေလို့ဖြစ်တယ်ဆိုတာ တွေ့ကြရမှာပါ။ ဘတ်ဂျက်ဘက်မှာတော့ အရင်နှစ်က ဂျီဒီပီရဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ လိုငွေပြခဲ့ရာက လျှပ်စစ်၊ ကျန်းမာရေး၊ ပညာရေးနဲ့ လူမှုဖူလုံရေးတွေအတွက် အစိုးရရဲ့ အသုံးစရိတ်တိုးလာလို့ လိုငွေဟာ ဂျီဒီပီရဲ့ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးလာတာကို တွေ့ရတယ်။

> စီးပွားရေးအလားအလာကောင်းတွေ၊ ရလဒ်ကောင်းတွေ ပေါ်ထွက်လာစေဖို့ ဆိုတာဟာ မြန်မာရဲ့ အကန့်အသတ်နဲ့ရှိတဲ့ စွမ်းအားစုတွေကို ဖွံ့ဖြိုးရေးမိတ်ဖက်တွေ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူတွေနဲ့ ပြည်တွင်းပုဂ္ဂလိကကဏ္ဍက တက်တက်ကြွကြွ ဝိုင်းဝန်းဖြည့်ဆည်းကြပြီး လိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေ ကောင်းမွန်ဖို့၊ ဒေသတစ်ခုနဲ့ တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟမှုကို လျှော့ချဖို့၊ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးနိုင်ဖို့ ဘယ်လောက် ငွေကြေးစိုက်ထုတ်ကြသလဲဆိုတဲ့အပေါ် မူတည်နေ

**စီးပွားရေးအလားအလာ**

ကမ္ဘာ့စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကောင်းနေလေတော့ ကိုယ့်နိုင်ငံအတွက်လည်း မျက်နှာသာပေးတဲ့ အခြေအနေမျိုးပါ။ အခုအချိန်အထိတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေက စီးပွားရေးအဆောက်အအုံအပေါ် ဂယက်ရိုက်ခတ်တာမတွေ့ရသေးဘူးလို့ အာရှဖွံ့ဖြိုးရေးဘဏ်က ဆိုပါတယ်။ မြန်မာနိုင်ငံအတွင်းဝင်ရောက်လာတဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကြောင့် ပေါ်ပေါက်လာတဲ့ ဝယ်လိုအားတွေက စီးပွားရေးတိုးတက်မှုဖြစ်စေဖို့ ဆက်လက်အထောက်အပံ့ပေးပါမယ်။ အခု ခြောက်လကြာ ဘတ်ဂျက်မှာ တစ်နှစ်ကို ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မယ်လို့ မျှော်လင့်ထားပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလရောက်ရင် ဘတ်ဂျက်နှစ်အသစ်ကို ပြောင်းလဲကျင့်သုံးတော့မှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ ကုန်ဆုံးမယ့် ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်မှာတော့ ၇ ဒသမ ၂ ရာခိုင်နှုန်း စီးပွားရေးတိုးတက်မှုနှုန်း ရရှိမယ်လို့ တွက်ဆထားတာ တွေ့ရပါတယ်။

ရာသီဥတုကောင်း၊ သီးနှံဈေးနှုန်းကောင်းရင်တော့ စိုက်ပျိုးရေးကဏ္ဍ အလားအလာကောင်းနိုင်ပါတယ်။ စက်မှုလက်မှုကဏ္ဍမှာ နစ်ကေးအဝယ်မန်နေဂျာတွေရဲ့ အညွှန်းကိန်းအရ အခြေခံသတ်မှတ်ချက် ၅၀ ဒသမ သုည ထက်ကျော်ပြီး ၅၂ ဒသမ ၆၀ ဖြစ်နေလို့ အခြေအနေကောင်းမယ့် သဘောပါ။ စက်မှုလက်မှုကဏ္ဍက အခုနှစ်ရော နောင်နှစ်ပါ ဆက်ပြီးအခြေအနေကောင်းမှာပါ။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ သတင်းနည်းပညာဝန်ဆောင်မှု (IT)ကြောင့် ဝန်ဆောင်မှုလုပ်ငန်းတွေလည်း တိုးတက်လာနိုင်ပါတယ်။

စီးပွားရေးတိုးတက်မှုနှုန်း မြန်ဆန်တဲ့နောက်က ငွေဖောင်းပွမှုလည်း လိုက်ပါလာမှာပါ။ နိုင်ငံတကာက ရေနံဈေးနှုန်းတွေတက်မယ့် အလားအလာကိုလည်း တွေ့နေရတယ်။ ဒါကြောင့် အခုနှစ်မှာ ငွေဖောင်းပွမှုနှုန်း ၆ ဒသမ ၂ ရာခိုင်နှုန်းလောက် ဖြစ်သွားပြီး ၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်မှာ ၆ ဒသမ ဝ ရာခိုင်နှုန်းလောက်အထိ ပြန်ကျမယ်လို့ တွက်ဆထားတာတွေ့ရပါတယ်။ ကုန်သွယ်ရေးလိုငွေဟာ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်မှာ ဂျီဒီပီရဲ့ ၅ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်မှာ ၅ ဒသမ ၅ ရာခိုင်နှုန်း ရှိနိုင်တယ်။ နိုင်ငံတကာစီးပွားရေးအလားအလာတွေ ကောင်းမွန်တဲ့အတွက် ပို့ကုန်တိုးတက်မှုနှုန်းမြန်ဆန်ဖို့ အထောက်အကူပြုတယ်။ ဒါပေမယ့် အခြေခံအဆောက်အအုံတွေအတွက် သွင်းကုန်တွေလိုအပ်တာရယ်၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာတာတွေရယ်ကြောင့် သွင်းကုန်တင်သွင်းမှုနှုန်းက အရှိန်ပိုမြန်မယ်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွေကို အကောင်အထည်ဖော်ဖို့ ပြည်သူ့အသုံးစရိတ်တွေကို တိုးသုံးရမှာဖြစ်တဲ့အတွက် နောက် နှစ်နှစ်လောက် ဘတ်ဂျက်လိုငွေဟာ ဂျီဒီပီရဲ့ လေးရာခိုင်နှုန်းလောက်မှာ ရှိနေမယ်။ ဘဏ္ဍာတော်ကောက်ခံရရှိမှု ပိုကောင်းလာပေမယ့် ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်က စိုက်ထုတ်ကျခံရတာကို ထပ်လျှော့ချဖို့လိုတယ်။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုတွေပိုပြီး အားကောင်းဖို့လိုတယ်လို့ သုံးသပ်ထားပါတယ်။

စီးပွားရေးအလားအလာကောင်းတွေ၊ ရလဒ်ကောင်းတွေ ပေါ်ထွက်လာစေဖို့ဆိုတာဟာ မြန်မာရဲ့ အကန့်အသတ်နဲ့ရှိတဲ့ စွမ်းအားစုတွေကို ဖွံ့ဖြိုးရေးမိတ်ဖက်တွေ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူတွေနဲ့ ပြည်တွင်းပုဂ္ဂလိကကဏ္ဍက တက်တက်ကြွကြွ ဝိုင်းဝန်းဖြည့်ဆည်းကြပြီး လိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေကောင်းမွန်ဖို့၊ ဒေသတစ်ခုနဲ့ တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟမှုကို လျှော့ချဖို့၊ ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးနိုင်ဖို့ ဘယ်လောက် ငွေကြေးစိုက်ထုတ်ကြသလဲဆိုတဲ့အပေါ် မူတည်တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်က ဆိုပါတယ်။

အခုလိုဖြစ်ဖို့ဆိုရင် စီးပွားရေးလုပ်ငန်းတွေ လုပ်သာကိုင်သာရှိတဲ့ ပတ်ဝန်းကျင်တစ်ခုဖြစ်ပေါ်လာဖို့ တရားရေး၊ ဥပဒေရေး၊ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ အပါအဝင်ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ လိုအပ်တယ်လို့ ထောက်ပြထားပါတယ်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ သိသာထင်ရှားတဲ့ တိုးတက်မှုမရှိသေးရင်တော့ မျှော်မှန်းတဲ့ တိုးတက်မှုတွေ မရနိုင်ပါဘူး။ အရင်းအနှီးဈေးကွက် ပိုမိုပီပြင်နက်ရှိုင်းလာဖို့ ဘဏ်တွေကို ပိုပြီးကြပ်မတ်နိုင်ဖို့တွေ စတင်ပြီး လုပ်ဆောင်နေပေမယ့် စီးပွားရေး၊ လူမှုရေးနဲ့ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ဖို့ လိုသေးတယ်လို့ ထောက်ပြထားပါတယ်။

မူဝါဒရေးရာစိန်ခေါ်မှု၊ တိုးတက်မှုကို အထောက်အကူပြုမယ့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စဉ်ဆက်မပြတ်ရရှိရေး အစပိုင်းမှာပြောခဲ့တဲ့အတိုင်းပါပဲ။ အာရှဖွံ့ဖြိုးရေးဘဏ်က နှစ်ရှည်လများ ဆက်တိုက် သာမန်စာရင်းလိုငွေပြနေတာကို ဖြည့်ဆည်းပေးဖို့နဲ့ စီးပွားရေးတိုးတက်မှုကို အထောက်အကူပေးဖို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုပဲ ကာလလတ်မှာ အားကိုးအားထားလုပ်ရမယ်လို့ မြင်တယ်။ အချိန်ကာလတစ်ခုအထိ ပို့ကုန်တိုးတက်မှုနှုန်းထက်၊ သွင်းကုန်တိုးတက်မှုနှုန်းက ဆက်တိုက်မြန်နေဦးမှာဆိုတော့ ကုန်သွယ်ရေးလိုငွေကတော့ ဆက်များနေဦးမှာပါ။ အပြင်ရောက်နေတဲ့ မြန်မာနိုင်ငံသားတွေက ပြန်ပို့တဲ့ငွေတွေနဲ့ ဖွံ့ဖြိုးရေးအကူအညီတွေဟာ အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်ပေမယ့် ကုန်သွယ်ရေးလိုငွေလျော့ရုံလောက်ပဲလုပ်နိုင်ပြီး သာမန်စာရင်းလိုငွေကို လျော့ပါးအောင် လုပ်နိုင်မှာမဟုတ်ဘူး။ အဲဒီသာမန်စာရင်းလိုငွေကို အမြဲတမ်းဖြည့်ဆည်းနေရဦးမယ်။ အရင်းအနှီးဈေးကွက်ကလည်း သိပ်ပြီးဖွံ့ဖြိုးသေးတာမဟုတ်လေတော့ အချိန်တိုအတွင်း စတော့ရှယ်ယာဝယ်ယူမြှုပ်နှံကြတာမျိုးတွေ များများစားစားဝင်ရောက်လုပ်ကိုင်ကြစရာအကြောင်း သိပ်မရှိသေးဘူး။ ဒါကြောင့် သာမန်စာရင်းလိုငွေကို ဖြည့်ဆည်းဖို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုပဲ အားကိုးနေရဦးမယ့် သဘောရှိတယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်က သုံးသပ်တယ်။ မြန်မာမှာ အလုပ်လုပ်မယ့် အရွယ်ကောင်းတွေ အများကြီးရှိနေလေတော့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ လုပ်သားအများကြီးအသုံးပြုရပြီး ပို့ကုန်တွေ ထုတ်လုပ်နိုင်စွမ်းရှိလာစေဖို့ အကူအညီပေးနိုင်တယ်။

မကြာမီနှစ်တွေတုန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်ဖို့ ဖြေလျှော့တဲ့မူဝါဒတွေကို မြန်မာနိုင်ငံက ကျင့်သုံးခဲ့ပါတယ်။

**စာမျက်နှာ ၇ သို့** ❖

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လာဘ်ပေး၊ လာဘ်ယူနှင့် ကျွန်တော်

**တက္ကသိုလ် မောင်မြင့်သိန်း**

လာဘ်ပေး၊ လာဘ်ယူ ဆိုတာ ခြစားမှု၊ အဂတိလိုက်စားမှု၊ ကောင်းမွန်စွာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းကို ဖျက်လိုဖျက်ဆီးပြုလုပ်မှုတို့ ဖြစ်ပါတယ်။ လာဘ်ပေး၊ လာဘ်ယူ များပြားတဲ့နိုင်ငံတွေဟာ တိုးတက်မှုနှုန်း လျော့နည်းပြီး လာဘ်ပေး၊ လာဘ်ယူကို နှိမ်နင်းတဲ့ နိုင်ငံတွေဟာ တိုးတက်ပြီး ဖွံ့ဖြိုးမှုကောင်းမွန်တတ်ကြပါတယ်။ တချို့နိုင်ငံတွေဟာ မျက်နှာမလိုက်ဘဲ လာဘ်ပေး၊ လာဘ်ယူတွေ နှိမ်နင်းနေတာ တွေ့ရပါတယ်။ အိမ်နီးချင်း တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတွေဟာ လာဘ်ပေး၊ လာဘ်ယူမှု အထိုက်အလျောက် နှိမ်နင်းနိုင်ကြသော်လည်း မနှိမ်နင်းနိုင်တဲ့ နိုင်ငံတွေလည်း ရှိကြပါတယ်။ ဥရောပ၊ အမေရိကန်နိုင်ငံတွေမှာလည်း လာဘ်ပေး၊ လာဘ်ယူမှုတွေ ရှိနေကြပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ လာဘ်ပေး၊ လာဘ်ယူ ဘယ်ကစလဲမေးရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်က စခဲ့တယ်လို့ ပြောရပါလိမ့်မယ်။ နယ်ချဲ့တွေ မြန်မာနိုင်ငံက ဆုတ်ခွာခါနီး ၁၉၄၇-၁၉၄၈ ခုနှစ်က ပြည်မြို့ အစိုးရအထက်တန်းကျောင်းမှာ ကျွန်တော်ဟာ လေးတန်းအောင်ပြီး ငါးတန်းတက်မယ့် ကျောင်းသားဖြစ်နေပြီး ကျွန်တော့်ဖခင်က ပြည်မြို့နယ်ရဲ့မြေစာရင်းအရာရှိ တစ်ဦးဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ငယ်ငယ် ဝန်ထမ်းသားသမီးချင်း အိမ်ချင်းကပ်နေကြလို့ ဝန်ထမ်းတချို့ရဲ့ သတင်းတွေ ကြားကြရပါတယ်။ ၁၉၄၇-၁၉၄၈ ခုနှစ်တွေကဆိုရင် ခရိုင်အရာရှိတွေဖြစ်တဲ့ ခရိုင်ဝန်၊ အရေးပိုင်၊ ခရိုင်ရဲဝန်၊ လမ်းအရေးပိုင်၊ ခရိုင်လယ်ဝန်တို့ဟာ အားလုံး လိုလို အင်္ဂလိပ်အရာရှိတွေ ဖြစ်ကြပါတယ်။ ၁၉၄၉-၁၉၅၀ ပြည့်နှစ် ခန့်ကျတော့ သူတို့ ဘိလပ်ပြန်သွားကြပါတယ်။ အဲဒီအချိန်ရောက်မှ မြန်မာတိုင်းရင်းသားအရာရှိတွေဟာ သူတို့မျက်နှာဖြူ လာဘ်စားသွားတာက အံ့သြကုန်နိုင်ဖွယ် ဖြစ်ကြောင်း သိကြရပါတော့တယ်။

ကျွန်တော့်ဖခင်က ၁၉၄၈ ခုနှစ် ပြည်မြို့မှာ တာဝန်ထမ်းဆောင်ပြီး ၁၉၅၇ ခုနှစ်ရောက်တော့ မုံရွာခရိုင်လယ်ဝန်ကြီး ဖြစ်လာခဲ့ပါတယ်။ မှတ်မှတ်ရရ ရုပ်ရှင်သရုပ်ဆောင် စိုးသူအမေ မခင်မာလာ (အဲဒီအချိန်က ၁၀ တန်းကျောင်းသူ) ရဲ့ ဖခင် ဦးအုံးဖေနဲ့ နေရာချင်းလဲခဲ့ကြခြင်း ဖြစ်ပါတယ်။ ကျွန်တော့်ဖခင် ဦးလှတင် မုံရွာခရိုင်လယ်ဝန်ဖြစ်လာပြီး ခင်မာလာရဲ့ဖခင် ဦးအုံးဖေက မုံရွာကနေ ရမည်းသင်းခရိုင်လယ်ဝန် ဖြစ်သွားခဲ့ပါတယ်။

ကျွန်တော့်ဖခင် မုံရွာခရိုင်လယ်ဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ် နှစ်နှစ်ခန့်အကြာမှာတော့ တနင်္ဂနွေနေ့ တစ်နေ့မှာ ဆန်စက်ပိုင်ရှင်တစ်ဦး ကျွန်တော်တို့အိမ်ရောက်ရှိလာပြီး မုံရွာနဲ့ ငါးမိုင်ဝေးတဲ့ အလုံရွာမှာရှိနေတဲ့ သူပိုင်ဆန်စက်မြေကို တစ်ဖက်ခြံ သစ်စက်ပိုင်က သူ့မြေပေါ်မှ ငါးပေခန့် အလျား ပေ ၃၀၀ မြေကိုယူပြီး ခြံပြင်ခတ်လို့ ဖြေရှင်းပေးဖို့အကြောင်း လယ်ဝန်ကြီးကိုယ်တိုင် လာရောက်ပြီး မြေပြန်တိုင်းပေးစေလိုကြောင်း တင်ပြပါတယ်။ ကျွန်တော့်ဖခင်က လယ်ဝန်ရုံး(အမှုတွဲတိုက်ထဲ၌ မြို့မြေ၊ မြေပုံနှင့် မြေရာဇဝင်များ ရှိပါသည်)က ပြန်တိုင်းပြီး မှန်ကန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့မြေတိုင်းစာရေးကြီး လွှတ်ပေးမယ်ပြောပြီး အိမ်ပေါ်တက်သွားပါတယ်။

> **“နိုင်ငံမတိုးတက်တာ၊ ဆင်းရဲသွားတာ ခရိုနီကြောင့်လိုလို၊ အကျင့်ပျက်ဝန်ထမ်းကြောင့်လိုလို ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချ လုပ်နေမယ့်အစား နိုင်ငံတိုးတက်ဖို့အတွက် ဘယ်သူ့မျက်နှာမှ မထောက်ထားဘဲ လက်ညှိုး မကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မ ထိုက်သင့်တဲ့ ပြစ်ဒဏ်တွေနဲ့ ဖယ်ရှားရှင်းလင်းရမှာ အမှန်ပါ”**

အဲဒီအချိန်မှာ ကျွန်တော်နဲ့ ဆန်စက်သူဌေး နှစ်ဦးသာရှိရာ သူဌေးက ကျွန်တော့်အိတ်ကပ်ထဲ စာအိတ်တစ်အိတ် ထည့်ပြီး လယ်ဝန်ကြီးကို ကန်တော့တာပါဟု ပြောပြောဆိုဆို ကားမောင်းထွက်သွားပါတယ်။ ကျွန်တော်က ဖခင်ထံ စာအိတ်ပေးလိုက်ရာ ဖခင်က စာအိတ်ဖွင့်ကြည့်ပြီး ငွေကျပ် ၃၀၀၀ ဖြစ်နေလို့ အိမ်နောက်ဖေးတန်းလျားမှာနေတဲ့ ရုံးအကူကို ပြန်ပို့ခိုင်းလိုက်တာ မှတ်မိနေပါတယ်။ (အဲဒီအချိန်က ဂျစ်ကားတစ်စီးရဲ့တန်ဖိုးမှာ ကျပ် ၁၀၀၀ သာဖြစ်ပါတယ်)

ယခု နိုင်ငံတွင်း လာဘ်ပေး၊ လာဘ်ယူမှုတွေကို ထိထိရောက်ရောက်ကိုင်တွယ်လာတာ တွေ့ရပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးကအစ အရာရှိ၊ အရာခံ၊ အမှုထမ်းအဆုံး သတိပြုကြရတော့မှာ ဖြစ်ပါတယ်။

နိုင်ငံမတိုးတက်တာ၊ ဆင်းရဲသွားတာ ခရိုနီကြောင့်လိုလို၊ အကျင့်ပျက်ဝန်ထမ်းကြောင့်လိုလို ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချ လုပ်နေမယ့်အစား နိုင်ငံတိုးတက်ဖို့အတွက် ဘယ်သူ့မျက်နှာမှ မထောက်ထားဘဲ လက်ညှိုး မကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မ ထိုက်သင့်တဲ့ ပြစ်ဒဏ်တွေနဲ့ ဖယ်ရှားရှင်းလင်းရမှာ အမှန်ပါပဲခင်ဗျား။ ။

❖ စာမျက်နှာ ၆ မှ

ဒါပေမယ့် နိုင်ငံခြားအရင်းအနှီး ပိုင်ဆိုင်မှုကန့်သတ်ချက်၊ အဆိုပြုချက်တွေ စစ်ဆေးအတည်ပြုတဲ့ လုပ်ငန်းစဉ်နဲ့ နိုင်ငံခြားကို အရင်းအနှီး ပြန်ထုတ်ယူပေးပို့ခွင့်တွေ ပါဝင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စည်းကမ်းထိန်းချုပ်မှု စုပေါင်းအညွှန်းကိန်း (Composite FDI Regulatory Restriceness Index) အရဆိုရင် မြန်မာဟာ အရှေ့တောင်အာရှက အခြားနိုင်ငံတွေထက် ပိုပြီး စည်းကမ်းတင်းကျပ်နေသေးတဲ့သဘောကို တွေ့ရတယ်။ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားတို့ဟာ မြန်မာလောက် မတင်းကျပ်ဘဲ မြန်မာထက် တင်းကျပ်တာဆိုလို့ ဖိလစ်ပိုင်လောက်ပဲ ရှိပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၈ ခုနှစ် စီးပွားရေးလုပ်ငန်းလုပ်လို့ လွယ်ကူမှုစစ်တမ်းအရလည်း နိုင်ငံ ၁၉၀ မှာ ၁၇၁ ချိတ်နေတယ်။ ဆောက်လုပ်ရေးပါမစ်ရဖို့၊ အခွန်ဆောင်ဖို့၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ဖို့တွေမှာတော့ ပိုလွယ်လာတာ မှန်ပါတယ်။ ဒါပေမယ့် ဒီအချက်က မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ထပ်မံဖြေလျှော့ဖို့၊ စီးပွားရေးလုပ်ရတဲ့ ပတ်ဝန်းကျင်ပိုကောင်းလာစေဖို့ လိုအပ်နေသေးတယ်ဆိုတာကို ညွှန်ပြနေပါတယ်။

အားတက်စရာက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ကုမ္ပဏီဥပဒေသစ်ကို ပြဋ္ဌာန်းနိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့ပတ်သက်လို့ ပြုပြင်ပြောင်းလဲမှုတွေ ဆက်လုပ်မယ်လို့ အာမခံချက်တွေပေးထားတာပါ။ အချက်ပေါင်း ၂၃၈ ချက်ပါဝင်တဲ့ မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(မူကြမ်း)ရေးဆွဲဖို့ အစိုးရက ကြိုးပမ်းအားထုတ်ရာမှာလည်း ရင်းနှီးမြှုပ်နှံသူတွေ ပါဝင်သင့်တယ်လို့ အကြံပြုထားတဲ့အတိုင်း ပုဂ္ဂလိကကဏ္ဍနဲ့ ဆွေးနွေးမှုတွေလည်း ပြုလုပ်တယ်လို့သိရတယ်။

ဒီကြိုးပမ်းအားထုတ်မှုတွေအပေါ် အခြေခံပြီး မြန်မာ မူဝါဒချမှတ်သူတွေဟာ ပြုပြင်ပြောင်းလဲရေးတွေကို မြန်မြန်ဆန်ဆန်၊ ထိထိမိမိ အကောင်အထည်ဖော်ဖို့၊ ဒီနည်းနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်စိတ်ချမှုရပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကို လာမယ့်နှစ်တွေမှာ သိသိသာသာဆွဲဆောင်နိုင်မယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်က အကြံပြုထားပါတယ်။ ။

## မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်အဆောက်အအုံ လှူဒါန်း



**နေပြည်တော် မေ ၂၂**

နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၂)ရပ်ကွက် မြို့ဦးဓမ္မာရုံ၌ ၂၀၀၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည့် မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်အား လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်မြတ်ကြီးသို့ လှူဒါန်းသည့် အခမ်းအနားကို မေ ၁၉ ရက်က အဆိုပါစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ထို့နောက် ဖောင်တော်ချက်မစေတီတော်ဂေါပကအဖွဲ့သို့ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်ကော်မတီမှ စာကြည့်တိုက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။ အဆိုပါစာကြည့်တိုက် အဆောက်အအုံအတွက် အလှူရှင် ဗိုလ်မှူးအောင်ကြည်(ငြိမ်း) မိသားစုနှင့် ဦးခင်မောင်ချစ်-ဒေါ်လှလှဗိုလ် မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးကြီးမောင်-ဒေါ်ဆိုင် မိသားစု၊ ဒေါက်တာသန်းထွန်း-ဒေါ်ခင်လှဝင်းမိသားစုတို့က ငွေကျပ် ငါးသိန်းစီနှင့် အခြားအလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ် ၇၅ သိန်းကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်သည် လယ်ဝေးမြို့ သာသနာ့ဗိမာန်အနီးတွင် တည်ရှိကာ ဓမ္မစာပေများ သာမက ဆရာတော်ကြီးများ၏ တရားတော် ဗွီစီဒီ၊ စီဒီချပ်များကိုလည်း မည်သူမဆို ငှားရမ်းနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန်လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသောလက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံး သူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

❂ **ရှေ့ဖုံးမှ**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမတန်းကို သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားကာ စာသင်ခန်းအတွင်း ပုံမှန်စစ်ဆေးမှုပြုလုပ်၍ စစ်ဆေးအကဲဖြတ်သတ်မှတ်ခဲ့ပြီး ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်းများ၏ ကျောင်းတွင်း နှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီလတွင် စစ်ဆေးကျင်းပခဲ့ခြင်းဖြစ်သည်။

အောင်စာရင်းများထွက်ရှိလာမှုကြောင့် မိဘအုပ်ထိန်းသူတစ်ဦးအနေဖြင့် မိမိ၏ သားသမီးများအား လာမည့်ပညာသင်နှစ်တွင် သင်ကြားရမည့် သင်ခန်းစာများကို ကျောင်းမဖွင့်မီ အချိန်ကာလအတွင်း၌ ကြိုတင်လေ့လာသင်ယူစေခြင်းနှင့် အားနည်းသည့် ဘာသာရပ်များကို ပိုမိုအလေးထားကာ ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ပေးသွားမည်ဟု မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားမိခင် ဒေါ်ခင်မိုးမိုးက ပြောသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဒုတိယတန်း၊ တတိယတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်းတို့တွင် ဖြေဆိုသူကျောင်းသားကျောင်းသူများအားလုံးအောင်မြင်ကြပြီး ခရိုင်အဆင့်စစ်ဆေးမှုဖြစ်သော စတုတ္ထတန်းတွင် ကျောင်းသားကျောင်းသူ ၁၀၅၀၀၀ ဖြေဆိုရာ ရာခိုင်နှုန်းပြည့် အောင်မြင်ကြသည်။

အလားတူ တိုင်းဒေသကြီးအဆင့်စစ်ဆေးမှုဖြစ်သော အဋ္ဌမတန်းစာမေးပွဲတွင် ဖြေဆိုသူ ၉၂၅၅၀ အနက် ၉၂၅၃၁ ဦး အောင်မြင်ရာ ၉၉ ဒသမ ၉၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် နဝမတန်းတွင် ဖြေဆိုသူ ၈၉၀၈၁ ဦးအနက် ၈၅၇၄၂ ဦး အောင်မြင်ရာ ၉၆ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း အသီးသီး အောင်မြင်ကြကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အခြေခံပညာအဆင့် ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်းများ အပါအဝင် စာရင်းရှိ ကျောင်းသား ကျောင်းသူဦးရေမှာ မူလတန်းတွင် ၅၈၆၈၈၂ ဦး၊ အလယ်တန်းတွင် ၃၉၃၇၅၇ ဦး၊ နဝမတန်းတွင် ၉၀၂၅၂ ဦးတို့ပညာသင်ကြားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဥမ္မာသန့်**



၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့်အောင်စာရင်းများကို ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ ယနေ့နံနက်ပိုင်းက ထုတ်ပြန်ကြေညာထားရာ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ ကြည့်ရှုနေကြစဉ်။

ဇော်မင်းလတ်



# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာအဆင့် အောင်စာရင်းများ ထုတ်ပြန်

**နေပြည်တော် မေ ၂၂**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာအဆင့် အောင်စာရင်းများကို ယနေ့တွင် ထုတ်ပြန်လိုက်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်း နှစ်ဆုံးစာမေးပွဲကို နေပြည်တော်ကောင်စီနယ်မြေရှိ စာစစ်ဌာန ၂၁၃ ခုတွင် ကျောင်းသား ကျောင်းသူ ၁၇၄၇၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်သူအရေအတွက်မှာ ၁၇၄၇၁ ဦးရှိ၍ အောင်ချက်ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထို့အတူ အခြေခံပညာ မူလတန်းအဆင့် စတုတ္ထတန်းနှစ်ဆုံးစာမေးပွဲကို နေပြည်တော်ကောင်စီနယ်မြေရှိ စာစစ်ဌာန ၇၇၀ တွင် ကျောင်းသား ကျောင်းသူ ၂၂၅၅၀ ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်သူ အရေအတွက်မှာ ၂၂၅၅၀ ရှိ၍ အောင်ချက်ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ထိုသို့ အောင်ချက်ရာခိုင်နှုန်းပြည့် အောင်မြင်ရခြင်းသည် အခြေခံပညာအဆင့်၌ အတန်းတွင်း လစဉ်စာမေးပွဲများ ကျင်းပကာ ကျောင်းသား ကျောင်းသူများ၏ အတန်းဆုံးစာမေးပွဲများကို အခက်အခဲမရှိ ဖြေဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာအဆင့် အောင်စာရင်းများ ထုတ်ပြန်ကြေညာ

**ဝါးခယ်မ မေ ၂၂**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့် အောင်စာရင်းများကို ယနေ့ နံနက်တွင် သက်ဆိုင်ရာကျောင်းအသီးသီး၌ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အခြေခံပညာမူလတန်း(စတုတ္ထတန်း)နှင့် အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း)စာမေးပွဲများ အပါအဝင် အခြေခံပညာအတန်းအသီးသီးအတွက် စာမေးပွဲများကို ဖေဖော်ဝါရီလအတွင်း စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ဝါးခယ်မမြို့နယ်အတွင်း စတုတ္ထတန်းစာမေးပွဲကို ၆၂၂၂ ဦးနှင့် အဋ္ဌမတန်းစာမေးပွဲကို ၃၅၇၂ ဦး ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ကျောင်းအသီးသီး၌ ထုတ်ပြန်ကြေညာထားသော အောင်စာရင်းများကို အထက(၁)၊ အထက(၂) အပါအဝင် ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများက စိတ်ပါဝင်စားစွာ ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

အလားတူ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံပညာနဝမတန်း(ပြင်ပဖြေ) စာမေးပွဲများကို ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ စတင်ကာ မေ ၁၀ ရက်အတွင်း သက်ဆိုင်ရာခရိုင်အလိုက် စစ်ဆေးသွားမည်ဖြစ်ပြီး စာမေးပွဲအောင်စာရင်းကို မေ ၂၃ ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**





၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာအဆင့် အောင်စာရင်းများကို ယနေ့နံနက်ပိုင်းက အခြေခံပညာကျောင်းများ၌ ထုတ်ပြန်ကြေညာထားရာ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုကြစဉ်။

ခင်မောင်ဝင်း(ကြေးမုံ)

## ကျောင်းမှန်မှန်တက် စာမခက်

# ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့်အဖွဲ့ မောင်တောဒေသ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာကိစ္စရပ်များ ကွင်းဆင်းကြည့်ရှု





**မောင်တော မေ ၂၂**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမှ အငူမော်-မောင်တောလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် မောင်တောမြို့သို့ ရောက်ရှိပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောဒေသ ပြန်လည်တည်ဆောက်ရေးကုမ္ပဏီများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တော-တောင်ပြိုလက်ဝဲမြို့ ကားလမ်းပေါ်ရှိ ပြူးမချောင်းနေရာနှင့် ငါးခူရ-ကြိမ်ချောင်း- တောင်ပြိုလက်ဝဲ- ကြိမ်ချောင်း- ဗန္ဓုလလမ်းအား ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ငါးခူရလက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းရှင်းလင်းဆောင်တွင် သိရှိလိုသည်များအား မေးမြန်းကြရာ စခန်းတာဝန်ရှိသူအဆင့်ဆင့်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လှုဖိုးခေါင် ပြန်လည်နေရာချထားရေးစခန်းသို့ရောက်ရှိကြပြီး စခန်းအဝင်လမ်းဆောင်ရွက်ရေး၊ အဆောက်အအုံများ ခိုင်ခံ့စေရေး၊ စခန်းအတွင်း လမ်းဘေး ဝဲ၊ ယာ ရေမြောင်းနှင့် Box Culvert များ ပြန်လည်ပြုပြင်ရေး၊ မိုးရာသီရေမမြုပ်စေရေး ၊ မြစ်ရေမဝင်ရန်နှင့် မြစ်ရေတားဆီးရန်၊ တာတမံနှင့် ဆက်စပ်အဆောက်အအုံများဆောက်လုပ်ရေး စသည့်လုပ်ငန်းအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လုပ်ငန်းကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# UEHRD ၏ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ် ဆဋ္ဌမအကြိမ် လုပ်ငန်းခွင်အကြိုသင်တန်း ဖွင့်လှစ်



**ရန်ကုန် မေ ၂၂**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း (UEHRD)၏ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ် ဆဋ္ဌမအကြိမ် လုပ်ငန်းခွင်အကြိုသင်တန်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများ၊ Online မှ လျှောက်ထားသည့် စေတနာ့ဝန်ထမ်းလူငယ်များ၊ ပြဟ္မစိုရ်အသင်း၊ HCYT အဖွဲ့နှင့် လူရည်ချွန်အဖွဲ့ (ရခိုင်ပြည်နယ်) တို့မှ စေတနာ့ဝန်ထမ်း လူငယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေက ယခုကဲ့သို့ UEHRD စေတနာ့ဝန်ထမ်းလူငယ် အစီအစဉ် လုပ်ငန်းခွင်အကြိုသင်တန်း သုံးရက်တာ ကျင်းပရခြင်းသည် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခတွေ့ကြုံခံစားရသော ဒေသများတွင် နေထိုင်သူများအား အခြေခံစားရေရိက္ခာများ ထောက်ပံ့ခြင်း၊ စာရင်းဇယားများ ကောက်ယူခြင်း စသောလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထားရှိရမည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေခံစည်းမျဉ်းများ၊ ထားရှိရမည့် စိတ်သဘောထားများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများအား သိရှိနားလည် သဘောပေါက်စေရန် ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ယခုသင်တန်းနှင့် ဆက်လက်ဆောင်ရွက်မည့် ထောက်ပံ့ရေးကွင်းဆင်းခရီးစဉ်မှရရှိသော အတွေ့အကြုံကောင်းများ၊ ပညာဗဟုသုတများကို မိမိတို့ဘဝတိုးတက်ရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးရှိစွာ အသုံးပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆဋ္ဌမအကြိမ်မြောက် စေတနာ့ဝန်ထမ်း ခရီးစဉ်တွင်လည်း လူငယ်အချင်းချင်း တစ်ဦးကိုတစ်ဦး မောင်ရင်းနှမသဖွယ် ချစ်ခင်စည်းလုံးစွာဖြင့် ဝိုင်းဝန်းစောင့်ရှောက်ကူညီကြရန် လိုအပ်ကြောင်းနှင့် ရက်ရှည်ခရီးစဉ်ဖြစ်သည့်အတွက် ကျန်းမာရေးအထူးဂရုစိုက်ကြရန်နှင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စုပေါင်းဆောင်ရွက်တတ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အဆိုပါ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းခွင်အကြိုသင်တန်းကို မေ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပြီးမြောက်ချိန်တွင် ရခိုင်ပြည်နယ်ရှိ မောင်တောဒေသတွင် လူသားချင်းစာနာထောက်ပံ့မှု အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာမူခများထုတ်ယူနိုင်

ကြေးမုံသတင်းစာတွင် နေ့စဉ်ဖော်ပြပါရှိသော သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထု စာမူတို့အတွက် စာမူခချီးမြှင့်ငွေများကို သတင်းစာတွင် ဖော်ပြပါရှိပြီး နောက်ရက်များတွင် စာမူရှင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၅၂ လမ်းထောင့်၊ အမှတ်(၇၇) ကြေးမုံသတင်းစာတိုက်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။ စာမူများပေးပို့ရာတွင် အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များပါ ထည့်သွင်းရေးသားပေးပါရန်နှင့် လူကိုယ်တိုင်မလာရောက်နိုင်သူများအား သတင်းစာတိုက်မှ ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**စာတည်းအဖွဲ့**

**✻ စစ်တွေမှ**

ငှားရမ်းခကလည်း အစိုးရအနေနဲ့ ၂၀၀၀၀၊ ၃၀၀၀၀ ကြားထဲမှာပဲ ငှားရမ်းပေးနိုင်ဖို့ စီစဉ်ထားပါတယ်၊ စည်းကမ်းချက်တွေက လျှောက်လွှာမှာပါပါတယ်၊ အိမ်ရာဝယ်ယူနိုင်မှုမရှိရဘူး၊ သူတို့ရဲ့ ဝင်ငွေတွေပြရမယ်၊ တခြားနေရာမှာ ငှားရမ်းနေထိုင်သူဖြစ်ရမယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

“တန်ဖိုးနည်းအိမ်ရာကတော့ ဒီအစိုးရလက်ထက်မှာ မြေတန်ဖိုးကို အစိုးရက ခံပါတယ်၊ ဒါ့အပြင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာဖြစ်တဲ့ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ထရန်စဖော်မာတွေကို အစိုးရက လုပ်ပေးပါတယ်၊ အစိုးရက အဆောက်အအုံဆောက်လုပ်တဲ့ ကုန်ကျစရိတ် တန်ဖိုးလောက်ပဲ ယူတဲ့အခါကျတော့ တော်တော်နည်းတယ်လို့ ပြောလို့ရပါတယ်၊ ခြောက်ခန်းတွဲ သုံးထပ်လေးလုံး တည်ဆောက်ပြီးပါပြီ၊ အခန်းက ၇၂ ခန်း ဖြစ်ပါတယ်၊ မြေညီထပ်ဆိုရင် သိန်း ၂၂၀၊ အပေါ်ဆုံးထပ်ဆိုရင် သိန်း ၁၆၀ သတ်မှတ်ထားပါတယ်၊ လျှောက်လွှာတွေ လက်ခံရရှိပြီးဖြစ်ပါတယ်၊ နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်း၊ ပြည်သူလူထုဆိုပြီး လျှောက်လွှာသုံးမျိုးနဲ့ ခေါ်ယူထားပြီး စိစစ်ပြီးပါပြီ၊ ငွေသွင်းတဲ့စနစ်ကိုလည်း ဘဏ်တွေနဲ့ချိတ်ဆက်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ငွေကျတော့ တစ်လုံးတစ်ခဲတည်းသွင်းနိုင်သူက သွင်းပေါ့၊ မသွင်းနိုင်တဲ့သူကျတော့ တိုက်ခန်းရဲ့ ၃၀ ရာခိုင်နှုန်းကို သွင်းရပါမယ်၊ ကျန်တဲ့ငွေတွေကို ဘဏ်က နေတစ်ဆင့် ရှစ်နှစ် သို့မဟုတ် ၁၂ နှစ်အတွင်းမှာ အရစ်ကျပေးသွင်းရမှာ ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်သူများ၊ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်မှ ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ-နိုင်လင်း**



ဦးရွှေဝင်း (ညွှန်ကြားရေးမှူး)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မြန်မာနှစ်သစ်ကူးမိန့်ခွန်းကို ကြိုဆိုထောက်ခံသည့်ဆိုင်းဘုတ်တင်အခမ်းအနား ပဲခူးမြို့၌ ကျင်းပ

**ပဲခူး မေ ၂၂**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းအနောက်ဘက်ထိပ် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုအနီး ရန်ကုန်-မန္တလေး ကားလမ်းဘေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့်အထွေထွေ ရောဂါကုဆေးရုံကြီးလမ်းထောင့်တွင် ယနေ့ နံနက် ၇ နာရီခွဲက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏မြန်မာ နှစ်သစ်ကူးမိန့်ခွန်းကို ကြိုဆိုထောက်ခံသည့်ဆိုင်းဘုတ် တင်အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မြန်မာ နှစ်သစ်ကူးမိန့်ခွန်းကို ကြိုဆိုထောက်ခံသည့် ဆိုင်းဘုတ် အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဗဟိုအမျိုးသမီးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်မေဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးအောင်စိုးနှင့် ပဲခူးတိုင်းဒေသကြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဒန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မြန်မာနှစ်သစ်ကူး မိန့်ခွန်းကို ကြိုဆိုထောက်ခံသည့်ဆိုင်းဘုတ်တင် အခမ်း အနားကို ပဲခူးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ဦးဆောင်၍ပြုလုပ်ခြင်းဖြစ်ပြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စား လှယ်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ၊ တိုင်း၊ခရိုင်၊ မြို့နယ်များမှ ပါတီဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင် အဖွဲ့များ၊ ပါတီဝင်များ တက်ရောက်ကြကြောင်း သိရ သည်။

**တင်စိုး(ပဲခူး)**



# လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူလူထု၊ ဌာနဆိုင်ရာများ တွေ့ဆုံပွဲ ကျင်းပ




**နတ်တလင်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရွှေလင်းခန်းမ၌ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတသစ် ဦးဝင်းမြင့်အား ကြိုဆိုသောအားဖြင့် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်လွှတ်တော်ကိုယ်စား လှယ်၊ ပြည်သူလူထု၊ ဌာနဆိုင်ရာ များ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ သည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်အေးက နိုင်ငံတော်သမ္မတသစ် ဦးဝင်းမြင့်အား ကြိုဆိုသောအားဖြင့် တွေ့ဆုံပွဲပြုလုပ်ရခြင်း၏ ရည်ရွယ် ချက်ကိုလည်းကောင်း၊ နိုင်ငံရေးသည် လူတိုင်းနှင့်သက်ဆိုင်ပြီး လူတိုင်း နိုင်ငံ ရေးသတိရှိရန်၊ လေ့လာရန်၊ နိုးကြားမှုရှိ ရန်၊ စိတ်ဝင်စားရန် လိုအပ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နှင့် လွှတ်တော်အတွင်းဆောင်ရွက် နေမှုအခြေအနေများကို လည်းကောင်း၊ ပြည်သူ့အသံနားထောင်ပြီး ပြည်သူ့ အကျိုးကို တတ်စွမ်းသမျှဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင် သိန်း(နတ်တလင်း၊ဇီးကုန်း၊ကြို့ပင် ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်၁၂) မှ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်ဟူ၍လွှတ်တော်နှစ်ရပ်ရှိ ပြီး မိမိအနေဖြင့် ဥပဒေကြမ်း ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ခေတ်အဆက်ဆက်ရွေး ကောက်ပွဲများ ကျင်းပနေမှုအခြေအနေ များကို လည်းကောင်း၊ ပြည်သူ လူထု၏နိုးကြားမှုသည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏အားဖြစ်ပါ ကြောင်း ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး(၁)နှင့်(၂) လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် ဦးကျော်ကျော်နိုင်တို့က ကိုယ်စား လှယ်တစ်ဦး၏မြို့နယ်အဆင့်၊တိုင်း အဆင့်ဆောင်ရွက်ရသည့်လုပ်ငန်း တာဝန်များအကြောင်းနှင့်ပြည်သူ ဘက်ကလည်း ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အသီးသီး ပြောကြားကြသည်။

ဆက်လက်၍တွေ့ဆုံပွဲသို့ တက် ရောက်လာကြသည့် မြို့နယ်အတွင်းမှ ပြည်သူများက ဒေသအလိုက် လိုအပ်ချက်များတင်ပြရာ ကျန်းမာရေး ကဏ္ဍနှင့်ပတ်သက်၍ နတ်တလင်း ပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀) ဆံ့ဆေးရုံသို့ အဆင့်တိုး မြှင့်ဆောင်ရွက်ပေးနိုင်ရေး၊ ဆေးရုံ အထောက်အကူပြုကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းပေးရန်၊ စိုက် ဘဏ်ချေးငွေပြန်လည်ပေးဆပ်ရေး နှင့်ပတ်သက်၍ ဆပ်/ထုတ်ဆောင် ရွက်ပေးရေး၊လယ်ယာမြေကိစ္စနှင့်ပတ် သက်၍ မြေသိမ်းဥပဒေကိစ္စ၊ လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ(၇)ကိစ္စ၊ ကျေးလက်ဆေးပေးခန်းရရှိနိုင်ရေး ဆောင်ရွက်ပေးရန်၊ ကျေးလက် ဒေသများတွင် လိုအပ်နေသည့် လမ်းတံတားပြုပြင်ရန်၊ စည်ပင် သာယာရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် သိန်း ၁၀၀၀ နှင့် ပတ်သက်၍ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာအုပ်စုများသို့ ခွဲဝေပေးအပ်မှု ကိစ္စ၊ ရေမြောင်းများပိတ်ဆို့နေမှုကို မိုးမကျမီ သက်ဆိုင်ရာမှ ဆောင်ရွက် ပေးနိုင်ရေးကိစ္စ၊ မှတ်ပုံတင်ပြုလုပ်ရာ တွင် ပြည်သူများအခက်အခဲရှိနေမှုများ စသည့်လိုအပ်ချက်များကိုအသီးသီး တင်ပြကြသည်။

တင်ပြမှုများအပေါ် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက် ဆိုင်ရာကဏ္ဍအလိုက် အသီးသီးပြန် လည်ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဦးအောင်သိန်းနှင့် လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့က တက်ရောက်လာသူများ၏တင်ပြမှုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့၏ ပြန်လည် ရှင်းလင်းပြောကြားမှုများအပေါ် လိုအပ် သည့်အချက်များအား ထပ်မံရှင်းလင်း ပြောကြားကြသည်။

တွေ့ဆုံပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ စည်ပင်သာယာရေး ဦးဆောင်အရာရှိ ဦးစန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ NLD ပါတီ၊ ကော်မတီ၊ရပ်ကွက်ကျေးရွာ ပါတီဝင်များ၊ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြ ကြောင်း သိရသည်။ **ဝ၇၁**

### ❖ လပွတ္တာမှ

ရွှေးမြစ်နှင့် ပြာမလော့မြစ်ကြား ရေငန်တားတာဖို့ခြင်း လုပ်ငန်းတွင် ကျွန်းအပိုင်း ငါးပိုင်းရှိပြီး စီမံကိန်းဆောင် ရွက်ရာတွင် ကျွန်းအပိုင်း ၁ တွင် ၁(က)၊၁ (ခ)၊ ၁(ဂ)၊ ၁(ဃ) ဟူ၍လည်းကောင်း၊ ကျွန်းပိုင်း ၂ တွင် ၂(က) နှင့် ၂(ခ) ဟူ၍ လည်းကောင်း ၊အပိုင်း ၃/၄/၅ ဟူ၍ လည်းကောင်း အပိုင်း (၁) မှ(၅)အထိ အပိုင်း ငါးပိုင်းခွဲကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရေငန်တားတာများ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်းအပိုင်း ငါးပိုင်းမှာ ၂(က)ကတော့ ၂၀၁၇-၂၀၁၈ မှာ တာပေါင်ဖို့တာ ရာခိုင်နှုန်းပြည့် ပြီးစီးမှာ ဖြစ်တဲ့အတွက် လယ်မြေဧက ၇၅၀၀ ကို ရေငန်ကာကွယ် ပြီးတော့ လယ်စပါးစိုက်ဧကတွေ တိုးချဲ့ပြီးတော့ စိုက်ပျိုး နိုင်ခဲ့တာဖြစ်ပါတယ်၊ ရန်ပုံငွေရရှိတဲ့အပေါ်မှာ မူတည်ပြီး ကျန်တဲ့ ကျွန်းပိုင်းတွေကို အပိုင်းလိုက် ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့်ရေ အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မိုး ကျော်က ပြောသည်။

ထို့အပြင် ကျွန်းအပိုင်း ၂ (က)ပေါ်တွင် ရေတံခါး စုစုပေါင်း (၅)လုံး ဆောင်ရွက်ရမည်ဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ရေတံခါး အားလုံးဆောင်ရွက်ပြီးစီး ခဲ့ပြီဖြစ်သဖြင့် နွေစပါးလယ်မြေဧက ၂၅၀၀ ခန့်ကို ရေ ချိုသွင်းပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

လပွတ္တာမြို့နယ် ကန်ဘက်အုပ်စု ရွှေမိတ်ကျေးရွာမှ လယ်သမား ကိုလင်းလင်းက "ရွှေမိတ်ရေတံခါးမပိတ်ခင်က စပါးစိုက်ရင် ပိုးလည်းသိပ်ကျတာ၊ ရေငန်အမြဲထိုးတော့ မိုးတစ်သီးပဲ စိုက်ခဲ့တာ၊ အခု မိုးစပါး၊နွေစပါးနှစ်သီးစိုက် တယ်၊ အခုဆို ပိုးလည်းမကျတော့ဘူး၊ စီးပွားရေးအဆင်ပြေ ပါတယ်"ဟု ပြောသည်။

အဆိုပါ လပွတ္တာမြို့နယ်တွင် ဆောင်ရွက်ဆဲ ဖြစ် သည့် ရွှေးမြစ်နှင့်ပြာမလော့မြစ်ကြားတွင် တည်ဆောက် နေသည့် ရေငန်တား တာများ တည်ဆောက်ပြီးစီးသွားပါက စီမံကိန်း၏ ရည်မှန်းချက်ဖြစ်သည့် လယ်မြေဧက ၄၅၀၀၀ ကို ရေငန်ကာကွယ်ပြီး ရေချိုရရှိအောင်ဆောင်ရွက်ပေး နိုင်မည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးနိုင်သည့် လယ်မြေဧရိယာ များ တိုးတက်များပြားလာမည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လပွတ္တာမြို့နယ်အတွင်း ရေငန်တားတာများ တည်ဆောက် ပေးခြင်းဖြင့် ဒေသတစ်ခုနှင့်တစ်ခု သွားလာရေး၊ ဆက် သွယ်ရေး တိုးတက်လာပြီး ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေး ကိစ္စများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ရေငန်ကာကွယ်ပေးနိုင်သည့် နေရာများတွင် နွေစပါးစိုက် နိုင်ပြီး တခြားသီးနှံများလည်း တိုးချဲ့စိုက်ပျိုးလာနိုင်သည့် အတွက် လူနေမှုဘဝများလည်း အဆင့်အတန်း မြင့်လာ မည်ဖြစ်သည်။

တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိ ဦးတင်မိုးကျော် က "ဒေသခံတောင်သူတွေက နှစ်သီးကနေ သုံးသီးစိုက်လာ နိုင်ရင်၊ ဒေသမှာ စက်မှုလယ်ယာလည်းဖြစ်လာမယ်ဆိုရင် ဒီဒေသရဲ့ဖွံ့ဖြိုးမှုက မြန်ဆန်လာမယ်၊ ဆည်မြောင်းဌာနရဲ့ လုပ်ငန်းတွေ အားလုံးလည်း သဘာဝတရားကို အန်တုပြီး လုပ်ရတာဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး ဂေဟစနစ်တွေ မပျက်စီးအောင် ဆောင်ရွက်တယ်၊ ပြည်သူလူထုပိုက်ဆံနဲ့ ဆောက်တဲ့စီမံကိန်းတွေဟာ ပြည်သူတွေကို အကျိုးပြုတယ် လို့ ပြန်ကြားရရင် ကျွန်တော်တို့ဌာနအနေနဲ့ ဝမ်းသာမိပါ တယ်"ဟုပြောသည်။ **သတင်းနှင့်ဓာတ်ပုံ- မင်းသစ်**

# ကတန်ကျွန်းပတ်လမ်းပေါ်ရှိ တံတားနှစ်စင်း အမြန်ပြုပြင်တည်ဆောက်ရန် လိုအပ်နေ

**မြိတ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစု မြို့နယ် ကတန်ကျွန်းပတ်လမ်းမပေါ် တွင် ဒေသခံပြည်သူများ နေ့စဉ် ဖြတ် သန်းသွားလာလျက်ရှိသည့် တံတား နှစ်စင်းသည် ပျက်စီးယိုယွင်းလျက်ရှိ ရာ ပြည်သူများ ခရီးသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ခရီး သွားလာမှုပြတ်တောက်မှုမရှိစေရေး အတွက် ယင်းတံတားနှစ်စင်းကို အမြန် ပြုပြင်တည်ဆောက်ရန် ဒေသခံ ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

ကျွန်းစုမြို့နယ်သည် မိုးများသော ဒေသတစ်ခုဖြစ်ပြီး နှစ်စဉ် မိုးရေချိန် လက်မ ၂၀၀ ကျော် ရွာသွန်းရာ ပျက်စီးယိုယွင်းလျက်ရှိသည့် တံတား နှစ်စင်းသည် ထိန်ချောင်းကျေးရွာမှ မေတ္တာပေါင်းကူးတံတား ၇၅ ပေအရှည် နှင့် တီးပူကျေးရွာမှ တီးပူကျေးရွာ တံတား ၄၈ ပေအရှည်တို့ဖြစ်ကာ ရေစီးသန်သည့် ချောင်းများကို ဖြတ် သန်းတည်ဆောက်ထားသော တံတား များဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားနှစ်စင်းကို ဒေသခံ ပြည်သူများက အမြန်ပြုပြင်တည် ဆောက်ပေးရန် တင်ပြချက်အရ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိ သူများက မတ်လ တတိယပတ် အတွင်း ကွင်းဆင်းခဲ့ကြရာ တံတားနှစ် စင်းမှာ ပျက်စီးယိုယွင်းလျက်ရှိပြီး လာမည့်မိုးရာသီတွင် ရေစီးတိုက်စား မျောပါသွားနိုင်သည့် အခြေအနေရှိ ကြောင်း စိစစ်တွေ့ရှိရကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးထံမှ သိရသည်။

ယင်းတံတားနှစ်စင်းကို လမ်းဦးစီး ဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တံတားအသစ်ဆောက်လုပ်ရန် သက် ဆိုင်ရာသို့ လျာထားတင်ပြထားကြောင်း လမ်းဦးစီးဌာနမှ သိရသည်။ မေ ၂၁ ရက်က တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးမြင့်စန်းနှင့် လွှတ်တော် ကိုယ်စားလှယ်များ ကတန်ကျွန်းပတ် လမ်းသို့ ရောက်ရှိစဉ် မြို့နယ်အုပ်ချုပ် ရေးမှူးက တံတားအခြေအနေများကို တင်ပြခဲ့ရာ ဝန်ကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များက ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

ကတန်ကျွန်းပတ်လမ်းတွင် ကျေးရွာ ၁၂ ရွာ ရှိပြီး ယင်းတံတားနှစ်စင်းကို ထိန်ချောင်း၊လိပ်ကြယ်၊ တီးပူ၊ ကဘင်း ချောင်း၊ လဲဝါပြင် စသော ကျေးရွာ ပြည်သူများနေ့စဉ် ဖြတ်သန်းသွားလာ လျက်ရှိကြရာ ဒေသခံပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်း သွားလာနိုင်ရေး၊ ခရီးသွားလာမှုပြတ် တောက်မှု မရှိစေရေးအတွက် ယင်း တံတားနှစ်စင်းကို အမြန်ပြုပြင် တည်ဆောက်ရန် ဒေသခံပြည်သူ များက လိုလားလျက်ရှိကြောင်း သိရ သည်။ **ခိုင်ထူး (မြန်/ဆက်)**



## ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်(၂) ဦးမင်းသူ၊ ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝင်း၊ မြို့နယ်လမ်းဦးစီးဌာနမှူး ဦးနိုင်အောင်မြင့်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးမြင့်လွင်၊ မြို့နယ် လယ်/စီနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်ညို ကျေးရွာ ပိန္နဲပေါက်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ချဉ်းကပ်လမ်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တံတားအထူးအဖွဲ့(၆)မှ တံတား တည်ဆောက်ရေးတာဝန်ခံဦးစီးအရာရှိ ဒေါ်ဇင်မာအေးက တံတား တည်ဆောက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်လမ်းဦးစီးအရာရှိ ဦးနိုင်အောင်မြင့်က ကတ္တရာလမ်းအဆင့်မြှင့်တင် ဖောက်လုပ်နေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ခွင့်ပြုရန်ပုံငွေဖြင့် ရတီပြည့်လှူကုမ္ပဏီမှ တည်ဆောက်လျက်ရှိသော ငွေးပင်ရိုး-မသိမ်-ပိုးစာတော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း တည်ဆောက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မသိမ်ကျေးရွာအဝင် ရေကျော်အား ကြည့်ရှုစစ်ဆေးခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၎င်းရေကျော်နေရာတွင် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် တံတားတစ်စင်းတည်ဆောက်ရန် အမှန်တကယ်လိုအပ်ကြောင်း ပြောဆိုညွှန်ကြားခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အဆိုပါနေရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၁၅၀×၁၈) ပေ RCC တံတားတစ်စင်းအား ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် တည်ဆောက်နိုင်ရေး တင်ပြထားပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပိုးစာတောကျေးရွာ တံခွန်တိုင်ချောင်းတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပိုးစာတောကျေးရွာ ရေကြီးရေလျှံမှုလျှော့ချနိုင်ရေး ရေထိန်းနံရံများတည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လ/ထညွှန်ကြားရေးမှူး ဦးကျော်မြင့်သန်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြခဲ့ပြီး လုပ်ငန်းခွင် ဆောင်ရွက်နေမှုများကို လိုက်လံပြသခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်ကာလအတွင်း သတ်မှတ်အရည်အသွေးနှင့်အညီ ပြည့်မီပြီးစီးအောင် ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်အန္တရာယ်ဖြစ်ပွားမှုမရှိစေရန် မှာကြားခဲ့ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး လုပ်ငန်းခွင်အတွင်း အလုပ်နေရာပေးသွားရန် မှာကြားခဲ့ပြီး သရက်တော-ပိုးစာတော ကျေးရွာကြားရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် ဆောင်ရွက်ခဲ့သော တံခွန်တိုင်ချောင်း တာပေါင်နေရာသို့လည်းကောင်း၊ တောင်ညို-သရက်တော-တက်ရှိန်းကျေးရွာ အုပ်စုချင်းဆက်လမ်းများ၊ တံတားများနှင့် ရေကျော်များအားလည်းကောင်း၊ ထိုမှတစ်ဆင့် ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့၏ နယ်နိမိတ်ထိစပ်သည့်နေရာ(လယ်ပြင်မကျေးရွာအဝင်) သို့ ရောက်ရှိပြီး လိုက်ပါပို့ဆောင်သူများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရင်းနှီးစွာနှုတ်ဆက်ခဲ့ပြီး ကျေးရွာများမီးလင်းရေးလုပ်ငန်းနှင့် လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ဥတ္တရသီရိမြို့နယ်အတွင်းရှိ လလရ(၈)မှ ပြန်လည်စွန့်လွှတ်မြေ ၁၈၆ ဧက မြေနေရာအားလည်းကောင်း၊ ကြီးပွားကျေးရွာအနီးရှိ ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခြံဆောက်လုပ်မည့်နေရာသို့လည်းကောင်း၊ မရမ်းခုံကျေးရွာအနီး နွေစပါးစိုက်ခင်းများအားလည်းကောင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့် (ပြန်/ဆက်)**

## ဆောမြို့ စည်ပင်သာယာဈေးတွင် အလေးချိန်ခွင်များ တိကျမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေး

**ဆော ဧပြီ ၂၂**

ဂန့်ဂေါခရိုင် ဆောမြို့ စည်ပင်သာယာဈေး၌ အလေးချိန်ခွင်များ တိကျမှန်ကန်မှုရှိစေရေးနှင့် သန့်ရှင်းလတ်ဆတ်သော အသားငါးများ ရောင်းချနိုင်ရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၂ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စွာမင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့မဈေးအတွင်းရှိ စားသောက်ကုန်များ၊ သားငါးများ ရောင်းချသည့်ဆိုင်များ၌ သန့်ရှင်းလတ်ဆတ်မှု ရှိ၊ မရှိနှင့် အလေးချိန်ခွင်များ တိကျမှန်ကန်မှု ရှိ၊ မရှိတို့ စစ်ဆေးခဲ့ကြပြီး ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**၄၆၅**





## သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲတွင် သွားလာမှုလွယ်ကူစေရန် ဆောင်ရွက်ပေး

**မင်းကင်း ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းစိုး၏ဦးဆောင်မှုဖြင့် ဧပြီ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ ပြုလုပ်သော မြန်မာနှစ်သစ်ကူးနေ့ ဘိုးဘွားသက်ကြီးပူဇော်ပွဲအခမ်းအနားတွင် မင်းကင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်း ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်ရှိ ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၀၇ ဦးတို့အား သွားလာမှုအဆင်ပြေစေရေး မော်တော်ယာဉ်များဖြင့် အိမ်တိုင်ရာရောက် အကြို၊ အပို့လိုက်လံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုနှင့်ပတ်သက်၍ သက်ကြီးဘိုးဘွား ပူဇော်ခြင်းနှင့် အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ကူညီခြင်းအပေါ် သက်ကြီးဘိုးဘွားများကိုယ်စား အမှတ်(၃)ရပ်ကွက်နေ အသက် ၈၅ နှစ်ရှိ အဘိုး ဦးထွန်းက နှစ်သစ်ကူးဆုတောင်းမေတ္တာပို့သပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် အဘိတ်ဆေးခတ်ပေးခြင်း၊ ခြင်ထောင်များ ဆေးရည်စိမ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၁ ရက်က လှိုင်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း ကြီးကြပ်မှုဖြင့် စည်ပင်သာယာကျန်းမာရေးဌာနတာဝန်ခံ ဒေါ်စန်းစန်းသွင်နှင့်ဝန်ထမ်းများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ပူးပေါင်း၍အိမ်ခြေ ၁၅၀ ကို အဘိတ်ဆေးများ လိုက်လံခတ်ပေးကြပြီး သီရိမင်္ဂလာလမ်းနှင့် သုခမြိုင်လမ်းစုရပ်တွင် အိမ်ရှင်မများ လာရောက်ပေးပို့ထားသော ခြင်ထောင်အလုံး ၇၀ ကို ဆေးရည်စိမ်ပေးခဲ့ကြောင်း သိရသည်။

**မောင်သုည**

## အာရှအားကစားပြိုင်ပွဲ မြန်မာဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဧပြီ ၂၂**

ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တစ်ချိန်က အောင်မြင်မှုများစွာရယူနိုင်ခဲ့သည့် ပြိုင်ပွဲဖြစ်သောကြောင့် ရလဒ်ကောင်းရယူနိုင်ရန် ပြင်ဆင်မည်ဖြစ်သည်။

မြန်မာအမျိုးသား ဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ကိုးကြိမ်ယှဉ်ပြိုင်ဖူးပြီး ယခုနှစ်တွင် ၁၀ ကြိမ်မြောက်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက် ရွှေတံဆိပ်နှစ်ကြိမ်၊ ကြေးတံဆိပ် တစ်ကြိမ်ရဖူးပြီး ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၉၆၆ ပြိုင်ပွဲနှင့် ၁၉၇၀ ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂျပန်နိုင်ငံ၌ကျင်းပသည့် ၁၉၉၄ အာရှအားကစားပြိုင်ပွဲတွင် နောက်ဆုံးယှဉ်ပြိုင်ခဲ့ပြီး ဂျပန်၊ ယူအေအီး၊ ကာတာစသည့် အာရှအင်အားကြီးအသင်းများနှင့် တွေ့ဆုံခဲ့ကာ ကာတာနှင့် နှစ်ဂိုးစီသရေကျပြီး ကျန်နှစ်သင်းကို ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၂၃ အမျိုးသားဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ၁၉၉၄ ခုနှစ်က နောက်ဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ပေါင်း ၂၄ နှစ်အကြာတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တစ်ကျော့ပြန်ယှဉ်ပြိုင်မည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန်နှင့် ရလဒ်ကောင်းရရန် ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး ဩဂုတ်လဆန်းတွင် ရန်ကုန်မြို့၌ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် ထိုင်း ယူ-၂၃၊ အင်ဒိုနီးရှား ယူ-၂၃ နှင့် တောင်ကိုရီးယား ယူ-၂၁ အသင်းတို့ကို ဖိတ်ကြားထားပြီး ယင်းအသင်းများ လာရောက်ယှဉ်ပြိုင်ပါက မြန်မာ ယူ-၂၃ အသင်းအတွက် အမှန်တကယ်အကျိုးရှိမည့် ပြိုင်ပွဲဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းအသင်းကို မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်အား ကိုင်တွယ်စေမည်ဖြစ်ပြီး ဇူလိုင်တတိယပတ်မှစ၍ စခန်းဝင်လေ့ကျင့်မှု ပြုလုပ်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၃ ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး အသက်ကျော်လွန်သည့် ကစားသမားသုံးဦး ထည့်သွင်းခွင့်ရထားရာ မြန်မာအသင်းအနေဖြင့် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းဖွယ်ရှိနေသည်။



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်း။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

ကြေးမုံ



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၇၉ စီး၊ သွင်းကုန် ၈၉၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၃ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၀၄ သန်းခန့်)စုစုပေါင်း တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၃၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၁ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Printer နှစ်ခုနှင့် ဖုန်းမှန်ကပ် အခု ၂၀၀၀ (စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁ ဒသမ ၁ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဗန်းမော် မေ ၂၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မံပုံကျေးရွာ၌ ငှက်ပျောစိုက်ခြံဝင်းအတွင်း နေအိမ်တဲ တံစက်မြိတ်ကြားနှင့် နေအိမ်တဲအနီးရှိ ငှက်ပျောပင်၏ ငှက်ပျောခိုင်အတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးမောက်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်မျိုးကျော်ဦးစီးသော တပ်ဖွဲ့ဝင်များ၊ မံပုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးလောစီ၊ ခါနန်အုပ်ချုပ်ရေးမှူး ဦးကွမ်ဘောခါးလီတို့နှင့်အတူ မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းအရ မေ ၂၂ ရက် နံနက် ၆ နာရီက မိုးမောက်မြို့နယ် မံပုံကျေးရွာ တော်ဝင်ရဲထွဋ်ကုမ္ပဏီ ငှက်ပျောစိုက်ခြံဝင်း ဆိုက်(၅)အတွင်းနေ ဇော်လွင်(၅၀)နှစ်၏နေအိမ်တဲကို ဝင်ရောက်ရှာဖွေရာ နေအိမ်တဲ တံစက်မြိတ်ကြားမှ WY စိတ်ကြွဆေးပြားနှင့် ၎င်းနေအိမ်တဲ အနောက်ဘက် ၁၀ ပေခန့်ရှိ ငှက်ပျောပင်၏ ငှက်ပျောခိုင်အတွင်းမှ အပြာရောင် ကော်ဖီမစ်အိတ်ခွံဖြင့် ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဒုတိယငှက်ပျောခိုင်အတွင်းမှ ကော်ဖီမစ်အိတ်ခွံဖြင့်ထုပ်လျက် WY စိတ်ကြွဆေးပြားများ စုစုပေါင်း ၁၇၅ ပြားကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဇော်လွင်(၅၀)နှစ် သပြေလှကျေးရွာ ထီးချိုင့်မြို့နယ်နေသူအား မိုးမောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မိုးညှင်းမြို့နယ်တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၂**

ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မူးယစ်ဆေးဝါးသတင်းအရ မိုးညှင်းမြို့နယ် ဟိုပင်မြို့ တကွင်းကျေးရွာထိပ်ဘောလုံးကွင်းအနီး တကွင်း-အောင်လံဗိုလ်သွား လမ်းမပေါ်တွင် မမို့မို့လွင်မောင်းနှင်ပြီး မအေးသန်း လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက် (စုစုပေါင်း အလေးချိန် သုည ဒသမ ၁၂၁ ကီလို)ကို လည်းကောင်း။ အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ ညောင်ကုန်းကွက်သစ် ဇေယျာသုခကျောင်းလမ်းနေ အောင်မိုး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၅ ပြားကို လည်းကောင်း။

ထို့အတူ နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု လွယ်ပါရင်ကျေးရွာအနီး မိုင်းဆတ်-တာချီလိတ်သွား ကားလမ်းတွင် စိုင်းမား မောင်းနှင်လာသော မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ရိုက်ရာတွင် အသုံးပြုသည့် WY စာတန်းပါ သံမှို သုံးချောင်းနှင့် ပန်းသီးပုံသံမှို တစ်ချောင်းတို့ကို သိမ်းဆည်းရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စိုင်းမား နေထိုင်သော မိုင်းဆတ်မြို့နယ် မအို့ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာရှိ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ MALBON စာတန်းပါ အလေးချိန် ၂၀ ကီလိုစီပါ ACTIVATED CARBON (အရိုးမီးသွေး အလေးချိန် ၁၀၀ ကီလို)၊ FOOD COLOUR စာတန်းပါ အရောင်ဆိုးဆေးမှုန့် အထုပ်ငယ် ၁၀၀ စီပါ စက္ကူဘူး ငါးဘူး၊ စိတ်ကြွရူးသွပ်ဆေးပြား ထည့်ရာတွင် အသုံးပြုသည့် ပန်းသီးပုံတံဆိပ်ပါ အနက်ရောင် ပလတ်စတစ်ကပ်ခွာအိတ်ငယ်များ၊ (၉၉၉)တံဆိပ်ပါ ရော်ဘာတံဆိပ်တုံး တစ်ခုတို့ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီကလည်း မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မန့်ဟောင်းကူးတို့ဆိပ်သွား ကားလမ်း၊ မန့်ဟောင်းကျေးရွာအထွက် ကူးတို့ဆိပ်အနီးတွင် လနူးမောင်းနှင်ပြီး ဘရန်နန်း လိုက်ပါလာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားနှင့် ဘိန်းဖြူ သုည ဒသမ ၀၀၀၆ ကီလို ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မန်အိုင်ကျေးရွာ နတ်စင်အနီး လားရှိုး-ကုန်းညောင် သွားလမ်းတွင် ဆင်ဝမ်းရင် မောင်းနှင်ပြီး မအေးနွမ်း လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဆီခဲ ၂ ဒသမ ၆ ကီလို ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



**မမို့မို့လွင်၊ မအေးသန်းနှင့် မခင်ထွေးတို့အား သိမ်းဆည်းရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။**

# ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရ

**ရန်ကုန် မေ ၂၂**

ကားဘီးပေါက်၍ တစ်ဖက်ယာဉ်ကြောမှကားနှင့် မျက်နှာချင်းဆိုင်တိုက်မိမှုကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်စဉ်တစ်ခု မေ ၂၁ ရက်က မရမ်းကုန်းမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မေ ၂၁ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်က ယာဉ်မောင်း ကိုနန်းဝေအောင်(၃၀)နှစ် မောင်းနှင်လာသော 4I/---- ဟိုက်ဂျက်ယာဉ်သည် မြောက်ဥက္ကလာပမှ တောင်ဥက္ကလာဘက်သို့ သံသုမာလမ်းအတိုင်း မောင်းနှင်လာစဉ် မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် သံသုမာလမ်း ခြေလျင်တပ်ရင်း ရှေ့အရောက်၌ ကားရှေ့ဘက်ဘီးပေါက်ပြီး တစ်ဖက်ယာဉ်ကြောရှိ တောင်ဥက္ကလာမှ မြောက်ဥက္ကလာပဘက်သို့ ယာဉ်မောင်း ကိုဝေသူလင်း(၃၀)နှစ် မောင်းနှင်လာသော အငှားမော်တော်ယာဉ် BB.---- နှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယာဉ်နှစ်စီးတိုက်မိမှုကြောင့် ယာဉ်ပေါ်ပါ ဦးပဉ္စင်းတစ်ပါးနှင့် ကိုရင်တစ်ပါး၊ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး လေးဦးတို့(မစိုးရိမ်ရ) ဒဏ်ရာများရရှိကြသည်။ အခင်းဖြစ်ပွားရာသို့ မီးသတ်ဌာနချုပ်မှ လူနာတင်ယာဉ် တစ်စီး၊ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ လူနာတင်ယာဉ် နှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို မြောက်ဥက္ကလာပ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **အောင်သူရ**

# မန္တလေး-လားရှိုးလမ်း၌ ယာဉ်တိုက်မှုဖြစ်ရာ နှစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**သီပေါ မေ ၂၂**

သီပေါမြို့ ဆွတ်လန်းကျေးရွာအနီး မန္တလေး-လားရှိုးကားလမ်း မိုင်တိုင် (၁၃၃/၃)နှင့် (၁၃၃/၄) အကြားတွင် မေ ၂၂ ရက် နံနက်ပိုင်းက လားရှိုးဘက်မှ သီပေါဘက်သို့ ယာဉ်မောင်း သန်းဇော် မောင်းနှင်လာသည့် TOYOTA TOYOACE ယာဉ်(လိုင်စင်စိစစ်ဆဲ)သည် ရှေ့မှယာဉ်အား ကျော်တက်စဉ် သီပေါဘက်မှ လားရှိုးဘက်သို့ ယာဉ်မောင်း ဦးဖိုးကျော် မောင်းနှင်လာသော HIJET ယာဉ်(လိုင်စင်စိစစ်ဆဲ)အား ဝင်ရောက်တိုက်မိခဲ့သည်။



အဆိုပါ ယာဉ်တိုက်မှုကြောင့် HIJET ယာဉ်ပေါ်ပါ ဒေါ်အေးလေး(၅၈)နှစ်နှင့် ဒေါ်ထုံဝူး(၆၃)နှစ်တို့ သေဆုံးခဲ့ပြီး ဒေါ်တော်ဝင်(၅၉)နှစ်၊ ဒေါ်ကိန်းရှန်း(၆၁)နှစ်၊ ဦးဖိုးကျော်(၄၈)နှစ်တို့မှာ ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြသည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း သန်းဇော်ကို သီပေါမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**သီပေါကိုလတ်**

# အရက်အတူသောက်ပြီး စကားများရန်ဖြစ်ရာမှ ဓားဖြင့်ခုတ်မှုဖြစ်


**ပန်းတောင်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက်တွင် မေ ၂၁ ရက် ည ၈ နာရီက အရက်အတူသောက်ပြီး ပြန်လာစဉ် စကားများရန်ဖြစ်ကာ ဓားဖြင့်ခုတ်သဖြင့် သေဆုံးမှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဥသျှစ်ပင်မြို့ ရတနာပုံ(၁)ရပ်ကွက်အတွင်းနေ ကြိုင်ကြိုင်(၄၅)နှစ်နှင့် အိမ်ဘေးချင်းကပ် နေထိုင်သူ သက်မောင်(၃၄)နှစ်တို့သည် ရပ်ကွက်အတွင်းရှိ အရက်ဆိုင်တွင် အရက်အတူသောက်ပြီးပြန်လာစဉ် ၎င်းတို့အိမ်ရှေ့အရောက် စကားများရန်ဖြစ်ကြပြီး ကြိုင်ကြိုင်က သက်မောင်အား ဆဲဆိုကာ နေအိမ်ကိုပါ ကျောက်ခဲဖြင့် ပစ်ပေါက်သဖြင့် သက်မောင်က နေအိမ်အတွင်းရှိ အရိုး ၁၁ လက်မခန့်၊ အသွား ၁၀ လက်မခန့်၊ ဖြက် နှစ်လက်မခန့်ရှိ ဓားဖြင့် ကြိုင်ကြိုင်အား ခုတ်ရာ ကြိုင်ကြိုင်မှာ ဒဏ်ရာများရရှိသဖြင့် ဥသျှစ်ပင်တိုက်နယ်ဆေးရုံမှတစ်ဆင့် ပြည်မြို့ ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ကုသခဲ့ရာ မေ ၂၂ ရက်တွင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေခန်းမှူး ရဲအုပ်ဝင်းဆန်းက သက်မောင်(၃၄)နှစ်အား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**



# ချယ်လ်ဆီးနှင့် အာဆင်နယ် နှစ်သင်းစလုံးက အင်းနရစ်ကို နည်းပြသစ်အဖြစ် ခန့်အပ်လို

ပရီမီယာလိဂ်ထိပ်တန်းအသင်းနှစ်သင်းဖြစ်သည့် ချယ်လ်ဆီးနှင့် အာဆင်နယ်နှစ်သင်းစလုံးက ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်ကို နည်းပြသစ်အဖြစ် အပြိုင်အဆိုင် ခန့်အပ်ရန် စီစဉ်နေကြောင်း သိရသည်။

အာဆင်နယ်အသင်းက ရာသီကုန်တွင် အသင်း၏ သက်တမ်းရှည် နည်းပြကြီး ဝင်းဂါးနှင့် လမ်းခွဲမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သလို ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ကလည်း နည်းပြ ကွန်တီ နေရာတွင် အစားထိုးခန့်အပ်ရန် နည်းပြသစ်တစ်ဦးကို ရှာဖွေနေပြီဖြစ်သည်။

အာဆင်နယ်အသင်းခေါင်းဆောင်ဟောင်း ဗီအဲရာနှင့် ဆဲလ်တစ်နည်းပြ ရော်ဂျာတို့က အာဆင်နယ်နည်းပြအဖြစ် ဆောင်ရွက်ရန် စိတ်ကူးထားခြင်းမရှိဟု အသီးသီးဖွင့်ဟပြောကြားပြီးနောက် ဘွတ်ကီဒိုင်များ၏ အလေးပေးမှုတွင် အင်းနရစ်က အာဆင်နယ်နည်းပြလောင်းအဖြစ် ထိပ်ဆုံးနေရာသို့ ရောက်ရှိလာခြင်းဖြစ်သည်။

နယူးယောက်စီးတီးအသင်းနည်းပြအဖြစ် ဆောင်ရွက်နေသူ ဗီအဲရာက "ကျွန်တော်ကလပ်အသင်းမှာ ကိုးနှစ်ကြာ ကစားခဲ့ပြီး ကျွန်တော့်အတွက် တကယ့်ကို ထူးခြားတဲ့အသင်းပါ။ ဒါပေမယ့် ကျွန်တော့်ရဲ့ အတွေ့အကြုံက အသင်းကို ကိုင်တွယ်ဖို့ မလုံလောက်ပါဘူး။ ကျွန်တော်ရဲ့အမည်ဟာ အသင်းနည်းပြသစ်အဖြစ် ရေပန်းစားနေပေမယ့် အခုဒီနေရာ(နယူးယောက်စီးတီး)အသင်းမှာပဲ ပျော်နေပါတယ်" ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဆဲလ်တစ်နည်းပြ ရော်ဂျာကလည်း "အာဆင်နယ်ဟာ အံ့အားသင့်စရာ ကလပ်အသင်းဖြစ်ပေမယ့် ကျွန်တော် ဒီအသင်းမှာ နည်းပြသစ်အဖြစ် ဆောင်ရွက်ဖို့ စဉ်းစားထားခြင်းမရှိသေးပါဘူး၊ ကျွန်တော် ဆဲလ်တစ်အသင်းကိုပဲ အာရုံစိုက်ထားပါတယ်"ဟု တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် အာဆင်နယ်နှစ်သင်းစလုံးက အင်းနရစ်ကို ချိတ်ဆက်နေသည်ဆိုသည်မှာ အစောပိုင်းကတည်းက သတင်းထွက်နေပြီး အင်းနရစ်က ချယ်လ်ဆီးထက် အာဆင်နယ်ကိုသာ ကိုင်တွယ်ရန် ဆန္ဒရှိနေသည်ဟု သိရသည်။ အင်းနရစ်မှာ ဘာစီလိုနာကို ကိုင်တွယ်ခဲ့သည့် ပထမရာသီမှာပင် ဖလားသုံးလုံးအောင်မြင်မှု ရယူနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီအကုန်တွင် ဘာစီလိုနာအသင်းနည်းပြအဖြစ်မှ အနားယူခဲ့သူဖြစ်သည်။

အင်းနရစ်အပြင် အန်စလော့တီ၊ အယ်လီဂရီတို့မှာလည်း ချယ်လ်ဆီးနည်းပြလောင်းအဖြစ် ထိပ်ဆုံးမှ ရေပန်းစားနေသော်လည်း အာဆင်နယ်နှင့် ချယ်လ်ဆီးနှစ်သင်းစလုံး၏ ထိပ်တန်းပစ်မှတ်မှာ အင်းနရစ်ဖြစ်နေကာ အဆိုပါစပိန်လူမျိုးနည်းပြကို နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ရေး နှစ်သင်းစလုံးက အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိသည်။

**မေလဲ့သင်း - ရေးသားသည်**

# မန်ယူအသင်း အက်ဖ်အေဖလားဗိုလ်လုပွဲရောက်ရှိခဲ့သော်လည်း မော်ရင်ဟိုနှင့် ကစားသမားများကြား ဆက်ဆံရေးမပြေလည်မှု ထင်သာမြင်သာဖြစ်ခဲ့



အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်မှာ မန်ယူအသင်းဟာ စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး ဗိုလ်လုပွဲကို တက်ရောက်သွားခဲ့ပေမယ့် နည်းပြမော်ရင်ဟိုနဲ့ မန်ယူကစားသမားများကြား ဆက်ဆံရေးပြိုကွဲမှုဟာ အဝတ်လဲခန်းအတွင်း ထင်ထင်ရှားရှား ဖြစ်ခဲ့တယ်လို့ နာမည်ကြီးအားကစားသတင်းရေးသားသူ မိုက်ခ်မက်ဂရက်က ရေးသားဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် ဆွမ်ဆီးကို အနိုင်ရရှိခဲ့တဲ့ပွဲမှာ မော်ရင်ဟိုရဲ့သား ဂျို့စ်ဂျူနီယာက လုပ်ငန်းအတွေ့အကြုံရဖို့ အသင်းတာဝန်ရှိသူတွေနဲ့ အတူ ကွင်းဘေးစည်းထိုင်ခုံပေါ်မှာ ရှိနေတာကိုလည်း မန်ယူဝန်ထမ်းအချို့က မကျေမနပ်ဖြစ်ခဲ့တယ်လို့ မိုက်ခ်ရဲ့ အဆိုအရ သိရပါတယ်။ ပြီးခဲ့တဲ့လက ဘရိုက်တန်ကို အနိုင်ရခဲ့တဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ မော်ရင်ဟိုက ကွင်းလယ်လူမာတစ်ကို မန်ယူမှာ ကြိုးစားတဲ့သူဆိုလို့ သူတစ်ဦးသာ ရှိနေတာကြောင့် သူ့အနေနဲ့ ပင်ပန်းနေသင့်တယ်လို့ ပြောကြားခဲ့ဖူးပါတယ်။

မန်ယူကစားသမားအချို့က မော်ရင်ဟိုရဲ့ လုခ်ရှောအပေါ် ထားရှိတဲ့ ဆက်ဆံရေးက ဆာလာကို ချယ်လ်ဆီးမှာ တုန်းကလို ဆက်ဆံရေးလိုပဲ မျှတမှုမရှိဘူးလို့ ထင်မြင်ချက်တွေလည်း ရှိနေပါတယ်။ ဒါ့အပြင် မော်ရင်ဟိုက ပေါ့ဘာနဲ့လည်း စကားအပြောအဆို မရှိသလောက်ဖြစ်နေပြီး အီဗရာဟီမိုဗစ်လည်း အမေရိကန် မေဂျာလိဂ်ကို အလျင်စလို ထွက်ခွာသွားခဲ့တာက ဘာကြောင့်လဲဆိုတာ မတင်မကျ ဖြစ်နေဆဲလို့ မိုက်ခ်က သုံးသပ်ခဲ့တာဖြစ်ပါတယ်။




# စပိန် ကိုပါဒယ်ရေးဖလား ဘာစီလိုနာ လေးနှစ်ဆက်ဆွတ်ခူး

ဘာစီလိုနာအသင်းသည် ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံး ဗိုလ်လုပွဲတွင် အနိုင်ရရှိခဲ့ခြင်းကြောင့် စပိန်ကိုပါဒယ်ရေးဖလားချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်သည်။

ဘာစီလိုနာအသင်းသည် ဆီဗီလာအသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် လေးနှစ်ဆက်တိုက် စပိန်ကိုပါဒယ်ရေးဖလားချန်ပီယံဖြစ်လာခဲ့ပြီး အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ဆွာရတ်ဇ်(၁၄ မိနစ်၊ မိနစ် ၄၀)၊ မက်ဆီ(၃၁ မိနစ်)၊အင်နီယေစတာ(၅၂ မိနစ်)နှင့် ကော်တင်ဟို(၆၉ မိနစ်)တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ဗိုလ်လုပွဲအဆင့်သို့ နောက်ဆုံးငါးရာသီဆက်တိုက် တက်ရောက်ခဲ့သည့် အသင်းဖြစ်ပြီး ယင်းသို့ တက်ရောက်ခဲ့သည့် ငါးရာသီတွင် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တစ်ပွဲသာ အနိုင်ရလဒ်ဖြင့် လွဲချော်ခဲ့ရခြင်းဖြစ်ပြီး လေးရာသီဆက်တိုက်ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် နောက်ဆုံးလေးရာသီဆက်တိုက် စပိန်ကိုပါဒယ်ရေးဖလားချန်ပီယံဖြစ်ခဲ့ရာတွင် ဆီဗီလာအသင်းနှင့် နောက်ဆုံးဗိုလ်လုပွဲနှစ်ကြိမ်အထိတွေ့ဆုံခဲ့ပြီး နှစ်ကြိမ်စလုံးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုတစ်ကြိမ် စပိန်ကိုပါဒယ်ရေးဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အသင်း၏ သမိုင်းတစ်လျှောက်တွင် စပိန်ကိုပါဒယ်ရေးဖလားကို အကြိမ်(၃၀)မြောက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**ငွေကြယ် - ရေးသားသည်**

# ဘောလုံးလောက သတင်းတိုများ

- ❖ အာဆင်နယ်အသင်းသည် နည်းပြအာစင်ဝင်းဂါးအသင်းမှ ထွက်ခွာသွားပါက နည်းပြသစ်တစ်ဦးထပ်မံခန့်အပ်ရန်အတွက် နိုက်စ်အသင်းမှ ဆွစ်ဇာလန်နိုင်ငံသားနည်းပြ လူစီယန်ဖာဗရီအား အစားထိုးသွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။
- ❖ တိုက်စစ်မှူးမာရှယ်သည် မန်ယူအသင်းမှ ထွက်ခွာရန်ရှိနေပြီး အဆိုပါတိုက်စစ်မှူးအား အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားခဲ့သည်။
- ❖ ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီသည် ချယ်လ်ဆီးအသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားရန်ရှိနေသော်လည်း ကြွေးမြီပြဿနာများကြောင့် အသင်းမှ ထွက်ခွာရန် နှောင့်နှေးနေရခြင်းဖြစ်ကြောင်း သိရသည်။
- ❖ ဘာစီလိုနာအသင်းကွင်းလယ်ကစားသမား အင်နီယေစတာသည် ၎င်း၏ အနာဂတ်နှင့် ပတ်သက်၍ ယခုတစ်ပတ်ထဲတွင် ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ❖ နာပိုလီအသင်းမှ အီတလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုသည် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။




## ဤစာအုပ်ထွက်ပြီ

- ဤစာအုပ်သည် စာဖတ်သူကို ဖြစ်စဉ်မှန်၊ ဖြစ်ရပ်မှန်များကို အနီးစပ်ဆုံး ပေးမှာဖြစ်သလို၊ သမိုင်းမှတ်တမ်းနှင့်ယှဉ်၍ စဉ်းစားစရာ၊ ဝေဖန်စရာ၊ သင်ခန်းစာယူစရာများ ရရှိနိုင်မည်ဖြစ်ပါသည်။
- စာရေးသူနှင့် ပါဝင်ပတ်သက်သူများအပေါ်လည်း မှတ်ချက်များပြုနိုင်သလို တိုင်းပြည်တိုးတက်ရေးအတွက် စာဖတ်သူ ဘယ်လိုပါဝင်ရမည်ကိုလည်း အတိုင်းအတာတစ်ခုအထိ ဖော်ထုတ်အသုံးပြု နိုင်မည်ဖြစ်ပါသည်။
- စာရေးသူက " အဓိက စေတနာမှာ ကျွန်တော်တို့ လုပ်ဆောင်မှုများအပေါ် အများပြည်သူက အမှား၊ အမှန် ဝေဖန်ပိုင်းခြားပြီး သင်ခန်းစာယူ၍ နိုင်ငံကောင်းအောင်၊ နိုင်ငံတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေးဖြစ်ပါသည်"ဟု ရေးသားဖော်ပြထားပါသည်။

**ဖြန့်ချိရေး**
- Myanmar Heritage Publications
  ဖုန်း - ၀၉ ၉၆၄၂၄၃၈၉၃
- Novel light express
  ဖုန်း - ၀၉ ၅၀၈၀၈၅၀
  ဖုန်း - ၀၁ ၈၆၁၉၄၁၁


## အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ ၂၀၁၈ - ၂၀၁၉ (၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ) ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် သာကေတတံတားချဉ်းကပ်လမ်းတည်ဆောက်ခြင်း လုပ်ငန်းအတွက်လိုအပ်သော လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်းအတွက် တင်ဒါဖွင့်ပွဲအား အကြောင်းအမျိုးမျိုးကြောင့် ၂၄-၄-၂၀၁၈မှ ၃-၅-၂၀၁၈သို့ ပြောင်းလဲပြင်ဆင် သတ်မှတ်ထားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄) အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၂-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)(၁၆း၀၀)နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၃-၅-၂၀၁၈ရက်(ကြာသပတေးနေ့)(၁၀း၀၀)နာရီ
တင်ဒါဖွင့်မည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၆၄၅၀၄၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ တိုက်အမှတ်(၃၁၁)၊ (၂)ခန်းတွဲ(၈၃/၂)ထပ်တိုက် ဓာတ်လှေကားပါ အဆောက်အအုံ၏ ပထမထပ်(ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်၍ လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသူ ဒေါ်အမာစိန်[၁၂/မရက(နိုင်)၀၆၇၃၅၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာရွှေ(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၄၉၇)**
**အမှတ်(၄၀၈)၊ မြတ်လေး(၅)လမ်း၊ (၂၂)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၃၂၇၂၁၃**


**Asia Dragon (အာရှနဂါး)**
ရွှေချောင်းသာ ◆ ငွေဆောင်
ကျိုက်ထီးရိုး ◆ မြဝတီ
09 300 300 30 , 09 300 300 90


## တိုက်ခန်းရောင်းမည်

သဃ်န်းကျွန်း၊ ၃လွှာ၊ ရိပ်သာလမ်း
Ph:095411674 သိန်း(၂၉၀)၊ အဆင့်မြင့်ပြင်ဆင်ပြီး။

## ဖခင်အမည်မှန်

အထက(၂)၊ ဒဂုံမြို့နယ်၊ မြို့မကျောင်း၊ န၀မတန်း(D) (အောင်မြင်)ပြီး မောင်ဘုန်းပြည့်၏ဖခင် ဦးဟန်ဝင်းထွန်း၏ အမည်မှန်မှာ ဦးဟံဝင်းထွန်း [၁၂/ကခက(နိုင်)၀၀၂၈၄၄]ဖြစ်ပါသည်။

**ဦးဟံဝင်းထွန်း**

## ရောင်းမည်

ကျောက်ကုန်းနေရာကောင်း ရောင်းမည်။
သိန်း ၆၅၀၀၊ RCနှစ်ထပ်၊ ပြင်ဆင်ပြီး
**Ph:09443950132,09-443950130**


**ကလေးနာမည်ပေး ဆရာကြီးရာစာဇော်ဝင်း**
(LL.B)နှင့်ဆက်သွယ်ပါ လူကြီးများလိုရာပေး
01-399136 ,09-73009994,09-253997740
09-5152521 အမှတ်(၉)၈၇လမ်း၊ ၁ထထပ်
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ (ပိတ်ရက်မရှိ)


## ရုံးဝန်ထမ်းအလိုရှိသည်

မ(၃)ဦး အသက်(၃၅)ထက် မကြီးစေရ (၁၀)တန်းအောင်/ဘွဲ့ရ လစာကျပ်(၁၂၀၀၀၀/-)မှ(၂၀၀၀၀၀/-)ကျပ်ထိ တိုက်အမှတ်(၉)၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၀၉-၂၅၃၉၉၇၇၄၀၊ ၀၉-၅၁၅၂၅၂၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိန်လှ(CJ၀၃၆၅၄၄)၏ Pass Portစာအုပ်အမှတ် M.C 680811 သည် ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၁၄၁၅၁၅**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်ဦးကျော်ခင် (နိုင်ငံသားအမှတ်-၁၃/တကန(နိုင်)၀၄၄၄၁၀) တောင်ကြီးမြို့၊ အမှတ်(၂၃)(က)၊ ကြံ့ခိုင်ရေးလမ်း၊ ပြည်တော်သာရပ်ကွက်တွင်နေထိုင်သူက အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်ဦးကျော်ခင်နှင့် ဇနီးဖြစ်သူ ဒေါ်ခင်အုန်းမြင့်မှာ မပြတ်စဲမကွာရှင်းရသေးသော ဇနီးမောင်နှံများဖြစ်ကြပြီး အထက်လိပ်စာပါနေအိမ်နှင့် ဥပစာကို အတူပူးတွဲပိုင်ဆိုင်လာကြသူများဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့် အမှတ်(၂၃)(က)၊ ကြံ့ခိုင်ရေးလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့နေအိမ်အား ကျွန်ုပ်၏သဘောတူညီချက်မပါဝင်ဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခြင်းတို့သည် တရားမဝင်ဆောင်ရွက်ခြင်းများသာ ဖြစ်ပါကြောင်း သတိပေးကန့်ကွက်လိုက်ပါသည်။

ကျွန်ုပ်အနေဖြင့် အဆိုပါအိမ်တွင် လက်ရှိနေထိုင်၊ လက်ဝယ်ထားရှိပြီး ကျွန်ုပ်မသိရှိဘဲ၊ သဘောတူညီမှုမရှိဘဲ ဝယ်ယူခြင်းပြုပါကလည်း ဝယ်ယူသူ၏ ဆုံးရှုံးမှု၊ နစ်နာမှုသာဖြစ်လိမ့်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးကျော်ခင်**

**ဥတုရာသီတောကိုမို၏**



ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ (Tokyo 2020 Olympic Games)နှင့်ပတ်သက်၍ နှစ်နိုင်ငံပူးတွဲဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေးပွဲသို့ တက်ရောက်ရန် အဖွဲ့ခေါင်းဆောင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ ဦးဝေဇင်နှင့် ဦးခွန်ဂျာအောင်တို့ မေ ၂၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ပို့ဆောင်နှုတ်ဆက်စဉ်။

ကြေးမုံ


**အပူဒဏ်အန္တရာယ် သတိပြုဖွယ်**

ကလေးသူငယ်များ၊ သက်ကြီး ဘိုးဘွားများ၊ နာတာရှည်ရောဂါခံစား နေရသူများ

နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရ အေးမြ၍ လေဝင်လေထွက်ကောင်း သော နေရာများတွင် နားနေပါ။


## တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် မေ ၂၂**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်။** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်။** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

## သံဖြူဇရပ်မြို့နယ်၌ အသိပညာပေးဟောပြော

**သံဖြူဇရပ် မေ ၂၂**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မေ ၁၉ ရက်က သံဖြူဇရပ်မြို့နယ် မြဲမာလာကျေးရွာအုပ်ချုပ်ရေးမှူးရုံးဘေးတွင် မူခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးဝင်းနိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖြစ်စဉ်များအား ရုပ်ပုံနှင့်တကွ ချပြရှင်းလင်းခြင်း၊ ကျိုက္ခမီနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ကျော်ဇင်က သက်ငယ်မုဒိမ်း မဖြစ်ပွားရန်နှင့် ယာဉ်၊လမ်း စည်းကမ်းအကြောင်းများအား ချပြရှင်းလင်းခြင်း၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲအုပ်မောင်မောင်ဟန်က လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခြင်း၊ အမှတ်(၃၈) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲတပ်ကြပ်ကြီး ကိုကိုနိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ချပြရှင်းလင်းခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲ/ရောင်းချသည့်သတင်းရရှိပါက ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပေးနိုင်ရန်အတွက် ရဲစခန်းဖုန်းနံပါတ်များ မျှဝေပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၁၀၇

# သမိုင်းဝင်ကျောက်စာတွေ ပျောက်တော့မယ်

ဆူးငှက်

မန္တလေးနဲ့ အောင်ပင်လယ်ဆိုတာ ခွဲလို့မရပါဘူး။ အောင်ပင်လယ်ဆိုတာ မန္တလေးရဲ့ ဘိုးအေကြီးပါ။ ပုဂံခေတ်ကတည်းကရှိခဲ့တဲ့ ဧရာမကန်ကြီးပေါ့။ တကယ်တော့ အောင်ပင်လယ်ကန်ရဲ့ မူလအမည်မှာ 'ကန်တိလိကန်' ဖြစ်တယ်။ သက္ကရာဇ် ၅၁၃ ခုနှစ်မှာ မင်းရှင်စောက ဆယ်တော်မူခဲ့တယ်။ တနင်္ဂနွေသား မင်းရှင်စောက တနင်္ဂနွေနေ့မှာပင် ကန်တော်ဆယ်ယူဖို့ဆောင်ပြီးစီးလို့ 'အောင်ပင်လယ်ကန်' လို့ အမည်သမုတ်ခဲ့တာပါ။ အောင်ပင်လယ်ကန်က အလျားတာ သုံးထောင်ရှိပြီး လယ်ပယ်သုံးသောင်းကို သုံးသီးစားစိုက်ပျိုးနိုင်တယ်လို့ ဆိုပါတယ်။ မင်းရှင်စော ဆည်တော်မူခဲ့တဲ့ အောင်ပင်လယ်ကန်ကို ဘိုးတော်ဘုရား(ဗဒုံမင်း)က သက္ကရာဇ် ၁၁၅၁ခု နယုန်လပြည့် တနင်္လာနေ့မှာ နောက်ပါ ဗိုလ်ခြေထုနှင့် မဟာမုနိဘုရားအနီး ယာယီတဲနန်းမှာ စံမြန်းတော်မူပြီး ထပ်မံဆယ်ဖို့ ပြုပြင်တော်မူပြန်ပါတယ်။ မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ ကတော်စိုးတို့နှင့်တကွ အမရပူရရွှေမြို့တော်မှ တစ်အိမ်တစ်ယောက်မက ပြည်သူများနှင့်လည်း လယ်ထွန်မင်္ဂလာဆင်းပြီး ကန်တော်နှင့် ပတ်သက်သမျှ ကျောက်စာရေးထိုး စိုက်ထူတော်မူခဲ့ပါတယ်။

**ကန်တိလိ အမည်ခေါ် အောင်ပင်လယ်ကန်တော်ကြီး**

'နွယ်တော်ရင်စစ် ဖြစ်တော်မူသော ဖေလောင်းတော် လှေစကြာသခင် နရပတိစည်သူမင်းကြီး၏ ဘကြီးတော် အလောင်းစည်သူမင်းကြီး၏သား နရသူမင်း၏အစ်ကို နောင်ချစ်မင်းလျာဖြစ်သော မင်းရှင်စောသည် သက္ကရာဇ် ငါးရာတစ်ဆယ့်သုံးခု တည်တော်မူသော အလျားတာသုံးထောင် လယ်ပယ်သုံးသောင်း၊ မြောင်းသုံးသွယ်တို့ဖြင့် အလွန်ကြီးကျယ်သော ကန်တိလိ အမည်ခေါ် အောင်ပင်လယ်ကန်တော်ကြီးသည်တဲ့။

'အောင်ပင်လယ်ဧ' လို့ အမည်သညာရှိခဲ့တဲ့ ဒီကန်တော်ကြီးဟာ နာမည်နဲ့ လိုက်ဖက်ညီစွာပဲ အလျားတာသုံးထောင်၊ မိုင်အားဖြင့် ခုနစ်မိုင်ခွဲနီးပါးရှည်ပြီး အနံသုံးမိုင်ခွဲနီးပါးကျယ်တဲ့ ဧရာမကန်တော်ကြီးမို့ ပင်လယ်တမျှ ကျယ်ပြောတယ်ဆိုတဲ့ ညွှန်းဆိုမှုနဲ့ အောင်ပင်လယ် အမည်တွင်ခဲ့ပါတယ်။ လယ်ပယ်ပေါင်း သုံးသောင်းကို မြောင်းသုံးသွယ်နဲ့ ရေကောင်းရေရှင်ပေးနိုင်ခဲ့ပါသတဲ့။ မန္တလေး ရတနာပုံနေပြည်တော်ကို မင်းတုန်းမင်း တည်တော်မူဖို့ နေရာရွေးချယ်ရာမှာ အောင်ပင်လယ်ကန်ကြီးရဲ့ တင့်တယ်သာယာကျယ်ပြောမှုကလည်း အဓိကအချက်မှာ ပါဝင်ခဲ့ပါတယ်။ ရွှေကြာနီ၊ ရွှေကြာဖြူ၊ ကြူရရှုငယ်လေ သင်းသင်း၊ နံ့ရှင်းရှင်း၊ အိုင်မင်း အိုင်ဆဒ္ဒန်၊ တူတည်းတူမောဟန်လို့ အောင်ပင်လယ် ကြာချပ်ကြီးကြိုးမှာ ဦးလွန်းပြေရေးဖွဲ့သလို ရေနေပိုးမွှားအစ ကျေးငှက်သာရကာအလယ်၊ သမင်ဒရယ် သားကောင်ငယ် အဆုံး ဘေးမဲ့ပေး ပျော်ရွှင်မြူးကြစေခြင်းနဲ့အတူ ပန်းပေါင်းရနံ့စုံ ဖူးပွင့်ကြလေကုန်သော သဘာဝဝန်းကျင်အလှဟာ မန္တလေးရတနာပုံ နေပြည်တော်အတွက် 'အောင်ပင်လယ်' တစ်ခုနဲ့တင် ပြည့်စုံလုံလောက်နေတယ် မဟုတ်ပါလား။


ပြင်ဦးလွင်လမ်းပေါ်က ကျောက်စာဂူ။

**တကယ်တော့ အစစ်ကဲ့သို့ အခုတော့ လယ်ကောဖြစ်လို့**

ဒီအောင်ပင်လယ်မှာပဲ မြန်မာတို့ရဲ့ ခေတ်မီလက်နက်နိုင်ငံတော် စိတ်ကူး၊ ရေမြုပ်ဗုံး ဇာတ်လမ်းစပြီးချက်ချင်းပဲ ဇာတ်သိမ်းခဲ့ရတယ်တဲ့။ မြန်မာတစ်ပြည်လုံး သူ့ကျွန်အောက်ရောက်ပြီး ၁၉၀၀ ပြည့်နှစ်ကျော် စွန်းစွန်းမျှကာလမှာပဲ အောင်ပင်လယ်ဟာ ရေတွေဖောက်ထုတ်ခံရပြီး လယ်ကွင်းကြီးအဖြစ် ဖော်ထုတ်အသွင်ပြောင်းခံရတာလည်း သမိုင်းမှတ်တမ်းတစ်ခုပါပဲ။ ဒါကြောင့် အဲဒီခေတ် တေးရေးကျော်နန်းတော်ရှေ့ဆရာတင်က 'အောင်ပင်လယ်. . . အောင်ပင်လယ်. . . အောင်ပင်လယ်. . . တကယ်တော့ အစစ်ကဲ့သို့ အခုတော့ လယ်ကောဖြစ်လို့၊ ကောင်းဖို့ရွယ်သောခေတ်ကို အခုပင်မျှော်မိတယ်' လို့ သူ့သီချင်းထဲမှာ မညည်းဝံ့ဝံ့ ညည်းဝံ့ဝံ့နဲ့ ချီးမွမ်းခဲ့တာ သတိရမိပါသေးတယ်လေ။ အလွမ်းပြေပေါ့။

"သကရာဇ် ၁၁၅၁ ခု မိဂ္ဂသီနှစ် ကဆုန်လပြည့်နေ့ မြေနန်တော်ထက် နှစ်သစ်မင်္ဂလာ အခါတော်နှင့် တစ်ပြိုင်နက် ဖူးမြော်ဆက်သ ခံတော်မူ ရုယ် နွယ်တော်ရင်စစ် ဖြစ်တော်မူသော ဖေလောင်တော် လှေစကြာသိခင် နရပတိစည်သူမင်းကြီး၏ ဖကြီတော် အလောင်းစည်သူမင်းကြီး၏ သား နရသူမင်း၏ အစ်ကို နောင်ချစ်မင်လျာဖြစ်သော မင်ရှင်စောသည် သကရာဇ် ၅၁၃ ခု ဆည်တော်မူသော အလျားတာ သုံးထောင် လယ်ပယ်သုံးသောင် မြောင်သုံသွယ်တို့ဖြင့် အလွန်ကြီးကျယ်သော ကန်တိလိ အမည်ယို့သော အောင်ပင်လယ် ကန်တော်ကြိသည်. . ." 'ပြည်သူပြည်သားတို့ စီးပွားချမ်းသာ ဖြစ်စေလိုရုယ် နှစ်သစ်အခါမှ ရက်သုံးဆယ်ရာသီ မေခုန် နယုန်လပြည့် တနင်လာနေ့ မင်းတို့ဓမ္မတာ လယ်ထွန်မင်္ဂလာ ထွက်စံတော်မူရုယ် မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်၊ မတ်တော်၊ ကတော်စိုးမင်းတို့နှင့်တကွ နေပြည်တော်နေ တစ်အိမ် တစ်ယောံ နေခံတော်ပါ အသိန်မကသော ဗိုအထုနှင့် . . .'

***(အောင်ပင်လယ်ကန်ထိပ်ရှိ ဘိုးတော်ဘုရား ရေးထိုးခဲ့သော ကျောက်စာ မူရင်းသတ်ပုံမှ)***

**ကျောက်စာဝန်းကျင် နေရာတွေကို ပြန်လွှဲပါ့မယ်တဲ့**

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာကျော်က သမိုင်းအတွက် သာမက မန္တလေးနယ်နိမိတ်နဲ့ အောင်ပင်လယ်ကန်ရဲ့ နယ်နိမိတ်နဲ့ ပထဝီဝင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစတဲ့ အချက်အလက်တွေအတွက် တန်ဖိုးရှိလှတဲ့ ကျောက်စာကြီးတွေဟာ လမ်းဘေးမှာ လူမသိ သူမသိနဲ့ အပစ်ပယ်ခံနေကြရတယ်။

မန္တလေးတောင်ခြေ ဘိုးဘိုးကြီးနန်းစောင်းတန်းအဆင်းအရှေ့ဘက်က ကျောက်စာကလည်း ကျောင်းဝင်းတစ်ခုရဲ့ အုတ်တံတိုင်းထဲ ဘယ်အချိန်က ရောက်သွားမှန်း မသိရဘဲ ပစ္စည်းဟောင်း ဂိုဒေါင်အသွင်ပြောင်းကာ မကြာခင်မှာပဲ ပျောက်ဆုံးပါတော့မယ်။ မန္တလေး-ပြင်ဦးလွင် လမ်းမကြီးရဲ့ မန္တလေးက အထွက်မိုင်တိုင် ခြောက်မိုင် နှစ်ဖာလုံအနီးက အောင်ပင်လယ်ကျောက်စာဟာ အရင်က လမ်းနံဘေးမှာ လွတ်လွတ်လပ်လပ်ရှိခဲ့ပေမယ့် အခုအခါ ကျောက်စာရုံလည်း ခြံဝင်းတစ်ခုထဲရောက်သွားတယ်။ နန်းဦးလွင်ရွာရှိ မြို့ပတ်လမ်းအောက်မြုပ်လုလု ကျောက်စာကိုတော့ လမ်းပေါ်မြင့်တင်ပြီး ပြန်လည်ထိန်းသိမ်းထားလို့ သာခုခေါ်မိပါတယ်။ မန္တလေး-ပြင်ဦးလွင် လမ်းမကြီးပေါ်က ခြံဝင်းထဲရောက်သွားတဲ့ ကျောက်စာရုံနဲ့ မန္တလေးတောင်ခြေက ဘုန်းကြီးကျောင်းဝင်းထဲရောက်နေတဲ့ ကျောက်စာရုံတွေကို သက်ဆိုင်ရာဝင်းပိုင်ရှင်၊ ကျောင်းပိုင်ရှင်တွေက တာဝန်ရှိသူများက စနစ်တကျ ဝင်းခတ် ကမ္ဗည်းထိုး ထိန်းသိမ်းကြပါ၊ ကျောက်စာဝန်းကျင် နေရာတွေကို ပြန်လွှဲပါ့မယ်လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ပြောသတဲ့။

ဒီလိုရေးထိုးခဲ့တဲ့ ကျောက်စာတွေဟာ အထိန်းသိမ်းကောင်းကောင်းနဲ့ တန်ဖိုးထားကြရမှာပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာကျော်က သမိုင်းအတွက်သာမက မန္တလေးရွှေကြိုးသတ် နယ်နိမိတ်နဲ့ သမိုင်းဝင်အောင်ပင်လယ်ကန်ရဲ့ နယ်နိမိတ်နဲ့ ပထဝီဝင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစတဲ့ အချက်အလက်တွေအတွက် တန်ဖိုးရှိလှတဲ့ ကျောက်စာကြီးတွေဟာ ထိန်းသိမ်းသူမဲ့ပြီး ပျောက်ဆုံးသွားမှာ စိုးရိမ်ရပါတယ်။


မန္တလေးတောင်ခြေက ကျောက်စာဂူ။



# ပေါက်တောမြို့နယ် သရက်တောကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်

**ပေါက်တော မေ ၂၂**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် သရက်တောကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက သရက်တောကျေးရွာ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ဖွင့်လှစ်သည်။

ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိန်၊ သရက်တောကျေးရွာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးညီကြီးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိန်က စာပေတန်ဖိုး၊ စာကြည့်တိုက်၏ အကျိုးကျေးဇူးနှင့် ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ငါးရပ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပေါက်တောမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးဦးချစ်စိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်-၃ ဦးအေးလွင်တို့က စာကြည့်တိုက်နှင့်ပတ်သက်သည့် လိုအပ်ချက်များကို ထပ်မံဖြည့်စွက်ပေးနိုင်ရန် အားပေးစကားများပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များလှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါစာကြည့်တိုက်မှာ အလျား ၁၅ ပေ၊ အနံ ၉ ပေ၊ အမြင့် ၈ ပေရှိ တစ်ထပ်အဆောက်အအုံဖြစ်သည်။ ထို့ပြင် စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သရက်တောကျေးရွာ စာကြည့်တိုက် အဆောက်အအုံရှေ့၌ နံရံကပ်စာစောင်ပြပွဲ၊ မြန်မာ့အလှသဘာဝရှုခင်း ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများ ခင်းကျင်းပြသသည်။

စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြို့နယ်အဆင့် ဌာနဆိုင်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးစီမံကိန်း စီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ညောင်ဦး၌ ကျင်းပ

**ညောင်ဦး မေ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး စီမံကိန်း လုပ်ငန်းလမ်းညွှန်မှုအား မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးစီမံကိန်း(OTOP) စီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၁ ရက် နံနက် ၁၀ နာရီက ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်က အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငွေ (ဒုတိယညွှန်ကြားရေးမှူး)က ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးစီမံကိန်း (OTOP) စီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ဆက်လက်၍ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (ILO) Master Trainner ဦးထွန်းထွန်းအောင်က ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်းသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

တက်ရောက်လာကြသည့် ကျေးလက်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာနများမှ တာဝန်ရှိသူများက ညောင်ဦးမြို့နယ်အတွင်း ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးစီမံကိန်း လုပ်ငန်းများဆောင်ရွက်ရန် အလားအလာကောင်းမွန်မည့် မွေးမြူရေးလုပ်ငန်းအတွက် ကျေးရွာနှစ်ရွာ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ကျေးရွာတစ်ရွာနှင့် အိမ်တွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းအတွက် ကျေးရွာသုံးရွာတို့ကို ဦးစားပေးရွေးချယ်၍ အကြံပြုချက်များကို ရှင်းလင်းဆွေးနွေး တင်ပြကြရာ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။

ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများက ဆွေးနွေးအကြံပြုချက်များနှင့် ညောင်ဦးမြို့နယ်တွင်း ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးစီမံကိန်းဆောင်ရွက်ရာတွင် မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အလားအလာကောင်းမွန်၍ ဦးစားပေး ရွေးချယ်ပေးထားသည့် ကျေးရွာခြောက်ရွာအနက်မှ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပိုမိုအလားအလာကောင်းမွန်သည့် ကျေးရွာတစ်ရွာကို အတည်ပြုရွေးချယ်ပြီး စီမံကိန်းလုပ်ငန်းများအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**




# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသလမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေး ငွေကျပ်သန်းတစ်သောင်းကျော် သုံးစွဲမည်

**မုံရွာ မေ ၂၂**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ကျေးလက်ဒေသများရှိ လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ပုံငွေကျပ်သန်း ၁၁၅၀၀ အကုန်အကျခံ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းများတွင် ကျေးလက်ဒေသများရှိ လမ်းများကို အသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင် ခင်းကျင်းခြင်းနှင့်အဆိုပါလမ်းများတစ်လျှောက်နှင့် အခြားလိုအပ်သောနေရာများတွင် ပေ ၅၀ အထက်နှင့် ပေ ၅၀ အောက် တံတားများတည်ဆောက်ခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေး ရေပြွန်များတပ်ဆင်ခြင်းတို့ကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေလမှ စက်တင်ဘာလအထိ ကျေးလက်ဒေသများတွင် ကွန်ကရစ်လမ်းခင်းခြင်းကို လမ်းအရှည် ၆ ဒသမ ၆ ဖာလုံ၊ ကတ္တရာခင်းကျင်းခြင်းကို လမ်းအရှည် ၈ မိုင် ၁ ဒသမ ၁ ဖာလုံ၊ ကျောက်လမ်းခင်းကျင်းခြင်းကို လမ်းအရှည် ၂၃ မိုင် ၅ ဒသမ ၅၂ ဖာလုံ၊ မြေသားလမ်းဖောက်လုပ်ခြင်းကို ၉၃ မိုင် ၁ ဖာလုံ၊ ဂဝံ၊ ဂျင်းကျောက်ခင်းကျင်းခြင်းကို လမ်းအရှည် ၈ မိုင် ၅ ဖာလုံ၊ တံတားနှင့် ရေပြွန်တည်ဆောက်ပေးခြင်း လုပ်ငန်းများအဖြစ် ပေ ၅၀ အထက်တံတားတစ်စင်း၊ ပေ ၅၀ အောက်တံတားနှင့် ရေပြွန် ၁၂၁ စင်းအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၁၁၅၀၀ အကုန်အကျခံ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဒေသထွက်သီးနှံများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးဆွေးနွေး

**ကန့်ဘလူ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် အတွင်းရှိ မြို့နယ်များမှ သရက်ခြံသီးနှံ စိုက်ပျိုးထုတ်လုပ်သူ ဒေသခံတောင်သူများ အော်ဂဲနစ်စိုက်ပျိုးမှုစနစ်ကို ပိုမိုစိတ်ဝင်စားလာစေရေးနှင့် ဒေသထွက်သီးနှံများကို ဈေးကွက်ဝင်တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ်ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်ရေးရည်ရွယ်ကာ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်စိုက်ပျိုးနည်းစနစ်များ၊ စားသုံးသူ ဘေးအန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများကို အနည်းဆုံးဖြစ်စေရန်လိုက်နာရမည့်နည်းလမ်းများ၊ သရက်သီးများ ရင့်မှည့်ချိန်မတိုင်မီ တို့ဆေးသုံးပြီး ဈေးကွက်သို့တင်ပို့ရောင်းချခြင်း မရှိစေရေး၊ အမျိုးသား အစားအသောက်ဥပဒေ ပြဋ္ဌာန်းချက်ပါ ပြစ်မှုပြစ်ဒဏ်များ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများအကူအညီရယူလိုပါက မိမိတို့ဌာနများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းရွှေ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းပို၊ မြို့နယ်သရက်ခြံတာဝန်ခံ ဦးသန်းထွန်းဦးတို့က ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူ သရက်ခြံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ သိရှိလိုသည့်မေးမြန်းချက်များကိုလည်း ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။



ယခုအခါ စားသုံးသူများ အန္တရာယ်ကင်းရှင်းရေး ဦးစားပေးစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အာဆီယံ GAP ကို အခြေခံလျက် မြန်မာ GAP လုပ်ငန်းစဉ် ၁၆ ချက်ရေးဆွဲ၍ သီးနှံ ၁၅ မျိုးအထိ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါ သီးနှံများထဲမှ သရက်သီးနှံသည် ပထမဆုံး GAP အသိအမှတ်ပြုလက်မှတ်ရရှိသည့်သီးနှံဖြစ်ကြောင်း သိရသည်။

GAP ဆိုသည် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်ပြီး စတင်မြေပြုပြင် စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ အဆင့်ဆင့်တိုင်းတွင် စားသုံးသူအတွက် ဘေးအန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများကို အနည်းဆုံးဖြစ်စေရန်လိုက်နာရသည့်နည်းလမ်းများကို စုစည်းထားသည့် စံသတ်မှတ်ချက်များဖြစ်သည်။

GAP အသိအမှတ်ပြုသရက်သီးများ အရည်အသွေးပြည့်မီပြီး စားသုံးသူများ အန္တရာယ်ကင်းကင်း စားသုံးနိုင်အောင် စိုက် ပျိုးထုတ်လုပ်ရန်လိုအပ်ပြီး ဈေးကွက်မှလည်းဈေးကောင်းပေးဝယ်ရန် တောင်းဆိုလာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် GAP လက်မှတ်ရ သရက်ခြံများရှိလာပြီး GAP အသိအမှတ်ပြု လက်မှတ်ရရှိရေး လျှောက်ထားလာသည့်ခြံများလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်းသိရပြီး ကန့်ဘလူမြို့နယ်တွင် GAP အသိအမှတ်ပြုလက်မှတ် ရရှိရေးလျှောက်ထားသော ခြံလေးခြံရှိကြောင်း မြို့နယ်သရက်ခြံတာဝန်ခံ ထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၂**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပပလင်းနှင့် တာဝန်ရှိများ၊ ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသင်တန်းပေးခြင်းနှင့် မော်တော်ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် (က)လိုင်စင် ကွင်းဆင်းပြုလုပ်ပေးကြသည်။

"လိုင်စင်မလုပ်ရသေးသူများကို ဆောင်ရွက်ပေးတာပါ၊ ကွန်ပျူတာစနစ်နဲ့ ချိတ်ဆက်စစ်ဆေးပေးပြီး လိုင်စင်ရှိပြီးသူတွေပါလာရင် သူတို့ကိုတော့ ရုံးတွင်သာလာရောက်ဆောင်ရွက်ခိုင်းမှာဖြစ်ပါတယ်"လို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးအောင်ကျော်ဆန်းက ပြောသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးကျော်ဇင်လင်းထိုက်က ယာဉ်မောင်းသူများ လိုက်နာရမည့် အချက်များ၊ လမ်းညွှန်၊လမ်းအမှတ်အသားများဆိုင်ရာ သိမှတ်ဖွယ်ရာများကို သင်ကြားပို့ချပေးပြီး ရေးဖြေနှင့်လက်တွေ့စစ်ဆေး၍ အောင်မြင်သူများကို လိုင်စင်များ နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း၊ ဇမ္ဗူသီရိမြို့နယ်တွင် နှစ်ကြိမ်မြောက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဇေယျာသီရိမြို့နယ်၌ မေ ၂၁ ရက်က ပြည်သူ ၃၇၅ ဦးအား ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကို နေ့ချင်းပြီး ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကျန်မြို့နယ်များတွင် ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန့်မောင်**

# သင်္ကြန်အလွန် ရန်ကုန်မြို့တွင် စားသောက်ဖွယ်ရာအချို့ ဈေးနှုန်းမြင့်တက်လာ

**ရန်ကုန် ဧပြီ ၂၂**

သင်္ကြန်ပိတ်ရက်အလွန် စားသောက်ဆိုင်အချို့ ပြန်လည်ဖွင့်လှစ်ရောင်းချလာရာတွင် စားသောက်ဖွယ်ရာအချို့ ဈေးနှုန်းများမြင့်တက်လာသည်ဟု လမ်းမတော်မြို့နယ်နေ ကိုမောင်ကဆိုသည်။

တန်ဆောင်တိုင်ဈေးရောင်းပွဲတော်အတွင်း ဆိုင်ခန်းနေရာဈေးမြင့်မှုကြောင့် ယင်းပွဲတော်ရက်အတွင်း စားသောက်ဖွယ်ရာအချို့ ဈေးမြှင့်တင်ရောင်းချရာမှ ပွဲတော်အပြီး ပုံမှန်ရောင်းချချိန်တွင်မူ မူလဈေးနှုန်းအတိုင်းမရောင်းချဘဲ ပွဲတော်ရက်ဈေးအတိုင်း ရောင်းချသည်ဟု လမ်းမတော်မြို့နယ်နေ စားသုံးသူများက ဆိုသည်။

သင်္ကြန်အလွန်တွင်လည်း နေ့စဉ်ဝယ်ယူစားသုံးနေရသော စားသောက်ဖွယ်ရာ ဈေးနှုန်းများသည် တစ်ပွဲလျှင် တစ်ရာကျပ်၊ နှစ်ရာကျပ် စသည်ဖြင့်ဈေးတင်ရောင်းချလာသည်။ သားငါးဈေး စားဖိုဆောင် ကုန်စည်ဈေးနှုန်း အများစုဈေးတက်ခြင်းမရှိသော်လည်း ရန်ကုန်မြို့တွင်းရောင်းချနေသော စားသောက်ဖွယ်ရာ ဈေးနှုန်းများ မြင့်တက်လာနေသည်။

စားသောက်ဆိုင်ကြီးများက ဈေးနှုန်းမြှင့်တင်လာခြင်းနှင့်အတူ လမ်းဘေးရောင်းချသောဆိုင်သေးများတွင်ပါ ဈေးမြင့်တက်လာသည်။ တစ်ရက်လုပ်အားခ နှုန်းထားပြင်ဆင်ပြောင်းလဲခြင်း၊ နိုင်ငံ့ဝန်ထမ်း အရာထမ်း၊ အမှုထမ်းလစာတိုးမြှင့်ပေးမည့် သတင်းများ တရားဝင်ထွက်ပေါ်လာသော ယခုလပိုင်းတွင် ကုန်ဈေးနှုန်းမြင့်တက်လာမည်ကို စိုးရိမ်နေကြချိန် သားငါး၊ စားဖိုဆောင်ကုန်စည် အများစု ဈေးမတက်သော်လည်း အများပြည်သူစားသုံးနေသော စားသောက်ဖွယ်ရာများ ဈေးနှုန်း စတင်မြင့်တက်လာသည်။

ရန်ကုန်မြို့တွင်း အများပြည်သူ လက်လှမ်းမီဝယ်ယူစားသုံးနေသော ခေါက်ဆွဲ၊ မုန့်ဟင်းခါး အလွတ်တစ်ပွဲလျှင် ရောင်းအားကောင်းဆိုင်အချို့တွင် ကျပ်တစ်ရာနှုန်း ဈေးတက်လာသည်။ ၂၀၁၇ ခုနှစ် မတိုင်မီထက်တစ်ပွဲလျှင် ငွေကျပ် ၃၀၀ ခန့် ဈေးတက်လာရာ ယခုနှစ်သင်္ကြန်အလွန်တွင် အကြော်မပါ တစ်ပွဲလျှင် ၇၀၀ ကျပ်နှုန်း ဝယ်စားရသည်။

သို့သော် မြစ်ဝကျွန်းပေါ် မြို့အချို့တွင် ခေါက်ဆွဲ၊ မုန့်ဟင်းခါးအလွတ်တစ်ပွဲ ကျပ် ၂၀၀၊ ၂၅၀ သာရှိနေသေးသည်ဟု မော်ကျွန်းမြို့နေ အငြိမ်းစားဝန်ထမ်း ဦးလှစိုးက ဆိုသည်။ အလားတူ ဂျုံဈေးနှုန်းပြောင်းလဲမှု နည်းသည်မှာ နှစ်အတန်ကြာနေသော်လည်း ရန်ကုန်မြို့တွင်း လက်ဖက်ရည်ဆိုင်များတွင် နံပြားတစ်ချပ် ကျပ် ၂၀၀ နှုန်း ဝယ်ယူစားသုံးနေရသည်။ ပစ္စည်းဖိုးကျပ်တစ်ရာလျှင် သယ်ယူပို့ဆောင်စရိတ် ၁၅ ကျပ်ဝန်းကျင်ရှိသည်ဟု ဆိုသော်လည်း ရန်ကုန်မှ ဂျုံမှာယူ အသုံးပြုနေရသော နယ်တွင် နံပြားတစ်ချပ် ကျပ်တစ်ရာဖြင့်သာ ဝယ်ယူစားသုံးနေရသည်ဟု မော်ကျွန်း (၉) လမ်းနေ ဈေးသည် ကိုစိန်အေးကဆိုသည်။

ဈေးနှုန်းကွာခြား မြင့်တက်လာသည့်အကြောင်းတွင် ဝယ်ယူစားသုံးနေသူများရှိနေခြင်းသည် အဓိကကျသည်။ သို့သော် စားသုံးသူများ လက်လှမ်းမမီသည့် ဈေးနှုန်းအနေအထား တစ်ရပ်သို့ ရောက်လာချိန်တွင် ရောင်းအားကျဆင်းခြင်းများ ရှိလာတတ်သည်ဟု ကြေးအိုးဆိုင်သို့ အသားများ ဝယ်ယူပေးပို့နေသူ ကိုတုတ်ကဆိုသည်။

ဆယ်နှစ်တာကာလအတွင်း ဈေးနှုန်းများနှိုင်းယှဉ်ကြည့်ပါက အသားငါးဈေးမြင့်တက်ပြောင်းလဲခြင်းထက် အများပြည်သူဝယ်ယူစားသုံးနေသော စားသောက်ဖွယ်ရာဈေးနှုန်းများ မြင့်တက်ပြောင်းလဲခြင်းက ပိုများနေသည်။ စားဖိုဆောင်ကုန်စည်များတွင် စားအုန်းဆီ လက်ကားတစ်ပိဿာ ကျပ် ၃၀၀၀ ခန့် ၂၀၁၁ ခုနှစ် နှစ်လယ်ပိုင်းတွင်ရှိခဲ့သော်လည်း ယခုအခါ ကျပ် ၁၆၀၀ ကျပ်ဝန်းကျင်သာ ရှိနေသည်။ ကြက်သွန်ဖြူဈေးနှုန်းမှာ ယခင်နှစ်ကာလတူ အချိန်ထက် ယခုအချိန် ရှမ်းကြက်သွန်ဖြူဈေးနှုန်းထက်ဝက်သက်သာနေပြီး ကြူကုတ်ကြက်သွန်ဖြူဆိုလျှင် ယခင်နှစ်ကာလတူဈေး၏ ၂၀ ရာခိုင်နှုန်းသာရှိသည်။ ဝယ်လိုအားနှင့် စားသုံးလာရခြင်းအပေါ် မိမိအကျိုးစီးပွားပိုမိုရရှိရေးလုပ်ဆောင်ခြင်းများကြောင့် အများပြည်သူအနေဖြင့် လုပ်အားခ တိုးမြှင့်ရလာသော်လည်း ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကို တစ်ပါတည်းတွေ့ကြုံလာရ၍ ဝမ်းသာအားရ အပြည့်အဝမခံစားနိုင်သေးဟု ပြောဆိုခြင်းများကို မီဒီယာများတွင် လူတွေ့မေးမြန်းခြင်းအပြင် ကာတွန်းများတွင်ပါ မြင်တွေ့လာရသည်။

**မောင်စေအောင်**



# မြန်မာ့ရေချိုပုစွန်များ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ ချဲ့ထွင်နိုင်မည်

**ပုသိမ် ဧပြီ ၂၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဧပြီ ၂၁ ရက် နံနက် ၇ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲရှိ Ayeyarwaddy Fishery Development Co.,Ltd ၏ ရေချိုပုစွန် မွေးမြူရေးလုပ်ငန်းများဖြစ်သော မိရိုးဖလာ မွေးမြူခြင်းနှင့် နည်းပညာမြင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့အား သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တာဝန်ရှိသူများက ရေချိုပုစွန် မွေးမြူရေးစီမံကိန်း လက်ရှိဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းထုတ်လုပ်မှု လုပ်ငန်းများကို တိုးတက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် ပို့ကုန် တိုးမြှင့်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားရန်လိုပါကြောင်းနှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်စေရေး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ယုံကြည်စွာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းအပေါ် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများအား အောင်မြင်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စီမံကိန်း ဧရိယာအတွင်းရှိ ဒီရေတောများကိုလည်း စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အဆိုပါ ကုမ္ပဏီသည် နိုင်ငံခြားမှ နည်းပညာအကူအညီဖြင့် ရေချိုပုစွန် မွေးမြူရေးကန်ပေါင်း ၂၄၀ ဖော်ထုတ် ဆောင်ရွက်လျက်ရှိပြီး မွေးမြူသည့် နည်းစနစ်မှာ တစ်ကုဗမီတာတွင် ပုစွန်သားလောင်း ၁၅၀ ကောင် ထည့်သွင်းမွေးမြူ၍ အသားတင် အသက်ရှင်နှုန်းမှာ ၈၀ ကောင် ရှိမည်ဖြစ်ကြောင်း၊ မွေးမြူရေးကန် တစ်ကန်တွင် ပုစွန် ၁၅ ဒသမ ၃၆ တန်ခန့် အသားတင်ထွက်ရှိနိုင်မည်ဖြစ်ပြီး ကာလအားဖြင့် တစ်နှစ်လျှင် သုံးကြိမ် မွေးမြူနိုင်မည်ဖြစ်သဖြင့် စုစုပေါင်း ပုစွန် ၁၁၀၀၅၉ တန် ထွက်ရှိနိုင်မည်ဖြစ်သည်။ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၅ သန်းခန့် ခန့်မှန်းထားကြောင်း၊ ပုစွန်ကန်များအတွင်း ရေဖလှယ်သန့်စင်သည့်စနစ်၊ အညစ်အကြေးဖယ်ထုတ်ခြင်းစနစ်တို့အား ခေတ်မီစက်ကိရိယာများဖြင့် နည်းစနစ်တကျ ပေါင်းစပ်မွေးမြူလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပုစွန်သားလောင်းဖောက်ခြင်း လုပ်ငန်းအား ပူးတွဲဆောင်ရွက်လျက်ရှိရာ တစ်ပတ်လျှင် ပုစွန်သားလောင်း ၁၅ သန်းခန့် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် သားလောင်း သန်းပေါင်း ၇၅၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ရေချိုပုစွန် မွေးမြူရေးစီမံကိန်း ရာနှုန်းပြည့် အကောင်အထည်ဖော်ပြီးစီးပါက အလုပ်အကိုင် အခွင့်အလမ်းအနေဖြင့် လုပ်သားပေါင်း ၃၀၀၀ ခန့် အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်ပြီး ယခုအချိန်မှ စတင်ကာ လုပ်သားများအား လုပ်ငန်းသုံး စက်ကိရိယာကျွမ်းကျင်မှု သင်တန်းနှင့် ရေချိုပုစွန် အစာအတွက် ဓာတ်ခွဲခြင်း သင်တန်းများအား ပို့ချပေးလျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ ဦးစီးဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်နေမှုများအား တွေ့ဆုံမေးမြန်းခဲ့ပြီး လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် သာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ပဲခူး ဧပြီ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန သက်ဆိုင်ရာ တိုင်းဒေသကြီး လမ်းဦးစီးဌာနများက ဦးဆောင်ပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး သန့်ရှင်းသာယာလှပရေးအတွက် ဧပြီ ၂၁ ရက် နံနက် ၇ နာရီ က စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မိုင်တိုင် (၂၆/၄) မှ (၁၈၅/၀)အထိ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်လမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ၁၄ မြို့နယ်မှဝန်ထမ်းများ၊ လမ်းအထူးအဖွဲ့(၁၅)နှင့် တံတားအထူးအဖွဲ့(၉)မှ ဝန်ထမ်းများစုစုပေါင်း အရာထမ်း၊ အမှုထမ်းနှင့်လုပ်သား ၄၈၀ တို့သည် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အတွင်း မိုင်တိုင် (၀၀/၀)မှ (၂၆/၄)အထိ ရန်ကုန်-မန္တလေး အမြန်လမ်းဘေးဝဲ၊ ယာတို့၌ ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း၊ လုပ်သား စုစုပေါင်း ၂၀၀ တို့ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ မိုင်တိုင် (၁၈၅/ ၀) မှ(၂၄၂/၃)အထိ နေပြည်တော် လမ်းဦးစီးဌာနမှအရာထမ်း၊ အမှုထမ်း၊ လုပ်သား ၉၀ တို့ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း မိုင်တိုင် (၂၄၂/ ၃) မှ (၃၅၄) အထိ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း၊ လုပ်သားအင်အား ၂၇၆ ဦးတို့ဖြင့်လည်းကောင်း စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှု ပြုလုပ်ကြသည်။

အဆိုပါ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအုန်းလွင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး လမ်းဦးစီးဌာနညွှန်ကြားရေးမှူးများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

လမ်းဦးစီးဌာနမှဦးဆောင်၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ဘေး ဝဲ၊ ယာ စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှုအား ဧပြီ ၂၁ ရက်မှ ၂၂ ရက်အထိ အမြန်လမ်းမကြီး သန့်ရှင်းသာယာလှပရေး၊ လမ်းအသုံးပြုသူ ခရီးသွားပြည်သူများ အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်စေရန်ရည်ရွယ်၍ စုပေါင်းအမှိုက်ကောက်ခြင်းလှုပ်ရှားမှုတစ်ခုအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အမြန်လမ်းမကြီး ဘေး ဝဲ၊ ယာတွင် အမှိုက်များ စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်း မရှိစေရန်အတွက် လမ်းအသုံးပြုသူ ခရီးသွားပြည်သူများ သိရှိလိုက်နာစေရန် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူထားခြင်း၊ ယာဉ်ရပ်နားရာနေရာများတွင် အမှိုက်ပုံးများ ထားရှိပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# မယ်စဲ့မြို့နယ်သို့ Mobile ဈေးကားများ လာရောက်ရောင်းချမှုအဆင်ပြေ

**မယ်စဲ့ ဧပြီ ၂၂**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးမရှိသဖြင့် လွိုင်ကော်မြို့နှင့် အိမ်နီးချင်း ထိုင်းနိုင်ငံတို့မှ Mobile ဈေးကားများဖြင့် လာရောက်ရောင်းချလျက်ရှိရာ ဈေးသည်များနှင့် ဝယ်ယူစားသောက်ရသည့် ဒေသခံပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် နှစ်ဦးနှစ်ဖက်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မယ်စဲ့မြို့နယ်တွင် ဒေသတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုနည်းပါးပြီးအချို့သာ မိသားစုစားသုံးရန် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည့်အတွက် ဒေသထွက် ဟင်းသီးဟင်းရွက်နှင့် စားသုံးမှုမှာ ဖူလုံခြင်းမရှိသောကြောင့် Mobile ဈေးကားများကို သာစောင့်မျှော်၍ အလေးထားဝယ်ယူ သုံးစွဲကြရသည်။ အဆိုပါဈေးကားများတွင် ဟင်းသီးဟင်းရွက်၊ အသားငါး၊ ဘူရားပန်း၊ အာလူး၊ ပဲပုပ်၊ ကြက်သွန်ဖြူ/နီ၊ အသီးအနှံများအပြင် ကြက်အူချောင်း၊ ဝက်အူချောင်းနှင့် မုန့်ပဲသရေစာမှအစ စုံလင်စွာပါရှိသည့်အပြင် ဈေးနှုန်းမှာလည်း လွိုင်ကော်နှင့် အနည်းငယ်သာခွာ၍ ရောင်းချကြောင်းသိရသည်။

“ကျွန်တော်တို့ လွိုင်ကော်ကနေမနက်စောစောထွက်လာပြီး လမ်းတစ်လျှောက်ရှိ ရွာတွေကို ရောင်းလာတယ်၊ နောက်ပြီး လမ်းတစ်လျှောက်ကမှာတဲ့ ကုန်ပစ္စည်းတွေကိုလည်း တင်လာပေးတယ်၊ ကိုယ့်ကားနဲ့ကိုယ်ဆိုတော့ ရောင်းကုန်တွေအပေါ် လွိုင်ကော်နဲ့ ဈေးအနည်းငယ်သာခွာ ရောင်းတယ်၊ ကားဆီဖိုး၊ စားစရိတ်ဖယ်လိုက်ရင် ကုန်သယ်ယူစရိတ်နဲ့ အမြတ်ငွေကျပ် ၅၀၀၀၀ မှ ၇၀၀၀၀ ထိကျန်တဲ့အတွက် တွက်ခြေကိုက်တယ်” ဟု Mobile ဈေးကားမှ ဈေးသည်တစ်ဦးက ပြောသည်။

“ကျွန်မတို့ရပ်ဝေးကလာပြီး တာဝန် ထမ်းဆောင်ရတဲ့ဝန်ထမ်းတွေအဖို့ အခုလိုအိမ်ရှေ့ထိ လာရောက်ရောင်းချတဲ့ ဈေးကားတွေရှိတဲ့အတွက် အချိန်မကုန်ဘဲ တစ်နေရာတည်းမှာ အစုံအလင်ဝယ်ယူရလို့အဆင်ပြေတယ်” ဟု မယ်စဲ့မြို့တွင် တာဝန်ထမ်းဆောင်ရသည့် ဝန်ထမ်းတစ်ဦးက ပြောသည်။

မယ်စဲ့မြို့သည် လွိုင်ကော်မြို့နှင့် မိုင် ၁၀၀ ကျော်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် Mobile ဈေးကားများအပြင် ဆိုင်ကယ်များဖြင့် နေ့စဉ်လာရောက်ရောင်းချသည့် ဈေးသည်များအနေဖြင့် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေး

**ဒဂုံမြို့သစ်(အရှေ့ပိုင်း) ဧပြီ ၂၂**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးကိုကိုလွင်သည် ဧပြီ ၁၉ ရက် ညနေပိုင်းက ရွာသာကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# Men International Myanmar နှင့် Miss Tourism Queen of the World Myanmar 2018 ဖိုင်နယ်ပြိုင်ပွဲ မြို့ကြီးနှစ်မြို့တွင်ကျင်းပမည်

ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင်ကျင်းပမည့် Men International 2018 ပြိုင်ပွဲ နှင့် Miss Tourism Queen of the world 2018 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် နိုင်ငံကိုယ်စားပြုအလှမောင်၊ မယ်များရွေးချယ်ခြင်း နောက်ဆုံးပွဲစဉ်ကို ရန်ကုန်၊ မန္တလေး မြို့ကြီးနှစ်မြို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မွန်ပြည်နယ် ကိုယ်စားပြု အလှမောင်၊ မယ် ရွေးချယ်ပွဲကို ပြီးခဲ့သည့် သီတင်းပတ်အတွင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ MMPA Organization ကစီစဉ်ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲမှ မွန်ပြည်နယ်ကိုယ်စားပြု ဆန်ခါတင် အလှမောင်၊ မယ် ၁၀ ဦး ရွေးချယ်ခဲ့သည်။ ယင်းတို့အနက်မှ နိုင်ငံကိုယ်စားပြု အလှမောင်၊ မယ်များရွေးချယ်ခြင်း နောက်ဆုံးဖိုင်နယ်ပွဲစဉ်ကို လာမည့် ဇူလိုင်လဆန်းတွင် ရန်ကုန်၊ မန္တလေး မြို့ကြီးနှစ်မြို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။

Miss Tourism Queen of the World Myanmar 2018 Winner ဆုရှင်မှာမလေးရှားနိုင်ငံတွင်ကျင်းပမည့် Miss Tourism Queen of the World 2018 ပြိုင်ပွဲသို့လည်းကောင်း၊ Men International Myanmar 2018 Winner ဆုရှင်မှာ ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် Men International 2018 ပြိုင်ပွဲသို့လည်းကောင်း နိုင်ငံကိုယ်စားပြု အလှမောင်၊ မယ်များအဖြစ် သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။



# ပထမဆုံးရုပ်သံဇာတ်လမ်းတွဲလက်ခံရိုက်ကူးဖြစ်ခဲ့တဲ့အကြောင်း ပြောပြခဲ့တဲ့ စိုးပြည့်သဇင်



ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားသလို ဂီတနယ်ပယ်မှာလည်း တစ်ကိုယ်တော်တေးအယ်လ်ဘမ်တွေထွက်ရှိထားတဲ့ သရုပ်ဆောင် စိုးပြည့်သဇင်က 'ဇနီးချောများကွန်ရက်' အမည်ရှိဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။

ဒီရုပ်သံဇာတ်လမ်းတွဲဟာ သူ့အတွက် ပထမဆုံးဇာတ်လမ်းတွဲဖြစ်ပြီး ပါဝင်သရုပ်ဆောင်ဖို့ လက်ခံဖြစ်ခဲ့တဲ့စိတ်ကူးကိုလည်း စိုးပြည့်သဇင်က အခုလိုပြောပြခဲ့ပါတယ်။

"ဒါက စိုးပြည့်အတွက် ပထမဆုံးဇာတ်လမ်းတွဲပါ၊ စိုးပြည့်တစ်ခါမှ ဇာတ်လမ်းတွဲ မရိုက်ဖူးဘူး၊ ဒါရိုက်တာဦးအောင်သြဘာနဲ့ စိုးပြည့်အရင်ကတည်းကလည်း ရိုက်နေကျ၊ ဇာတ်လမ်းကလည်းကောင်းတယ်။ စိုးပြည့်အနေနဲ့လည်း ဇာတ်လမ်းတွဲကိုတစ်ခါမှ အတွေ့အကြုံ မရှိဖူးဘူး၊ စိုးပြည့်ကိုယ်တိုင်လည်းရိုက်ချင်တဲ့အတွက် လက်ခံဖြစ်ခဲ့တာပါ" လို့ သူက ပြောပါတယ်။

'ဇနီးချောများကွန်ရက်' ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်နေရာနဲ့ပတ်သက်ပြီးတော့လည်း 'စိုးပြည့်က အိမ်ထောင်သည်အမျိုးသမီးတစ်ယောက်နေရာကပါ၊ အိမ်ထောင်သည်အမျိုးသမီးတစ်ယောက် ဆိုပေမယ့် ဖက်ရှင်ကျကျလည်းဖြစ်ရမယ်၊ ခေတ်လည်းအရမ်းမဆန်ဘူး၊ မြန်မာဆန်ဆန်လည်းဖြစ်ရမယ်လို့ ဒါရိုက်တာကပြောတဲ့အတွက် သရုပ်ဆောင်ရမယ့် ကာရိုက်တာနဲ့ လိုက်ဖက်မယ့် ဝတ်စုံတွေကို ဒီဇိုင်နာ မမေမြတ်ဝါဆိုနဲ့ တိုင်ပင်ပြီး သေချာလေးပြင်ဆင်ဖြစ်ခဲ့ပါတယ်" လို့ သူက ပြောပြပါတယ်။

## အမေဇာတ်ရုပ်နေရာကမ်းလှမ်းလာရင်လည်း ကြိုးစားပြီးရိုက်မှာပါလို့ဆိုလာတဲ့ ထက်ထက်မိုးဦး

အနုပညာလောကမှာ ထိပ်တန်းတီဗွီကြော်ငြာမင်းသမီးတစ်ယောက်အဖြစ် အောင်မြင်မှုတွေရရှိခဲ့သလို သရုပ်ဆောင်လောကမှာလည်း ထပ်ဆင့်အကယ်ဒမီဆုရှင်အဖြစ် ပရိသတ်အားပေးမှုရရှိထားတဲ့ ထက်ထက်မိုးဦးက တစ်ကျော့ပြန် အနုပညာလှုပ်ရှားမှုတွေကိုပြန်လည်လုပ်ဆောင်တော့မယ်လို့ သိရပါတယ်။

အိမ်ထောင်ပြုပြီးနောက်ပိုင်း အနုပညာအလုပ်တွေရပ်နားထားခဲ့တဲ့ သူ့အနေနဲ့ ကမ်းလှမ်းလာတဲ့ဘယ်လိုဇာတ်ရုပ်မျိုးကိုမဆို အကောင်းဆုံးကြိုးစား သရုပ်ဆောင်သွားမယ်လို့ ထက်ထက်မိုးဦးက ပြောပါတယ်။

**ဘယ်လိုဇာတ်လမ်းပဲဖြစ်ဖြစ် ထက်က အကုန်လုံးရိုက်ချင်တယ်။**

ထူးထူးခြားခြားဇာတ်လမ်းလာငှားရင်လည်းထူးထူးခြားခြား ဇာတ်လမ်းလေးကို သေချာကြိုးစားပြီးတော့ရိုက်သွားမယ်၊ အမေဇာတ်ရုပ်နေရာကမ်းလှမ်းလာရင်လည်း ထပ်ရိုက်မှာပါ၊ ကမ်းလှမ်းလာတဲ့ ဇာတ်လမ်းအပေါ်မူတည်ပြီး ကြိုးစားပြီးရိုက်ရမှာပါပဲ၊ ဟိုးအရင်ကတည်းက အလုပ်နဲ့ပတ်သက်ရင် ထက်ညှိမှာအရမ်းကြောက်တယ်၊ လိုအပ်တာတွေကိုဒါရိုက်တာကိုမေးတယ်၊ အမြဲတမ်းကိုယ့်ဘက်က ဘာတွေလိုအပ်တယ်ဆိုတာ လေ့လာတယ်၊ အက်တင်ပိုင်းပဲဖြစ်ဖြစ်၊ အဝတ်အစားပိုင်းပဲဖြစ်ဖြစ် ဒါရိုက်တာနဲ့ အမြဲတမ်းညှိနှိုင်းတယ်၊ အနုပညာနဲ့ပတ်သက်ရင် ဒီနေ့ ဒီအချိန်ထိ ထက်ဘက်က တာဝန်ကျေအောင်လုပ်တယ်၊ ထက်အမြဲတမ်းကြိုးစားတယ်၊ ရှေ့ဆက်ပြီးတော့လည်း အလုပ်နဲ့ပတ်သက်ရင် အရာရာအကုန်လုံးကိုဘေးဖယ်ထားပြီး ကြိုးစားသွားမှာပါ"လို့ ထက်ထက်မိုးဦးက ပြောပြခဲ့ပါတယ်။

အနုပညာလှုပ်ရှားမှုတွေအနေနဲ့ စိန်ငွေးထုတ်လုပ်ရေးအတွက် ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ရိုက်ကူးထားတဲ့ 'ရှယ်ချွေးမ' ရုပ်ရှင်ဇာတ်ကားမှာ ရန်အောင်၊ အောင်ရဲလင်း၊ စိုးမြတ်သူဇာ၊ ခင်ဝင့်ဝါတို့နဲ့အတူ ထက်ထက်ပါဝင် သရုပ်ဆောင်ထားတယ်လို့သိရပါတယ်။

**မေနှင်းဆီ စုစည်းသည်။**

# သင်္ကြန်ကာလနှင့် သင်္ကြန်လွန်ကာလအတွင်း ခရီးသွားအလွှန်များပြား



**မြောင်းမြ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် သင်္ကြန်ကာလနှင့် သင်္ကြန်အလွန်ကာလတိုင် ခရီးသွားများနှင့် မိမိနေရပ်မှ လုပ်ငန်းခွင်ပြန်ကြသူများ လွန်စွာများပြားလျက်ရှိကာ ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာမှ မေတ္တာရပ်ခံချက်အရ ယာဉ်စီးခကို မြောင်းမြ-ရန်ကုန် ငွေကျပ် ၄၅၀၀ဖြင့်သာ သတ်မှတ်နှုန်းအတိုင်း ရောင်းချပေးလျက်ရှိကြောင်း ခရီးသွား ယာဉ်လိုင်းတစ်ခုမှ သိရသည်။

"သင်္ကြန်ကာလအတွင်း ယာဉ်စီးခတွေကို သတ်မှတ်ဈေးနှုန်းအတိုင်း ငွေကျပ် ၄၅၀၀ နဲ့ ရောင်းပေးပါတယ်၊ ခရီးသည်တွေကို မြောင်းမြဘက်ကမ်းမှ ကွယ်လွယ်ဘက်ကမ်းထိ၊ အဲဒီကဖယ်ရီနဲ့တင်ခေါ်ပြီး ရန်ကုန်ထွက်မယ့် ကားကြီးဆီ ပို့ဆောင်ပေးပါတယ်၊ အဲဒီဝန်ဆောင်မှုတွေအတွက် သီးခြားကောက်ခံခြင်းမရှိပါဘူး။ ခရီးသွားတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြ-ရန်ကုန် (ဧရာဝတီသား) မော်တော်ယာဉ်လိုင်းမှ ဦးသိန်းငွေးက ပြောသည်။

မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနေ မသီတာမျိုးက"ယာဉ်စီးခ ငွေကျပ် ၄၅၀၀ ပေးရပါတယ်၊ ဈေးမတက်ပါဘူး၊ တစ်ရက်ကြိုတင်ဝယ်ရပါတယ်၊ တံတားပြတ်ကျပြီးမှ ခရီးမသွားဖြစ်သေးပါဘူး၊ အခု ရန်ကုန်ကို သွားမှာပါ၊ တံတားရှိစဉ်ကတော့ အဆင်ပြေတာပေါ့"ဟုပြောသည်။

မော်တော်ယာဉ်လိုင်းတစ်ခုမှ ဂိတ်မှူး ဦးကျော်ကျော်ဦးက "ကျွန်တော်တို့ သတ်မှတ်နှုန်းထားအတိုင်း ငွေကျပ် ၄၅၀၀ နဲ့သာ ရောင်းပါတယ်၊ ခရီးသွားပြည်သူတွေ အဆင်ပြေစေရေးအတွက် ဖြစ်ပါတယ်၊ ခုအချိန်ထိတော့ အဆင်ပြေအောင် ဆောင်ရွက်နေပါတယ်၊ မိုးတွင်းအခါမှာ ဒီအတိုင်းသွားရင် အဆင်မပြေနိုင်ဘူး၊ အခက်အခဲတွေ ရှိလာနိုင်ပါတယ်" ဟု ပြောသည်။

ခရီးသွားပြည်သူများ အဆင်ပြေရေးအတွက် သတ်မှတ်နှုန်းထားအတိုင်း ယာဉ်စီးခ ရောင်းချပေးနေသော ယာဉ်လိုင်းများရှိသကဲ့သို့ မော်တော်ယာဉ်လိုင်းအချို့ကလည်း ကူးတို့ကူးပို့ပေးရခြင်း၊ ဖယ်ရီတစ်ဆင့်ဆွဲပေးခြင်းတို့အတွက် ယာဉ်စီးခကို ငွေကျပ် ၅၀၀၀၊ ၆၀၀၀ နှင့် ကောက်ခံရောင်းချခြင်းများ ရှိနေသော်လည်း ခရီးသွားများက ကျေနပ်စွာ ဝယ်ယူစီးနင်းလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ရှိ မြောင်းမြမြစ်ကူး ကြိုးတံတားကြီးသည် ယခုနှစ် ဧပြီ ၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် မြောင်းမြမြစ်အတွင်းသို့ ပြတ်ကျသွားမှုဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားမှု မရှိစေရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကတောသူမယ်နှင့် စောမာလာ နှစ်ထပ်ရေယာဉ်ဖြင့်ကူးတို့လမ်းများပြေးဆွဲ ဆောင်ရွက်ပေးခြင်း၊ ဌာနပိုင်ဇက်(၁၁၂)ရေယာဉ်နှင့် ဇက်၁၀၇ ရေယာဉ်တို့ကို အားဖြည့်ဆောင်ရွက်ကာ လက်ရှိအချိန်ထိ ရေနယား-၂ ဇက်ရေယာဉ်နှင့် တပ်မတော်ကမ်းထိုးရေယာဉ် (၁၇၀၄၊ ၁၇၀၃) နှစ်စင်းတို့ဖြင့် ခရီးသွားလာသူများ အဆင်ပြေရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေရေးအတွက် အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ပန်းတောင်းမြို့နယ်တွင် မြစိမ်းရောင်ချေးငွေများပေးအပ်

**ပန်းတောင်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် စီမံကိန်းချေးငွေများကို မေ ၂၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းချေးငွေ ပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ ကျေးလက်ဦးစီးမှူး ဦးငွေဇော်၊ မြို့နယ်မြစိမ်းရောင်ကြီးကြပ်ရေးကော်မတီဝင်များနှင့် ဝန်ထမ်းများက စီမံကိန်းချေးငွေ စုစုပေါင်း ကျပ်သန်း ၄၀၇ ဒသမ ၈၂ သန်းကို မြို့နယ်အတွင်းရှိ သရက်လိန်၊ တမာကုန်း၊ ရွှေဘုံသာ၊ စွယ်တော်၊ ရပ်သာ၊ လဲ၊ တောင်ဘွေ့၊ တောင်ဘို့ကြီး၊ ကျောက်ဖူး၊ ထိပ်ပေါက်နှင့် လှည်းကူးကျေးရွာ စုစုပေါင်း ကျေးရွာ ၁၁ ရွာသို့ သွားရောက်ကာ စီမံကိန်းကော်မတီဝင်များအား ပေးအပ်ခဲ့ကြောင်းသိရသည်။

**သူရအောင် (ပြည်)**



အခြေခံပညာကျောင်းများတွင် မေ ၂၂ ရက် နံနက်ပိုင်းက ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် အောင်စာရင်းများထွက်ရှိရာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ လာရောက်ကြည့်ရှုကြစဉ်။

ခင်မောင်ဝင်း (ကြေးမုံ)

MHTi
M Hospitality & Tourism Institute

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာ
သင်တန်းကျောင်းတွင်
၄င်းနှင့်သက်ဆိုင်သောသင်တန်းများအားလုံးကို
ဈေးနှုန်းချိုသာစွာဖြင့်
ဖွင့်လှစ်သင်ကြားပေးနေပါပြီ။




လစဉ်တိုင်း
တန်းခွဲသစ်ရှိပါသည်။

- MHTi-M Hospitality & Tourism Institute
- www.mhtimynmar.com

အမှတ်(၆၃၇)၊မြကန်သာ(၁)လမ်း၊ အင်းလျားကန်ဘောင်ရှေ့၊ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၀၁ ၂၂၆ ၇၇၅၊ ၀၉ ၄၀၁ ၂၂၆ ၇၇၆

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် – ကကက/၁၃/၃၀/၁၉၉

TOWARDS THE ENLIGHTENMENT
ZMA
ESTD 2014

ZMA Private High School
အဆင့်မြင့်ကိုယ်ပိုင်အထက်တန်းကျောင်း

http://www.zma.education www.facebook.com/zambudeepaacademy zambudeepaacademy@gmail.com info@zma.education



09-451202121
09-964202121
09-793471278
09-965917986

၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်တွက်
ကျောင်းအပ်လက်ခံနေပါပြီ။

ဒသမတန်း ဒုတိယ အတန်းခွဲ များ
မေလဆန်း စမည်။

အမှတ် ၆၁/B ၊သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။(အင်းစိန် အ.ထ.က (၂) ကျောင်းရှေ့တွင် ရှိသည်။)

GZ Real Estate Company

လူကြီးမင်းတို့၏ ကွန်ဒိုတိုက်ခန်း၊ လုံးချင်းအိမ်ရာနှင့် မြေကွက် ရောင်း၊ဝယ်၊ငှားရမ်းခြင်းများကို အချိန်တိုအတွင်းထိရောက်အောင်မြင် စေရန်ကျွန်ုပ်တို့၏ GZ Real Estate Company (Japan Branch) မှ တာဝန်ယူပေးပါရစေ။

လူကြီးမင်းတို့ပိုင်ဆိုင်သောရန်ကုန်ဧရိယာအတွင်းရှိကွန်ဒို၊တိုက်ခန်း၊လုံးချင်းမြေကွက်များရောင်းဝယ်ငှားရမ်းလိုပါကအမြန်ဆက်သွယ် အပ်နှံနိုင်ပါသည်။

*ဆက်သွယ်ရန် * 09-458285095, 09-424523234

အမှတ် (253/285) ,အခန်း (004-F) ,၄ လွှာ၊ Great Cairo ကွန်ဒို၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ရုံးချိန် - တနင်္လာ မှ သောကြာ (၈ နာရီ မှ ၅ နာရီ အထိ)

iGREEN မှ
PAE ဖြင့် ဆောက်လုပ်ပေးမည်

09 784 060 602
igreen.qs6@gmail.com

Customer များရရှိမည့်အားသာချက် Dream DREAM ALUMINUM

- Euro System 45° ဒေါင့်ချိုး ဖြစ်ခြင်းကြောင့် အဆောက်အဦး၏ အလှကို ခေတ်မီသေသပ်စေခြင်း။
- Euro System Click Type ဖြစ်ခြင်းကြောင့် Screw အရာများကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီး ဆေးရောင်ကွာမကျခြင်း။
- Brand Accessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကမ္ဘာ့ကိုမှ Training ကျူညီပေးခြင်း။
- မြန်မာပြည်၏ အကောင်းဆုံး Euro System Dream Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။



Showroom (1) No(223 /225)၊ ကျိုက္ကဆံလမ်းမကြီး၊ကျောက်မြောင်းဈေးမှတ်တိုင်၊တာမွေမြို့နယ်။ Ph:01-8604394,09-977910201, 09-263563664
Showroom (2) No(133)၊အနော်ရထာ့ရွှေဂုံတိုင်လမ်းမကြီး၊ဗဟန်းမြို့နယ်။ Ph : 09 - 260905818, 09-254048775 , 09- 951091111

ပိုင်ရှင်ကိုယ်တိုင်အမြန်ဆုံး
ဆက်သွယ်အပ်နှံပေးပါရန်

ဂျပန်လူမျိုးသီးသန့် နိုင်ငံခြားသားများအတွက် အဆင့်မြင့်ကွန်ဒို၊ မီနီကွန်ဒိုနှင့် တိုက်ခန်းကျယ်များ အမြန်ဆုံးငှားရမ်းလိုပါသည်။
ပိုင်ရှင်ကိုယ်တိုင် ဖုန်းဖြင့် တိုက်ရိုက်ဆက်သွယ်အပ်နှံနိုင်ပါသည်။
Myanmar Japon Real Estate ရုံးချိန်အတွင်း ဆက်သွယ်ပေးပါရန်
**Mon-Fri Day (9:00-12:00/1:00-6:00)**
**ဆက်သွယ်ရန် ဖုန်း:-09-950589537, 09-254491345**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈/ရပ်ကွက်၊ စက္ကဝတ်(၆)လမ်း၊ အမှတ်(၈၀)နေ ဒေါ်ဝင်းစန္ဒာ[၁၂/ဥကမ(နိုင်)၁၈၇၄၁၁] ကိုင်ဆောင်သူသည် မြောက်ဥက္ကလာပမြို့နယ် တရားရုံးတော်၌ တရားမကြီးမှုအမှတ်(၁၀၀/၂၀၁၇)အမှုတွင် တရားပြိုင် ဦးထွန်းမင်းအပေါ် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ရာ ၉-၄-၂၀၁၈ ရက်တွင် ရုံးတော်မှ အနိုင်ဒီကရီချမှတ်ပေး၍ အနိုင်ဒီကရီရရှိခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းစန္ဒာ**
**[၁၂/ဥကမ(နိုင်)၁၈၇၄၁၁]**
**အမှတ်(၈၀)၊ စက္ကဝတ်(၆)လမ်း၊ ၈/ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်**

## ပိုင်ဆိုင်မှုခိုင်မာသည့် ဂရန်မြေကွက်ကျယ်ကြီးရောင်းမည်

(၀၉-၂၀၃၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂)

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ ငလိုက်ကန်သာအပန်းဖြေစခန်းအနီး၊ ငလိုက်ကန်သာ ဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ ပတ်ကားခြံခတ်ပြီး (11KVA) ဓာတ်အားလိုင်း သွယ်တန်းပြီး၊ ပေ(60x40) (RC) တစ်ထပ်အဆောက်အအုံအသစ် တစ်လုံးပါပြီး၊ မြေပြင်ရန်မလို၊ ရေမီးအပြည့်အစုံရပြီး၊ (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေးမေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း၊ နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဧကနီးပါးခန့်၊ စုစုပေါင်းကိုးဧကခန့်ရှိ မြေကွက်ကျယ်ကြီးရောင်းမည်။ ခွဲ၍မရောင်းပါ။ ဈေးနှုန်း(ညှိနိုင်း)



## အကြီးမြန်သစ်ပင်စိုက်ပျိုးမှ တိုင်းပြည်လည်းလှ ၊ ကြီးပွားချမ်းသာရ









### အကြီးမြန်ယူကလစ်ပင် ရင်းနှီးမြှုပ်နှံမှု အကျိုးကျေးဇူး

တောင်သူမိသားစုတစ်စုသည် မိမိပိုင်မြေ အိမ်ရှေ့၊ အိမ်နောက်၊ ဝဲယာ၊ ခြံစည်းရိုးမြေလွတ်တွင် တစ်ဧက(အပင် ၅၀၀)စိုက်ပျိုးပါက ★(၅)နှစ်အတွက် တစ်ပင်စိုက်ပျိုးကုန်ကျစရိတ် (၂၂၀ဝိ/-)(မိမိကိုယ်တိုင်စိုက်ပါက မျိုးပင်နှင့် မြေသြဇာဖိုး (၁၂၅ဝိ/-)သာကုန်ကျမည်)။ ★(၅)နှစ်ပြည့်ပါက ပင်ကြပ်(၃)ပုံ(၂)ပုံ (အပင် ၃၀၀)(ရင်စို့လုံးပတ် ၂၀"- ၃၀") အမြင့်ပေ(၈၀)ရှိပြီးနေရာတွင် ခုတ်လဲပါက တစ်ပင်(၁၅၀၀ဝိ-၃၀၀၀ဝိ/)ဝင်ငွေရရှိနိုင်ပါသည်။ ★ကျန်လက်ရွေးစင်အပင်(၁၅၀)ခန့်အား (၁၀)နှစ်သက်တမ်းတွင် လုံးပတ်(၄၀"- ၆၀")ခန့်ရှိပြီး အဆောက်အဦးသုံး သစ်မာသစ်ခွဲသားအဖြစ် အသုံးပြုနိုင်သဖြင့် တစ်ပင်လျှင်(၂၀၀၀၀ဝိ-၃၀၀၀၀ဝိ/)ဝင်ငွေရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ▶ GreatWall Co.,Ltd ရုံးချုပ်၊ ၃၁လမ်း၊ ၇၇× ၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ✆ 09-402611152, 02-33996, 02-39428,02-31350

### ကျေးရွာများတွင် တောင်သူများဝင်ငွေမြင့်မားစေရန် အကြီးမြန်ယူကလစ် စိုက်ပျိုးခြင်းနှင့် စက်ရုံအလုပ်ရုံများ တည်ထောင်၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း

ကျေးရွာစိုက်ခင်း | ကျေးရွာအုပ်စု၊ သစ်ပါးလွှာနှင့် ဘလော့ဘုတ်ခွဲသားဖုံ | မြို့နယ် သစ်အချောထည်စက်ရုံ | ပြည်နယ်နှင့် တိုင်းမြို့တော် ပရိဘောဂစက်ရုံ




- ➤ (၅)နှစ်ပြည့် တစ်ပင်ရင်းနှီးငွေ - ၂၂၀၀ ကျပ်
- ➤ (၅)နှစ်ပြည့် တစ်ပင်ရရှိငွေ - ၂၅၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၁၁ဆ)
- ➤ တစ်ပင်သစ်ပါးလွှာနှင့် ဘလော့ဘုတ် ခွဲသား ထုတ်လုပ်ထွက်ရှိတန်ဖိုး - ၄၀၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၁၈ဆ)
- ➤ (၅) နှစ်ပြည့် သစ်ပါးလွှာမှ အထပ်သား၊ ဘလော့ဘုတ် ထုတ်လုပ်ထွက်ရှိမှုတန်ဖိုး - ၇၀၀၀၀ကျပ် (တန်ဖိုးတိုးမြှင့်မှု ၃၂ဆ)
- ➤ (၅)နှစ်ပြည့်အထပ်သား၊ ဘလော့ဘုတ်မှ ပရိဘောဂ ထုတ်လုပ်ထွက်ရှိမှု တန်ဖိုး - ၁၄၀၀၀၀ ကျပ် (တန်ဖိုးတိုးမြှင့်မှု ၆၄ဆ)

- ➤ (၁၀)နှစ်ပြည့် တစ်ပင်ရင်းနှီးငွေ - ၃၅၀၀ ကျပ်
- ➤ (၁၀) နှစ်ပြည့် တစ်ပင်ရရှိငွေ - ၂၄၀၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၆၈ဆ)
- ➤ (၁၀)နှစ်ပြည့် သစ်လုံးကြီးမှ ခွဲသားထုတ်လုပ်ထွက်ရှိမှုတန်ဖိုး - ၃၆၀၀၀၀ကျပ် (တန်ဖိုးတိုးမြှင့်မှု ၁၀၂ဆ)
- ➤ (၁၀)နှစ်ပြည့် သစ်ခွဲသားမှ ပရိဘောဂထုတ်လုပ်ထွက်ရှိတန်ဖိုး - ၇၂၀၀၀၀ ကျပ် (တန်ဖိုးတိုးမြှင့်မှု ၂၀၅ဆ)


ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

## "အထူးဝမ်းနည်းကြေကွဲခြင်း"

**MR.CHETTA APIPATANA @ MR.P.C. CHENG**

**THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)**

**CHEUNG HING & COMPANY, (HONGKONG)**

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး **MR.P.C. CHENG,** အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉)နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ **BUMRUNGRAD HOSPITAL** တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ရန်ကုန်ရုံးချုပ်ဝန်ထမ်းများ**

**THAI SAWAT IMPORT EXPORT CO.,LTD(BKK)**

**CHEUNG HING & COMPANY(HONGKONG)**

---

### "အထူးဝမ်းနည်းကြေကွဲခြင်း"

ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, (THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)) နှင့် (CHEUNG HING & COMPANY, (HONGKONG)) အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးဗိုလ်ဗိုလ် မိသားစု**

### "အထူးဝမ်းနည်းကြေကွဲခြင်း"

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, (THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)) နှင့် (CHEUNG HING & COMPANY, (HONGKONG)) အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးဇော်ဝင်း မိသားစု**

### "အထူးဝမ်းနည်းကြေကွဲခြင်း"

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, (THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)) နှင့် (CHEUNG HING & COMPANY, (HONGKONG)) အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးတင်မောင်သိန်း မိသားစု**

### "အထူးဝမ်းနည်းကြေကွဲခြင်း"

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, (THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)) နှင့် (CHEUNG HING & COMPANY, (HONGKONG)) အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်း နှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးညီညီအောင်+ဒေါ်စိုးစိုးခိုင် မိသားစု**

### "အထူးဝမ်းနည်းကြေကွဲခြင်း"

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, (THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)) နှင့် (CHEUNG HING & COMPANY, (HONGKONG)) အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးဟန်ဇော်လင်း+ဒေါ်ယုယုခိုင် မိသားစု**

### "အထူးဝမ်းနည်းကြေကွဲခြင်း"

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, (THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)) နှင့် (CHEUNG HING & COMPANY, (HONGKONG)) အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးအောင်မြင်+ဒေါ်အေးအေးမွန် မိသားစု**

### "အထူးဝမ်းနည်းကြေကွဲခြင်း"

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, (THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)) နှင့် (CHEUNG HING & COMPANY, (HONGKONG)) အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးဝဏ္ဏမောင်+ဒေါ်ခင်ပပ မိသားစု**

### "အထူးဝမ်းနည်းကြေကွဲခြင်း"

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, (THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)) နှင့် (CHEUNG HING & COMPANY, (HONGKONG)) အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (၁၈–၄–၂၀၁၈၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးအောင်မျိုးရှိန်+ဒေါ်ဥမ္မာစိုး မိသားစု**

### "အထူးဝမ်းနည်းကြေကွဲခြင်း"

ကျွန်တော်၊ကျွန်မတို့၏ ဖခင်ကြီးသဖွယ် ချစ်ခင်လေးစားအားကိုးရပါသော ကျေးဇူးရှင်ဆရာကြီး MR.P.C. CHENG, (THAI SAWAT IMPORT EXPORT CO., LTD, (BANGKOK)) နှင့် (CHEUNG HING & COMPANY, (HONGKONG)) အသက်(၆၉)နှစ်သည် ၁၈–၄–၂၀၁၈ (ဗုဒ္ဓဟူးနေ့) (၁၆း၃၉) နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BUMRUNGRAD HOSPITAL တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန် ရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးစိုးဝင်း+ဒေါ်အေးမာလာ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

**ဦးဝင်းကြိုင်**

**အသက် (၆၉)နှစ်**

နေပြည်တော် ပုဗ္ဗသီရိမြို့နေ ဒေါ်ခင်စန်းဝင်း၏ခင်ပွန်း၊ ဒေါ်ခင်နွယ်စိုး၊ ဦးထွန်းနိုင်ဝင်း၊ ဒေါ်အိအိမြတ်တို့၏ချစ်လှစွာသောဖခင် ဦးဝင်းကြိုင်သည် ၁၇-၄-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃း၀၃ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ**

**အသက် (၉၂) နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောဖခင် ဦးတရုတ်ကြီး(ခ) ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း/အမှုထမ်းများနှင့်မိသားစုဝင်များ**
**အကျဉ်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ**

**အသက် (၉၂) နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသောဖခင်၊ မအိပြည့်ပြည့်ဖြိုး၊ မောင်ခန့်စည်သူတို့၏အဘိုး ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) နေပြည်တော်၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ချင်းပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ**

**အသက် (၉၂)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသောဖခင်၊ မအိပြည့်ပြည့်ဖြိုး၊ မောင်ခန့်စည်သူတို့၏အဘိုး ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နတလ ကျောင်းဆင်း**
**အပတ်စဉ်(၁) ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြင့်**

**အသက် (၉၂) နှစ်**

တပ်မတော်ဆေးတက္ကသိုလ်၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းခွဲစိတ်ကုပညာဌာန၊ ဌာနမှူး ပါမောက္ခ ဗိုလ်မှူးကြီးစောရန်နိုင်၏မိခင်ဖြစ်သူ ဒေါ်ခင်မြင့် အသက်(၉၂)နှစ်သည် ၂၁-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းခွဲစိတ်ကုပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

## ဦးအောင်ဝေ(ခ)ဦးယုကင်း(ခ) George

**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁၆၆)၊ တတိယထပ်၊ ပထမသီရိရိပ်သာနေ (ဦးမောင်ကံ-ဒေါ်ကျင်နု)တို့၏ သား၊ ဦးမောင်လှ-(ဒေါ်ရှုဝါ)တို့၏ သားသမက်၊ ဒေါ်စန်းစန်းခင်၏ခင်ပွန်း၊ Dr.စန်းလင်းမောင်၊ မမေသဲဦးတို့၏ ဖခင်၊ ဦးယုကြည်-(ဒေါ်ယဉ်ယဉ်မြင့်)၊ ဦးအောင်ရွှေ - ဒေါ်မူမူတို့၏ညီ၊ ဒေါက်တာခင်သီဦး(အမေရိကန်)၊ ဒေါ်ခင်လွှမ်း-(ဦးသန်းခိုင်)တို့၏မောင်၊ ဒေါက်တာသင်းသင်း-(ဦးသန်းနိုင်)၊ ဒေါ်ပင်စီညိုတို့၏အစ်ကိုသည် ၂၁-၄-၂၀၁၈ (စနေနေ့) ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၈ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းနု(စစ်တွေ)

**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ဒဿနိကဗေဒဌာန၊စစ်တွေတက္ကသိုလ်**

**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၂၃)၊ လေးလွှာ(A)၊ သစ်တောလမ်းနေ (ဦးအောင်ဘထွန်း)-ဒေါ်နှင်းခိုင်တို့၏ သမီးကြီး၊ ဒေါ်ခင်ခင်စော(ရုပ်ရှင်လုပ်ငန်း-ငြိမ်း)-ဦးမောင်မောင်သာ(သမဦးစီး-ငြိမ်း)၊ ဒေါ်နုနုခိုင်(ထ/ပြ-ငြိမ်း)၊ ဦးအောင်ခင်ထွန်း(TMW Enterprise Ltd)-ဒေါ်ပွင့်မာ၊ ဦးလှထွန်း (TMW Enterprise Ltd)-ဒေါ်လှစိန်(ပြည်တွင်းအခွန်)တို့၏ချစ်လှစွာသောအစ်မကြီး၊ တင်ဘိုအောင်၊ မြတ်ဇံအောင်၊ ကောင်းမြတ်အောင်၊ ရဲထက်အောင်၊ ဖြိုးမင်းထွန်း၊ ဆုလှဲ့ဝင်းတို့၏ချစ်လှစွာသောကြီးကြီးရှင်သည် ၂၁-၄-၂၀၁၈ (စနေနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သစ်တောလမ်းနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးရန်မျိုးအောင်(ကနောင်)**

**ဒုတိယညွှန်ကြားရေးမှူး(ပုံနှိပ်) (ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**အသက် (၆၁) နှစ်**

ကနောင်မြို့နေ (ဦးညွန့်မောင်-ဒေါ်အမော်)တို့၏သား၊ (ဦးလှရွှေ)-ဒေါ်ခင်သောင်းတို့၏သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်ခင်နွယ်ဦး၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇန်ဘုန်းပြည့်အောင်-ဒေါ်သီရိရွှေစင်သောင်း၊ ဒေါ်အိအိဖြိုးတို့၏ချစ်လှစွာသောဖခင်၊ (ဦးအေးထွန်းဦး)-ဒေါ်ခင်သန်းစိုး၊ (ဒေါ်ခင်သန်းတိုး)တို့၏မောင်၊ ဦးလှဝင်းအောင်-ဒေါ်စန်းစန်းကြည်၊ ဦးစိန်လင်း-ဒေါ်နိုင်နိုင်မော်၊ ဦးကျော်စိုးအောင်-ဒေါ်ခင်စန္ဒာ၊ ဦးရန်လင်းအောင်-ဒေါ်ဝေဝေအေးတို့၏ အစ်ကိုသည် ၂၁-၄-၂၀၁၈ (စနေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကနောင်မြို့ တောင်ပိုင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၈ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၀)၊ မာန်ပြေ (၁၈)လမ်း/အနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့နှင့် ကနောင်မြို့၊ မြို့မရပ်ကွက်နေ (ဦးလှရွှေ)-ဒေါ်ခင်သောင်းတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးရန်မျိုးအောင် (ကနောင်)**

**ဒုတိယညွှန်ကြားရေးမှူး(ပုံနှိပ်) (ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**အသက် (၆၁) နှစ်**

ရန်ကုန်မြို့နေ ဒေါ်ခင်နွယ်ဦး၏ ချစ်လှစွာသောခင်ပွန်း ဦးရန်မျိုးအောင် [ဒုတိယညွှန်ကြားရေးမှူး(ပုံနှိပ်)ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း]သည် ၂၁-၄-၂၀၁၈(စနေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ဦးထွန်းသန်း (၈၅)နှစ်

**နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်**
**ကျောင်းအုပ်၊ တော်ဝင်နည်းပြသင်တန်း**
**ဗီအိုအေ မြန်မာပိုင်းအစီအစဉ်**
**တာဝန်ခံအယ်ဒီတာ၊ သတင်းဌာန၊ MRTV (ငြိမ်း)**
**ဧည့်ကထိက၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်(ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေ(မြောက်)ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၁၇)၊ အခန်း(၃)နေ (ဦးဘခင်-ဒေါ်တင်ဦး)တို့၏သား၊ (ဒေါ်လှမြိုင်)၏ ခင်ပွန်း၊ ဦးဘိုကျော်(ဒဂုံ-၁၊ ငြိမ်း)၏အစ်ကို၊ ဦးထွန်းလွင်(ညွှန်ချုပ်-ငြိမ်း၊ မိုးဇလ)-ဒေါ်မူမူသန်း၊ ဦးထွန်းကြည်-ဒေါက်တာယဉ်ယဉ်သန်း၊ ဒေါက်တာဇော်မြင့်(ဒုညွှန်ချုပ်၊ ဆေး/သု)-ဒေါက်တာကြူကြူသန်း၊ ဦးခွန်မျိုးကျော်သူ-ဒေါ်အေးအေးသန်း(Teacher Aye's General English Classes)၊ ဦးထင်အောင်ကျော်-ဒေါ်ဇင်မေကျော့ရှင်းတို့၏ ဖခင်၊ ကိုအောင်ဇော် (Faith & Love Furniture)-ဒေါက်တာမြတ်စုထွန်းလွင်(ဒါဒို့ပြည် Souvenir Shop)၊ ကိုဇွဲမာန်ထွန်းလွင် (NCS, Singapore)၊ မစွမ်းရည်ထွန်းလွင် (UC Berkeley, USA)၊ မစုယဉ်ထွန်း(APU, Japan)၊ ကိုစိုးရန်အောင် (Final Part II, UM 1)၊ ကိုချစ်ခိုင် (ABAC, Thailand)၊ မချောချောခိုင်(1st Yr.UM 1)၊ ခွန်ရဲထက်(DKSH)-မမြတ်သန်းနုစိုး၊ မကြယ်စင်(1st Yr., UM 1)၊ မမေဇွန်ကျော့ရှင်း (MRTV-4) တို့၏အဘိုး၊ မောင်ခန့်သစ်(နဝမတန်း-C၊ အထက-၁၊ ဒဂုံ)၊ မောင်ထူးခန့်(စတုတ္ထတန်း-A၊ အထက-၁၊ ဒဂုံ)၊ မစုတင့်တယ်(သူငယ်တန်း-E၊ အထက-၁၊ ဒဂုံ)၊ ခွန်သာတို့၏ဘိုးဘိုးသည် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈း၀၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၈ (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးငွေဝင်း(ငြိမ်း) (၆၃)နှစ်

**မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် လက်ရွေးစင်နည်းပြ၊**
**ပြည်ထဲရေးဝန်ကြီးဌာန ဘတ်စကက်ဘောနည်းပြ၊**
**အဖြူရောင်တွဲလက်များ ဒုဥက္ကဋ္ဌ(၁)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးဝင်းမြင့်-ဒေါ်စန်းနု)၊ ဦးလှကြည်-(ဒေါ်ယဉ်လှ)တို့၏ သားသမက်၊ ဒေါ်ခင်ငွေမြင့်၊ ဒေါ်သီတာဝင်း၊ ဦးဝင်းရွှေ-ဒေါ်သူဇာဝင်း၊ဦးအောင်ဝင်း-ဒေါ်ချိုမာဝင်း၊ ဒုအရာခံဗိုလ်ညီထွေး(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ညိုမာဝင်း၊ ဦးလေးဝင်း-ဒေါ်ကေခိုင်ဝင်း၊ တကကသန်းနိုင်(ငြိမ်း)-ဒေါ်ငွေငွေဝင်း၊ တကကကျော်မင်း(အသည်းဆေးရုံ-၂)-ဒေါ်နွဲ့နွဲ့ကြည်တို့၏ အစ်ကို၊ ဒုအရာခံဗိုလ်ကျော်ကျော်လွင်(တအရ)-ဒေါ်ဇာခြည်ဝင်း၊ မစန္ဒီဝင်း၊ မောင်ကောင်းထက်ဝင်းတို့၏ဖခင်၊ မခိုင်ပိုပိုဟန်၊ မရတီဝန်းရံတို့၏အဘိုး၊ မင်္ဂလာဒုံမြို့နယ်၊ လေးထောင့်ကန်စံပြကျေးရွာ၊ ကံကော်(၁)လမ်း၊ အမှတ်(၂၄)နေ ဒေါ်သန်းသန်းငွေ၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးငွေဝင်း(ငြိမ်း)သည် ၁၈-၄-၂၀၁၈ ရက် ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းဝင်းမော် (၄၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီရာ(၈)လမ်း၊ အမှတ်(၁၀၉၈)နေ (ဦးအောင်မြင့်-ဒေါ်သန်းရီ)တို့၏သမီး၊ ဦးဝင်းကို (MPPE-ငြိမ်း)-ဒေါ်အုန်းရီ၊ ဒေါ်ကြည်ကြည်လှိုင်(လ/ထညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန-ငြိမ်း)၊ ဦးမြင့်ဇော်-ဒေါ်တင်တင်နွဲ့ (အမက-၃၂၊ မ/ဥက္ကလာပ)၊ ဦးထွန်းဝင်း (TTAS Co.,Ltd)-ဒေါ်စိုးစိုးနွယ်(အမက-၂၊ မ/ဥက္ကလာပ)တို့၏ညီမ၊ ဦးသိန်းငွေ-ဒေါ်အေးအေးလွင်၊ ဦးကိုကိုလွင်တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ် ဒေါ်ဝင်းဝင်းမော်သည် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဟန် (၇၁)နှစ်

**(ဦးစီးအရာရှိ-ငြိမ်း)**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊**
**အပတ်စဉ်-၁၃**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ယခင်တိုက်(၃)၊ အခန်း(၁၁)နေ ယခုအမှတ် (94-A)၊ ငါးလွှာနေ ဒေါ်ခင်အေးနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ မောင်လျှမ်းဆက်ကျော်-မယဉ်လှဲ့ဝါ၊ မနေနီလှဲ့တို့၏ဖခင်၊ (ဦးဖေခင်)-ဒေါ်ခင်မေလတ်၊ ဦးခင်မောင်တင့်-ဒေါ်ခင်မေငွေးတို့၏ အစ်ကိုသည် ၂၁-၄-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈(တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၄-၂၀၁၈(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အမှတ် (94-A)၊ ငါးလွှာ၊ လမ်းမတော်(၅)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်ကွန် (၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် (၈)၊ အခန်း (၁၅)၊ သုံးလွှာနေ (ဦးချင်ဟုန်ကင်း-ဒေါ်လီရှုလင်)တို့၏သမီး၊ (ဦးဖောင်-ဒေါ်ရှင်)တို့၏သမီးချွေးမ၊ (ဦးချာလီ)-ဒေါ်ရွှေရီ (U.S.A)၊ ဒေါ်ခင်ခင်-(ဦးထွန်းအေး)၊ (ဒေါ်မြင့်မြင့်)-ဦးညီကောင်း၊ ဦးသန်းလွင်-ဒေါ်လှမြင့် (စံပယ်ဦး-တေးသံသွင်း)၊ (ဦးအေးလွင်)-ဒေါ်ပက်စီ (U.S.A)၊ ဦးသိန်းလွင်-ဒေါ်စန်းစန်းနွယ်၊ ဒေါ်ခင်မြင့်လွင်-ဦးသိန်းလွင် (U.S.A)တို့၏အစ်မကြီး၊ (ဦးဝီလီ)၏ဇနီး၊ (ဦးမြင့်ထွန်း)-ဒေါ်သန်းသန်းရီ၊ ဦးထွန်းလင်းတို့၏ ချစ်လှစွာသောမိခင်၊ ကိုစိုးနိုင်ထွန်း(ခ)ကိုအီကြာကွေး-မသင်းသင်းသွယ်၊ ကိုရဲနိုင်ထွန်း-မမို့မို့အေးတို့၏ အဘွား၊ မသင်းရွှေစင်စိုး၊ မောင်ပြည့်စုံလင်းထွန်းတို့၏ဘွားဘွားကြီးသည် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်မြင့်မြင့်ရီ(ချောက်မြို့)**

**အလယ်တန်းပြဆရာမ၊**
**အထက(၁) ပဲခူး**

**အသက် (၈၀)**

ချောက်မြို့နေ (ဦးအောင်ကြီး-ဒေါ်တင်မြ)တို့၏သမီးကြီး၊ လမ်းမတော်မြို့နယ်၊ ဗဟိုရ်စည်အိမ်ရာ၊ တိုက်(၅၁/၅၂)နေ ဦးလှမြင့်၏ချစ်လှစွာသောဇနီး၊ ဦးစု-ဒေါ်မြင့်မြင့်ကြည်၊ ဦးစောရွှေ-(ဒေါ်မြင့်မြင့်ဆွေ)၊ ဦးမောင်မောင်အောင်-ဒေါ်မာမာမြင့်၊ (ဦးဥက္ကာ)-ဒေါ်မြင့်မြင့်နီ၊ ဦးဖေမြင့်-ဒေါ်မြင့်မြင့်စီ၊ ဦးအောင်ကျော်-ဒေါ်မြင့်မြင့်ညို၊ ဦးရဲမြင့်အောင် - ဒေါ်သက်မူငွေးတို့၏ အစ်မကြီး၊ ဗိုလ်မှူးစိုးနိုင်(ငြိမ်း)-ဒေါ်စောမိုမို၊ ဒေါ်မိုးလွယ်လွယ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ဝေယံထက်နိုင်၊ မောင်မြင့်သူကောင်းနိုင်၊ မသင်းဝတ်ရည်သော်တို့၏အဘွားသည် ၂၁-၄-၂၀၁၈ (စနေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ရှိန်(ထားဝယ်)

**အသက် (၈၀)**

**ဦးစီးအရာရှိ (ငြိမ်း)၊ ကကဌေ**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ရဲကျေးရွာနေ (ဦးထွန်းဘော်-ဒေါ်သင်းကြည်)တို့၏ သား၊ ရန်ကုန်မြို့၊ သမိုင်းဘူတာရုံလမ်းနေ (ဦးထွန်းတင်-ဒေါ်တင်လှ)တို့၏ သားသမက်၊ ဒေါ်တင်အောင်၏ အစ်ကို၊ ဦးအောင်မိုး-ဒေါ်နန္ဒာအောင်၊ ဦးသိန်းထွဋ်ကျော်၊ ဦးညဏ်မင်းထွေးတို့၏ မွေးသဖခင်၊ မမေသက်ခိုင်၊ မောင်ခွန်ကောင်းစံတို့၏အဘိုး၊ ပျဉ်းမပင်(၇)လမ်းနေ [ဒေါ်ထားရီ(ထားဝယ်)]၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၄-၂၀၁၈ (သောကြာနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ပျဉ်းမပင်(၇) လမ်းနေ (ဦးကျော်ရှိန်-ဒေါ်ထားရီ) တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မဲဇလီမြောက်ကျောင်း ပဓာနနာယကဆရာတော်

**ဘဒ္ဒန္တပဏ္ဍဝံသ**

**သိက္ခာတော်(၈၄) ဝါ၊ သက်တော်(၁၀၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကျော်လှကြီး၊ စံပြကျေးရွာ(ခမည်းတော် ဦးဖိုးအောင်-မယ်တော် ဒေါ်ဖွားရှင်)တို့၏သားတော်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ကျောင်းလမ်း၌ သီတင်းသုံးနေထိုင်တော်မူသော သက်တော်ရှည် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသသည် (၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း ၇ရက်) ၂၁-၄-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မဲဇလီမြောက်ကျောင်းမှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မြင့်(သံတွဲ) (၉၂)နှစ်**

**လူထုပညာရေးမှူးဟောင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ယုဇနမြခွာညိုအိမ်ရာ၊ မြခွာညိုလမ်းသွယ်(၂)၊ အမှတ်(၁၂)နေ [ဦးမောင်မောင်(ဒုထောင်ပိုင်-ငြိမ်း)]၏ဇနီး၊ ဦးသိန်းဦး (ခ)သံလွင်ဦး၊ ဦးသိန်းသန်း(အကျဉ်းဦးစီးဌာန-ငြိမ်း)-ဒေါ်ဝေဝေစန်း၊ ဒေါ်သုဓမ္မစာရီ(ရွှေစက်တော်)၊ ဒေါ်အေးအေးသန်း၊ ဦးအောင်ဆန်း-ဒေါ်ခင်ဝင်းစိန် (ILBC)၊ ဗိုလ်မှူးကြီးစောရန်နိုင်-ဒေါ်ဝိုင်းဝိုင်းရီ၊ ဒေါ်မြင့်မြင့်စန်း၊ ဦးဇော်မိုးအောင်-ဒေါ်တင်တင်ညို(Tin Tin Nyo & Associate Audit Firm)တို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၈ (စနေနေ့) ညနေ ၅း၂၅နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဗိုလ်ကြီးလှတင်(ငြိမ်း) အသက်(၉၀)**

**ကြည်း/၉၃၀၈**

**ဒုလက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ စက်မှု/စားကုန်**

မြိတ်မြို့နေ (ဦးသန်းချိန်-ဒေါ်အောင်မေ)တို့၏သား၊ (ဒေါ်တီတီ)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ရုံးတော်ရပ်၊ ပဲခူးစုရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(D-9)နေ ဗိုလ်မှူးမြင့်အေး(ငြိမ်း)-ဒေါ်သက်သက်ဦး၊ ဦးခင်မောင်ချို (ဒုတိယပါမောက္ခချုပ်-ငြိမ်း)-ဒေါ်မြင့်မြင့်ချို (ပါမောက္ခ-ငြိမ်း)၊ ဦးအောင်ခိုင်-ဒေါ်စုစုတင်၊ (ဦးကံထူး)-ဒေါ်နုနုတင်၊ ဦးလှစိုး-ဒေါ်နေထွန်းတို့၏ ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုး ဗိုလ်ကြီးလှတင်သည် ၂၁-၄-၂၀၁၈(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အမိုးနီသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သန်လျင်မြို့၊ အမှတ်(D-9)၊ ဓမ္မစေတီလမ်း၊ ရုံးတော်ရပ်၊ ပဲခူးစုရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းမြင့်(မလက်တိုကျေးရွာ) အသက်(၉၀)

မအူပင်ခရိုင်၊ မလက်တိုကျေးရွာနေ (ဦးဘိုးကြည်-ဒေါ်ပန်းဝေ)တို့၏ သမီး၊ (ဦးစိုးတင့်)၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း (၁၁၅၃)၊ ပ-ထပ်(ခေါင်းရင်း)နေ ဦးခင်အောင်မြင့်-ဒေါ်တင်ဝင်း၊ ဦးဝင်းလှိုင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ အမျိုးသားမှတ်တမ်း မော်ကွန်းတိုက်)-ဒေါ်စန္ဒာဦး(ကထိက၊ သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်မြင့်မြင့်စိုး၊ ဦးအောင်သန်းနိုင်-ဒေါ်စန်းစန်းတင့်၊ ဦးသန့်ဇင် (MFF ဗဟန်းကွင်း)-ဒေါ်သန်းသန်းစိုး (Golden Light Distribution)တို့၏မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၄-၂၀၁၈ (စနေနေ့) ညနေ ၆း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဇော်ဝင်း (၈၇)နှစ်

**ယာဉ်/စက် ၊ စာရင်းကိုင်(ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးရေသန်း-ဒေါ်တင်မြ)သရက်မြို့တို့၏သား၊ ရာဇဝတ်ဝန်(ဦးဘလွင်-ဒေါ်သိန်း)တို့၏သားသမက်၊ [ဒေါ်ခင်ဆွေဝင်း(ဟိုတယ်/ခရီး-ငြိမ်း)]၏ခင်ပွန်း၊ (ဗိုလ်ကြီးမင်းဇင်ဦး-လေ)-ဒေါ်သိမ့်သိမ့်ဆွေတို့၏ဖခင်ကြီး၊ မောင်ဇော်ဇင်ဦး-မဇာခြည်ဝင်း၊ မောင်ပိုင်ဇင်ဦးတို့၏ ချစ်လှစွာသောအဘိုး၊ မောင်ဘုန်းသန့်ကိုကို၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၁-၄-၂၀၁၈ ရက် ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၄-၂၀၁၈ (သောကြာနေ့) နံနက်တွင် အမှတ်(၁၁/စီ)၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမ ဒေါ်ခင်ခင်လတ်(ခ)မယ်ရယမ်ဘီကာစင်စူရတီ

**အသက် (၈၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းမင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉/က)နေ ကာစင်မိုဟာမက်စူရတီ(ခ) ဦးမောင်မောင် (သမာဓိမြို့ဝန်ဟောင်း)-ဟာဂျီမဒေါ်တီ(ခ)ခတီဇါဘီဟာရှင်ရာတွတ်အလီတို့၏သမီး၊ ဟာဂျီမ ဒေါ်ခင်မကြီး၊ ဟာဂျီမဒေါ်ခင်မကလေး၊ (ဟာဂျီမဒေါ်ခင်ခင်ကြီး)၊ (ဟာဂျီမ ဒေါ်ခင်ခင်ကလေး)တို့၏ညီမ၊ (ဟာဂျီမဒေါ်ခင်လေးကြီး)၊ ဟာဂျီမဒေါ်ခင်လေးငယ်တို့၏အစ်မ ဟာဂျီမဒေါ်ခင်ခင်လတ်(ခ) မယ်ရယမ်ဘီကာစင်စူရတီသည် ၂၁-၄-၂၀၁၈ (စနေနေ့) ည ၁၀း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးစွန္နီမွတ်စလင်ကဘရ်စတန် ဥယျာဉ်တော်သို့ ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းညွန့်(ခ)ဒေါ်ဝင်း(ခနေ့ဖြူ) (၇၃)နှစ်

**တိုင်းရင်းသူဆေးလိပ်ခုံ**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ (၆)ရပ်ကွက်၊ တိုင်းရင်းသူလမ်းနေ (ဦးဖိုးကျုံး-ဒေါ်စိန်)တို့၏သမီး၊ (ဦးစန်းညွန့်)၊ (ဒေါ်ညွန့်)တို့၏ညီမ၊ ဒေါ်ခင်စန်းရီ (ဦးခင်မောင်မြင့်)၊ ဒေါ်ရီရီသန်း၊ ဒေါ်ခင်သက်အေးတို့၏အစ်မ၊ ဓနုဖြူမြို့၊ (၉)ရပ်ကွက်၊ မောရသိင်္ဂီလမ်းနေ ဦးကြိုင်စိုး၏ချစ်လှစွာသောဇနီးသည် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ဓနုဖြူမြို့၊ ဦးဖိုးမြသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# စစ်တွေမြို့တွင် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပြီးစီး၍ မကြာမီ ရောင်းချပေးသွားမည်

**စစ်တွေ မေ ၂၂**

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့အငှားအိမ်ရာများနှင့် တန်ဖိုးနည်းအိမ်ရာတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရွှေဝင်းက ပြောသည်။

"နိုင်ငံ့ဝန်ထမ်းတွေအတွက် ဆောင်ရွက်ပေးမှုအခြေအနေကတော့ အခုအစိုးရလက်ထက် နှစ်နှစ်တာကာလအတွင်းမှာပဲ တိုက်အလုံး ၃၀၊ အခန်းပေါင်း ၄၂၂ ခန်းကို ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ရခိုင်ပြည်နယ်မှာ မြို့နယ် ၁၇ မြို့နယ်ရှိပါတယ်၊ ၁၇ မြို့နယ်မှာ နိုင်ငံ့ဝန်ထမ်းတွေနေဖို့အတွက် ၁၄ မြို့နယ်မှာဆောင်ရွက်ပြီးဖြစ်ပါတယ်၊ ပုဏ္ဏားကျွန်း၊ ဂွနဲ့ အမ်းမြို့နယ်တွေမှာ ကျန်ပါသေးတယ်၊ ဒီသုံးမြို့နယ်ကို နောက်နှစ်တွေမှာ တင်ပြပြီးတော့ ဆောက်လုပ်သွားမှာဖြစ်ပါတယ်" ဟု ဦးရွှေဝင်းက ပြောသည်။

"နောက်တစ်ခုက အငှားအိမ်ရာဖြစ်ပါတယ်၊ အငှားအိမ်ရာကို စစ်တွေမြို့ ရွှေပြည်သာရပ်ကွက်မှာ လေးခန်းတွဲ ခြောက်ထပ်တစ်လုံး၊ ရှစ်ခန်းတွဲ ခြောက်ထပ်တစ်လုံး တည်ဆောက်နေပါတယ်၊ အခန်းအနေနဲ့ကတော့ စုစုပေါင်း ၇၂ ခန်းဖြစ်ပြီး အခုဆိုရင် ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်၊ တည်ဆောက်ပြီးရင် ဝန်ထမ်းတွေလည်း ပါပါမယ်၊ အငြိမ်းစားယူပြီး အိမ်ရာမဝယ်နိုင်တဲ့ သူတွေလည်းပါပါမယ်၊ ပြည်သူလူထုတွေထဲက အိမ်ရာမဝယ်နိုင်တဲ့ သူတွေလည်းပါမယ်၊ **စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻**

စာမျက်နှာ ၉ ကော်လံ ၅ သို့



စစ်တွေမြို့ ရွှေပြည်သာရပ်ကွက်၌တည်ဆောက်ထားသည့် တန်ဖိုးနည်းအိမ်ရာများကို တွေ့ရစဉ်။

# တောင်သူများ မိုးစပါးသာမက နွေစပါးပါ စိုက်ပျိုးနိုင်ရန် လပွတ္တာမြို့နယ်တွင် ရေငန်တားတာများနှင့် ရေတံခါးများ တည်ဆောက်



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအနီး ရေချိုသွင်း ရေတံခါးနှင့် နွေစပါးစိုက်ခင်းများအား တွေ့ရစဉ်။

လပွတ္တာ မေ ၂၂

**ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ရွှေမြစ်နှင့် ပြာမလော့မြစ်အကြားရှိ ကျွန်းများအား ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ရန်နှင့် မိုးစပါးသာမက နွေစပါးပါစိုက်ပျိုးနိုင်ရန် ရေငန်တားတာများနှင့် ရေတံခါးများ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကျွန်းအပိုင်း ၂(က)မှာ လုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ လယ်မြေဧက ၇၅၀၀ ခန့် ရေငန်ဝင်ရောက်မှုမှ တားဆီးပေးနိုင်တော့မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

**ကြေးမုံ** နိုင်ငံတော်အစိုးရ၏ **ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ**

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** နှင့် **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** တို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။

# ထိုင်းလိဂ်တွင် ခြေစွမ်းပြနေသည့် အောင်သူ

**ရန်ကုန် မေ ၂၂**

ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းတွင် အငှားသွားရောက်ကစားနေသည့် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး အောင်သူသည် ခြေစွမ်းပြကစားလျက်ရှိပြီး မေ ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ထိုင်းလိဂ်-၁ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။

အောင်သူပါဝင်ကစားနေသည့် Police Tero အသင်းသည် ပွဲစဉ်(၁၁)အဖြစ် ဆူခိုထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲတွင် တစ်ဂိုးစီသရေကျနေချိန်၌ အောင်သူသည် ပွဲချိန် ၆၅ မိနစ်တွင် အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ထို့ပြင် အောင်သူသည် ယင်းပွဲ၏ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ရရှိခဲ့သည်။ အောင်သူသည် ထိုင်းလိဂ်ပြိုင်ပွဲတွင် Police Tero အသင်းအတွက် ပွဲထွက်ကစားသမား ရှစ်ပွဲ၊ လူစားဝင်ကစားသမားအဖြစ် တစ်ပွဲ ပါဝင်ကစားထားပြီး ခြောက်ဂိုးသွင်းယူပေးထားသည်။ ထိုင်းလိဂ်-၁ တွင် အောင်သူအပြင် ချင်းရိုင်ယူနိုက်တက်အသင်း၌ ကျော်ကိုကို၊ ပရာကျွတ်အသင်း၌ နန္ဒလင်းကျော်ချစ်တို့ ပါဝင်ကစားနေပြီး ကျော်ကိုကိုသည် ပွဲစဉ်(၉)တွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရပြီး ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**



ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၃၊ ၂၀၁၈ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းစာနပ်ရိက္ခာဖူလုံစေရုံသာမက ပြည်ပဝင်ငွေလည်းရရှိသည့် လုပ်ငန်းဖြစ်

● ဇူလိုင်မိုး(မြန်မာ့အလင်း)

**မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာကဏ္ဍသည် အဓိကသော့ချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏စီးပွားရေးသည် လယ်ယာကဏ္ဍကို အဓိကအခြေခံလျက်ရှိသည့်အတွက် နှစ်စဉ် နိုင်ငံ့ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။ ထို ၂၅ ရာခိုင်နှုန်းတွင် လယ်ယာကဏ္ဍသည် ၁၈ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး သားငါးကဏ္ဍသည် ၈ ဒသမ ၂ ရာခိုင်နှုန်းပါဝင်သည်။**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အစိုးရနှစ်နှစ်တာကာလအတွင်း စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရန်၊ မျိုးစေ့အပါအဝင် သွင်းအားစု စရိတ်သက်သာပြီး အထွက်နှုန်းနှင့် သီးနှံအရည်အသွေးတိုးတက်စေမည့် စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲကျင့်သုံးဆောင်ရွက်ရေးအတွက် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သီးနှံများ ရာသီအချိန်ကိုက် စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ လေလွင့်ဆုံးရှုံးမှုလျှော့ချနိုင်ရန်နှင့် စက်မှုလယ်ယာစနစ် ပီပြင်စွာ ပေါ်ထွန်းလာရန်တို့အတွက် ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၊ တောင်သူလယ်သမားများနှင့် ပူးပေါင်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

ယခုလိုဆောင်ရွက်သည့်အခါ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသည့် မြေယာအသုံးချမှု၊ စိုက်ပျိုးရေရရှိမှု၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ စက်ကိရိယာအသုံးပြုမှု၊ သမဝါယမစနစ် အသုံးချမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးမှု၊ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးမှု၊ တန်ဖိုးမြင့်ထုတ်လုပ်မှု၊ ဈေးကွက်ချဲ့ထွင်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှု စသည့် နယ်ပယ်များအလိုက် လုပ်ငန်းစဉ်များချမှတ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

ရာသီဥတုဖောက်ပြန်လာသည်နှင့်အမျှ တောင်သူလယ်သမားများ၏ သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများ နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည်ကို တွေ့မြင်နေရသည်။ စိုက်ပျိုးသူတောင်သူများအတွက် ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် ဒေသအလိုက် စိုက်ပျိုးနိုင်ရန် ဒေသအလိုက်သင့်တော်သည့် အထွက်ကောင်း မျိုးသစ်များ မွေးမြူထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း မျိုးသစ် ၂၅ မျိုးကို ဖော်ထုတ်နိုင်ခဲ့သည်။

## ဒေသအလိုက် အသုံးပြုနိုင်သည့်စပါးမျိုး

အစိုးရ နှစ်နှစ်တာကာလအတွင်း ထုတ်လုပ်နိုင်သည့် မျိုးသစ်များမှာ စပါးသီးနှံနှင့်ပတ်သက်ပြီး ရေငတ်ဒဏ်ခံ စပါးမျိုး၊ အပူဒဏ်ခံနိုင်သည့်စပါးမျိုး၊ ဆားငန်ဒဏ်ခံနိုင်သည့် စပါးမျိုး စသည့် ဒေသအလိုက် အသုံးပြုနိုင်သည့် စပါးမျိုးသစ်ပေါင်း ကိုးမျိုး၊ မြေပဲသီးနှံအနေဖြင့် မျိုးသစ် သုံးမျိုး၊ နှမ်းသီးနှံမျိုးသစ် နှစ်မျိုး၊ ဂျုံသီးနှံ မျိုးသစ်တစ်မျိုး၊ ပဲပုပ်သီးနှံမျိုးသစ်သုံးမျိုး၊ ကုလားပဲသီးနှံ မျိုးသစ်တစ်မျိုး၊ မတ်ပဲသီးနှံ မျိုးသစ် တစ်မျိုး၊ ကြံသီးနှံမျိုးသစ်တစ်မျိုး၊ ချည်မျှင်ရှည်ဝါနှင့် ပတ်သက်သည့် မျိုးသစ်တစ်မျိုးတို့ဖြစ်သည်။

စိုက်ပျိုးရေးတွင် အဓိကမရှိမဖြစ်လိုအပ်သည်မှာ စိုက်ပျိုးရေပင်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ စိုက်ပျိုးရေအခက်အခဲသည် တောင်သူများ နှစ်စဉ်ကြုံတွေ့နေရသည်။ သဘာဝအရင်းအမြစ် ရေရရှိနိုင်မှုသည် အချို့နေရာများတွင် အကန့်အသတ်ရှိနေသည်။

ထို့ကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သည့်အခါ ရေကိုချွေတာသုံးစွဲသည့် နည်းများကို သုတေသနပြု လုပ်ဆောင်ခဲ့ရာ စပါးသီးနှံအတွက် ရေကိုချွေတာပြီး အသုံးပြုနိုင်သည့်နည်း ရေစိုတစ်လှည့် ခြောက်တစ်ခါ ရေထိန်းသည့်စနစ်(AWD)ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့နောက် ယာနှင့် ဟင်းသီးဟင်းရွက်သီးနှံများအတွက် Sprinkler ရေအစက်ချသည့်နည်း (Drip Irrigation) စသည့် ရေကို ထိန်းသိမ်းသည့်လုပ်ငန်း (Water Saving) နည်းစနစ်များကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။

သုတေသနများ၏ ရလဒ်မှာ မြန်မာပြည် အလယ်ပိုင်း အပူပိုင်းဇုန်ဒေသစိုက် ယာသီးနှံများအတွက် မြေအစိုဓာတ်ထိန်းသိမ်းနိုင်ရန် စိုက်ခင်းဘေးများတွင် မိုးရေခံမြောင်းတူးထားခြင်းဖြင့် မိုးရေကို မြောင်းများအတွင်း စုဆောင်းထားနိုင်ပြီး မြေအစိုဓာတ်ကို ၁၅ မှ ၂၅ ရာခိုင်နှုန်းအထိ ပိုမိုထိန်းထားနိုင်ပြီး ရေကိုထိန်းသိမ်းနိုင်သည့် (Water Harvesting) နည်းပညာကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

## သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်

ထို့နောက် အပင်ဇီဝနည်းပညာ သုတေသနလုပ်ငန်းများအနေဖြင့် အပင်တစ်သျှူး မွေးမြူထုတ်လုပ်ခြင်းနှင့် မျိုးထွန်းနည်းပညာကိုသုံး၍ အချိန်တိုအတွင်း မိဘနှင့်တူသော အပင်များ ပွားများမွေးမြူခြင်း၊ ရှားပါးမျိုးထိန်းခြင်း၊ အဏုဇီဝနည်းပညာဖြင့် သီးနှံဗီဇမျိုးများ စစ်ဆေးဖော်ထုတ်ခြင်း၊ သီးနှံအထွက်တိုးရေးအတွက် အထောက်အကူပြုမည့် အပင်ဇီဝကမ္မဗေဒဆိုင်ရာ လက္ခဏာများ လေ့လာခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ

စိုက်ပျိုးရေးမှာအရေးပါလှသည့် စိုက်ပျိုးရေ ပေးဝေမှုနှင့်ပတ်သက်ပြီး စိုက်ပျိုးရေ အခက်အခဲမရှိ ပေးဝေနိုင်စေရေးအတွက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါး၊ မြစ်ရေတင်လုပ်ငန်းများနှင့် ဆည်ရေသောက်စနစ်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြည့်စုံအောင်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေအရင်းအမြစ်ကို အသုံးချခြင်း၊ ရေဘေးကာကွယ်ရေးတာများ၊ ရေငန်တားတာများ တည်ဆောက်ခြင်း၊ ရေသွင်းရေထုတ်စနစ်များတည်ဆောက်ခြင်း၊ တောင်သူများ စနစ်တကျရေသုံးစွဲနိုင်ရန် စိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကျေးလက်ရေရရှိရေး ဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိရာ လက်ရှိ တည်ဆောက်ပြီး ဆည်တမံ၊ စိုက်ပျိုးရေအတွက် စက်ရေတွင်းများ တူးဖော်ခြင်းများ ဆောင်ရွက်ပေးခဲ့ကာ ရေရရှိရေးလုပ်ငန်းပေါင်း စုစုပေါင်း ၈၀၅၄ ခုကို အစိုးရသက်တမ်း နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် စိုက်ဧကပေါင်း ၁ ဒသမ ၂၃၄ သန်းခန့်အထိ စိုက်ပျိုးရေကို ပြည့်စုံလုံလောက်စွာတိုးပြီး ပေးဝေနိုင်ခဲ့သည်။ ထို့အပြင် ယခုနှစ်အတွင်း နွေစပါးစိုက်ဧက ၁ ဒသမ ၂၈၅ သန်းခန့်ကို ရေပေးဝေစိုက်ပျိုးနိုင်ရန် လျာထားစီမံဆောင်ရွက်လျက်ရှိသည်။ အဆိုပါအကျိုးဆက်များကြောင့် ဆန်စပါးစိုက်ပျိုးမှုမှာ ထူးထူးခြားခြား နှစ် ၇၀ အတွင်း စံချိန်ချိုးခဲ့သည်ကို တွေ့မြင်ရသည်။

## လျှပ်စစ်ဓာတ်အား ထုတ်လုပ်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်အတွင်းရှိ ကင်းတားဆည်ရေသောက်စနစ်၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ မြစ်သာရေလှောင်တမံ စီမံကိန်းမှာ ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးပြီးဖြစ်သည့်အတွက် တပ်ဆင်ရေအားလျှပ်စစ်တာဘိုင်စက် ၂၀ မဂ္ဂါဝပ်နှစ်လုံးနှင့် လက်ရှိတွင် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညို ဆည်ရေသောက်စနစ်များကို ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများ အားလုံးပြီးစီးပါက ဆည်ရေသောက် စိုက်ဧကပေါင်း ၂၁၆၂၈၅ ဧကခန့်အထိ တိုးမြှင့်ပြီး စိုက်ပျိုးရေ ပေးဝေသွားနိုင်မည်ဖြစ်သည်။ ထို့အပြင် ခပေါင်းဆည်ရေသောက်စနစ်အတွင်း နွေစပါးစိုက်ဧကများ၊ တောင်ငူမြို့နယ် ပဲချက်ကျေးရွာအုပ်စု ထန်းပင်ကောက်ကျေးရွာမှ လယ်မြေ ၈၉ ဧကခန့်တွင် နွေစပါးအထွက်တိုးသည့် SRI စိုက်နည်းစနစ်ဖြင့် နွေစပါးစိုက်ပျိုးနိုင်ခဲ့သည်။

ချင်းပြည်နယ် ဖလမ်းမြို့တွင် သောက်သုံးရေ ဖူလုံစွာပေးဝေနိုင်ရေးအတွက် လိုင်ဗား

အထူးကဏ္ဍ [ ခ ] သို့ »»



ရန်ကုန်ဆိပ်ကမ်းမှ ပြည်ပသို့ ဆန်များတင်ပို့ရန် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ဩစတြေးလျနိုင်ငံ တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ခွေးရူးရောဂါကာကွယ်ရေး စာတွေ့ လက်တွေ့ သင်တန်းပို့ချပြီး လက်တွေ့ကွင်းဆင်းဆောင်ရွက်စဉ်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ နွေစပါး၊ မိုးစပါး စိုက်ဧက သန်းပေါင်း ၁၇ ဒသမ ၂၈၂ စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်းပေါင်း ၁၁၀၅ ဒသမ ၃၅၆ သန်း ထုတ်လုပ်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ ခုနှစ် မတ်လအထိ ပြည်ပကို ဆန်တင်ပို့နိုင်မှုအနေဖြင့် ဆန်မက်ထရစ်တန် ၃ ဒသမ ၅၁၈ သန်း တင်ပို့နိုင်ခဲ့သည်။ ရလဒ်အနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်ထက် ပြည်ပကို ဆန်တင်ပို့မှု နှစ်ဆခန့် တိုးမြှင့်တင်ပို့နိုင်ခဲ့သည်ကို တွေ့မြင်ရသည်။**

»»» အထူးကဏ္ဍ [ က ] မှ

တမံတွင် ရေပိုမိုသိုလှောင်ရန်အတွက် ရေပိုလွှဲမှာ HED တပ်ဆင်ခြင်း၊ ချင်းပြည်နယ်တွင် သီကီရ်ရေလှောင်တမံမှ လယ်ယာမြေ ဧက ၅၅၀ ကို စိုက်ပျိုးရေပေးဝေမည့်အပြင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၁ ရွာသို့ သောက်သုံးရေပေးဝေနိုင်ရေးအတွက် ဂါလန်ပေါင်း ၂၃၅၀၀၀ ဆံ့ သံကူကွန်ကရစ် ရေလှောင်ကန်တည်ဆောက်ပြီး ရေပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ အောင်ဗလလျှိုပိတ်ဆည်၊ ကျောက်ဖြူမြို့နယ်ရှိ စနဲလျှိုပိတ်ဆည်၊ အမ်းမြို့နယ်ရှိ ပဒဲကြောနှင့် လက်ခွာဒွေလျှိုပိတ်ဆည်များ၊ ရမ်းဗြဲမြို့နယ်ရှိ လက်ပံ၊ ပုန်းဆိုးပြိန်နှင့် လမူးခြေလျှိုပိတ်ဆည်များ၊ တောင်ကုတ်မြို့နယ်ရှိ ငြင်းချောင်းလျှိုပိတ်ဆည်၊ မောင်တောမြို့နယ်ရှိ ကိုင်းကြီးလျှိုပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့အပြင် လျှပ်စစ်ရေတင်လုပ်ငန်းများကိုလည်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး စသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် လုပ်ငန်းပေါင်း ၁၇ ခု ကို ဆောင်ရွက်ပေးခဲ့ပြီး လယ်ယာမြေဧက ၇၀၀၀ ခန့်ကို အကျိုးပြုအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

### လျှပ်စစ်ရေတင်လုပ်ငန်း

ဒီဇယ်နှင့် ရေတင်လုပ်ငန်း ခြောက်ခုကို လျှပ်စစ်ရေတင်လုပ်ငန်းအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင် အစိုးရနှစ်နှစ်တာကာလအတွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တောင်သူများအနေဖြင့် စိုက်ပျိုးရေး ဗဟုသုတများ ပြည့်စုံနေရမည်ဖြစ်သည်။ မိမိတို့စိုက်ပျိုးထုတ်လုပ်လိုက်သည့် သီးနှံများသည် ပြည်ပဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ GAP စိုက်ပျိုးနည်းစနစ်များကို ဖြန့်ဝေပေးလျက်ရှိသည်။ မြန်မာနိုင်ငံသည် ရာသီဥတု သုံးမျိုးကို ပိုင်ဆိုင်သည့်အတွက် ရေမြေဒေသအလိုက် သီးနှံမျိုးစုံကို စိုက်ပျိုးနိုင်သည်။ နှစ်စဉ်ကောက်ယူသည့် စာရင်းဝင်သီးနှံပေါင်း ၆၀ မျိုးရှိပြီး ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံနှင့် နှစ်ရှည်သီးနှံတို့ပါဝင်သည်။ မြန်မာနိုင်ငံသည် စပါးကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး မိုးနှင့် နွေတွင် စိုက်ပျိုးကြသည်။

### ဆန်တင်ပို့မှု နှစ်ဆခန့် တိုးမြှင့်တင်ပို့နိုင်

မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပဆန်တင်ပို့နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် နွေစပါး၊ မိုးစပါး စိုက်ဧက သန်းပေါင်း ၁၇ ဒသမ ၆၃၅ စိုက်ပျိုးနိုင်ခဲ့သည်။ အထွက်တင်းပေါင်း ၁၃၂၇ ဒသမ ၂၃ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ဆန်မက်ထရစ်တန် ၁ ဒသမ ၇၄၇ သန်း ပြည်ပကို တင်ပို့နိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ နွေစပါး၊မိုးစပါး စိုက်ဧက သန်းပေါင်း ၁၇ ဒသမ ၂၈၂ စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်းပေါင်း ၁၁၀၅ ဒသမ ၃၅၆ သန်း ထုတ်လုပ်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ ခုနှစ် မတ်လအထိ ပြည်ပကို ဆန်တင်ပို့နိုင်မှုအနေဖြင့် ဆန်မက်ထရစ်တန် ၃ ဒသမ ၅၁၈ သန်း တင်ပို့နိုင်ခဲ့သည်။ ရလဒ်အနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်ထက် ပြည်ပကို ဆန်တင်ပို့မှု နှစ်ဆခန့် တိုးမြှင့်တင်ပို့နိုင်ခဲ့သည်ကို တွေ့မြင်ရသည်။

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ မတ်လတွင် MICC-2 ၌ ကျင်းပခဲ့သည့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (The Rice Forum)ကို ဆန်စပါးအသင်းချုပ်၏ ဆောင်ရွက်မှုအစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး တောင်သူလယ်သမားများ၏ ဆန်စပါးအတွက် အခြေခံဈေးနှုန်းကို ညှိနှိုင်းသတ်မှတ်ပေးနိုင်ခဲ့သည်။ စပါးတင်းတစ်ရာကို ငါးသိန်း သတ်မှတ်ပေးခဲ့သည့်အတွက် တောင်သူလယ်သမားများ စိုက်ပျိုးသည့်အခါမှာ သေချာသည့်ဈေးကွက်ရရှိ၍ ယခင်ထက် အဆင်ပြေစေလာမည်ဖြစ်သည်။

### သီးနှံမျိုးစေ့ဖြန့်ဖြူး

မျိုးစေ့စိုက်ပျိုးထုတ်လုပ်သည့် အဖွဲ့အစည်းများ၊ အစိုးရ၊ ပုဂ္ဂလိက တောင်သူများ ပါဝင်ဆောင်ရွက်မှုဖြင့် မျိုးစေ့ထုတ်လုပ်ရန် မျိုးကောင်းမျိုးသန့် စိုက်ပျိုးမှုမှာ မိုးစပါး ၆၉၇၀၂ ဧက စိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းထားပြီး ၆၉၇၃၄ ဧက တိုးပြီးစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။ စိုက်ပျိုးခဲ့သော သီနှံများမှ မျိုးစေ့ထုတ်လုပ်မှုများကို ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် သီးနှံမျိုးစေ့ဖြန့်ဖြူးလျက်ရှိရာ စပါးသီးနှံအနေဖြင့် ၂၂၇၉၅၅၉ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်မှာလည်း နိုင်ငံတကာအဆင့်မီသည့် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း (Agricultural Extension and Development Training Centre) ကြီးကို ဇေယျာသီရိမြို့နယ် နေပြည်တော်တွင် ၁၄-၁၁-၂၀၁၇ မှာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ အဆိုပါကျောင်းတွင် ကျေးရွာသစ်လှုပ်ရှားမှုအခြေခံသင်တန်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ခေါင်းဆောင်မှုသင်တန်းနှင့် လူထုပညာပေးသင်တန်း စသည့် သင်တန်းများကို သင်တန်းသားဦးရေ ၅၄၉ ဦးကို သင်တန်းများပို့ချပေးနိုင်ခဲ့သည်။

### call center ဖွင့်လှစ်ပေးနိုင်

အစိုးရ နှစ်နှစ်တာကာလအတွင်း တောင်သူများထံသို့ စိုက်ပျိုးနည်းပညာများ ဖြန့်ဝေရန် call center ကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်နေ့မှာ စတင်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ Postharvest Research Institute ကို နေပြည်တော်တွင် တည်ထောင်နိုင်ခဲ့ပြီး ကြံသီးနှံနှင့်ပတ်သက်သည့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၇-၂၀၁၈ ခုနှစ် ကြံစိုက်ရာသီအထိ စိုက်ဧရိယာစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်း အစားထိုးအောင်မြင်

အထူးကဏ္ဍ [ ဂ ] သို့ »»»



မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်တောင်ကျေးရွာတွင် အသေးစားဓာတ်အားပေးစနစ် တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

စိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဇီဝနည်းပညာ ဓာတ်ခွဲခန်းဖွင့်လှစ်ပြီး ဇီဝနည်းပညာကိုအသုံးပြုပြီး ရောဂါအမျိုးအစား ခွဲခြားမှုလုပ်ငန်းများကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ဆန်စပါးအပြင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ စားဖိုဆောင် သီးနှံအဖြစ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ နှစ်ရှည်သီးနှံအဖြစ် သရက်၊ ရော်ဘာ၊ ကော်ဖီများကိုလည်း ဒေသအလိုက် စိုက်ပျိုးကြသည်။ ထို့ပြင် ဝါနှင့် ပိုးချည်ကဏ္ဍများလည်း ပါဝင်သည်။

**ပိုးစာနှင့် ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

မြန်မာ့ပိုးစာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ပိုးစာနှင့် ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် မြန်မာ့ပိုးချည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးနိုင်ခဲ့သည်။ ထို့အပြင် အခြားသီးနှံဖြစ်သည့် ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (တတိယမူကြမ်း)အထိ ရေးဆွဲဆောင်ရွက်နိုင်ပြီးဖြစ်သည်။ မြန်မာ့ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေခြင်း၊ မြန်မာနိုင်ငံ ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် ရေရှည်မျှော်မှန်းချက်များ ရေးဆွဲချမှတ်နိုင်ခြင်း၊ ပြည်တွင်းအထည်အလိပ် ထုတ်လုပ်သည့် စက်ရုံများအတွက် ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရန် အထောက်အကူပြုခြင်း၊ ဝါစိုက်တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာစေရန် အထောက်အကူဖြစ်စေခဲ့သည်။ လုပ်သားကျွမ်းကျင်မှု စံသတ်မှတ်ခြင်းအနေဖြင့် ကျွမ်းကျင်မှုစံများကို ခေတ်နှင့်အညီ ပိုမိုပြည့်စုံကောင်းမွန်စေရန် ရော်ဘာအစေးလှီးလုပ်သား၊ ရော်ဘာပျိုးခင်းလုပ်သား၊ မှိုင်းခံရော်ဘာထုတ်လုပ်ရေးလုပ်သားများအတွက် ကျွမ်းကျင်မှုစံနှင့် သင်ရိုးညွှန်းတမ်းတွေကို National Skills Standard Authority - NSSA ၏ သတ်မှတ်ချက်များနှင့်အညီရေးဆွဲပြီး ရော်ဘာအစေးလှီး ကျွမ်းကျင်လုပ်သား အသိအမှတ်ပြုလက်မှတ်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ရော်ဘာမျိုးဖလှယ်ခြင်းအနေနှင့် အဖွဲ့ဝင်နိုင်ငံတွေမှ မျိုးသစ် ၄၇ မျိုးနှင့် မြန်မာနိုင်ငံမှ ARCPC – 2 နှင့် ARCPC -6 နှစ်မျိုးအား မျိုးဖလှယ်စိုက်ပျိုးခြင်းဖြင့် မြန်မာနိုင်ငံ၏ ရေမြေဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများကို ရော်ဘာစိုက်တောင်သူများကို ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ မွန်ပြည်နယ်မှာ ရော်ဘာသတင်းအချက်အလက်စင်တာကို


ခပေါင်းဆည်ရေသောက်စနစ်ပြင်ပရှိ ကုန်းမြင့်လယ်ယာမြေ ၈၉ ဧကတွင် SRI နည်းစနစ်ဖြင့် နွေစပါးစိုက်ပျိုးနိုင်ရေး ရေတင်စနစ်ဖြင့် ရေပေးဝေစဉ်။

၂၁-၉-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ရော်ဘာစိုက်တောင်သူ Small Holder များ ရော်ဘာ ရောင်းဝယ်ရာတွင် သတ်မှတ်ရော်ဘာ အဆင့်အတန်းလိုက် ဈေးမှန်ဈေးကောင်း ရရှိရေးအတွက် သတင်းအချက်အလက်စင်တာ တည်ထောင်ပြီး ပြည်တွင်း၊ ပြည်ပ နေ့စဉ် ရော်ဘာပေါက်ဈေးကို ကြော်ငြာပေးခြင်းဖြင့် ဈေးနှိမ်မခံရဘဲ သတ်မှတ်အဆင့် အတန်းလိုက် ဈေးကောင်းရရှိနိုင်ခဲ့သည်။

**လယ်ယာလုပ်သား ရှားပါးလာ**

ယနေ့ မြန်မာ့လယ်ယာကဏ္ဍတွင် ကျေးလက်လူငယ်အများစုသည် မိသားစု စားဝတ်နေရေးဖူလုံမှုအတွက် ၎င်းတို့၏ အနာဂတ်ဘဝတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါများသည့် မြို့ပြများကို ပြောင်းရွှေ့ခြင်း၊ ပြည်ပတွင် သွားရောက်လုပ်ကိုင်ခြင်းများရှိကြသည်။ လူငယ်များ ဒေသစွန့်ခွာမှုများကြောင့် လယ်ယာလုပ်သားရှားပါးလာပြီး လယ်ယာလုပ်ခများမြင့်တက်ခြင်း၊ ရာသီအချိန်မီ မဆောင်ရွက်နိုင်ခြင်း၊ ကျွမ်းကျင်လုပ်သား မရရှိခြင်းတို့ကြောင့် လေလွင့်ဆုံးရှုံးမှုများခြင်း၊ သီးနှံအထွက်ကျဆင်းခြင်း စသည့် ဆက်နွယ်ပတ်သက်ရာ ဆိုးကျိုးများကို ရင်ဆိုင်နေကြရသည်။

စက်မှုလယ်ယာဦးစီးဌာနမှ ယင်းလုပ်သားလိုအပ်ချက်များကို အစားထိုးဖြည့်ဆည်းနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲရေးကို တွန်းအားပေးလုပ်ဆောင်လျက်ရှိသည်။ အစိုးရနှစ်နှစ်တာကာလအတွင်း တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများကို ဈေးနှုန်းသင့်တင့်စွာဖြင့် နှစ်သက်ရာစက်အမျိုးအစား ဝယ်ယူနိုင်ရန် ကနဦးပေးသွင်းငွေ ၁၀ ရာခိုင်နှုန်း ပေးသွင်းပြီး အရစ်ကျချေးငွေဖြင့် ဝယ်ယူသည့်စနစ်ကို ပုဂ္ဂလိကကုမ္ပဏီများ၊ ဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

သုံးနှစ် ခုနစ်ရစ်ဆပ်စနစ်ဖြင့် စုစုပေါင်း ထွန်စက်ကြီး ၁၃၈၅ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၅၉စီး၊ တစ်ပိုင်တစ်နိုင်လယ်သမားများအတွက်နှစ်နှစ် သုံးရစ်ဆပ်စနစ်ဖြင့် လက်တွန်းထွန်စက် ၁၅၃၀၆ စီး၊ ထွန်စက်ကြီး ၃၆၃ စီးတို့ကိုဖြန့်ဖြူးပေးနိုင်ခဲ့သည်။ စက်သက်တမ်း ၁၅ နှစ်မှ ၅၅ နှစ်အထိ ထွန်စက်အဟောင်းများကိုလည်း တစ်စီးလျှင် ငွေကျပ် သိန်း ၂၀ ခန့်ဖြင့် လက်ငင်း/အရစ်ကျစနစ်ဖြင့် ထွန်စက်ဟောင်း ၃၉၅ စီးကို ရောင်းချပေးနိုင်ခဲ့သည်။

**စက်ပြင်သင်တန်းပို့ချ**

ထို့ပြင် တောင်သူများ စက်ကိရိယာများကို ကျွမ်းကျင်စွာ ပြင်ဆင်ထိန်းသိမ်းနိုင်ရန် စက်မောင်းသင်တန်း၊ စက်ပြင်သင်တန်းများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ သင်တန်းသား ၈၅၃၂ ဦး အား သင်တန်းပို့ချပေးနိုင်ခဲ့သည်။ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများကိုလည်း ၂၀၁၇ နှစ်ကုန်အထိ ၁၀၉၀၅ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ မြန်မာ့လယ်ယာမြေအခြေအနေနှင့် ကိုက်ညီမည့် စက်ကိရိယာများဖြစ်သည့် ကြားပေါင်းလိုက်စက်၊ မျိုးစေ့ချစက်၊ အာလူးဖော်စက်၊ ကောက်စိုက်စက် စသည်တို့ကို သုတေသနပြု စမ်းသပ်ဖော်ထုတ်လျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အစိုးရနှစ်နှစ်တာကာလအတွင်း ရေမြေသဘာဝ နှင့်ကိုက်ညီပြီး အရည်အသွေးကောင်း တောင်သူအကြိုက် လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

**လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေး**

မြေယာများကို စနစ်တကျ အသုံးချနိုင်ရေးအတွက် လယ်ယာမြေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများကို ပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေနှင့်အညီ တောင်သူဦးရေပေါင်း ၅၉၃၀၀၀၀ ကျော်၏ ဦးပိုင်ပေါင်း ၉၆၉၀၀၀၀ ခု၊ ဧကပေါင်း ၂၄၈၆၀၀၀၀ ကျော်ကို လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခဲ့ပြီးဖြစ်သည်။ မြေလွတ် မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများအရ မြေလွတ်မြေရိုင်း လာရောက်လျှောက်ထားသူ ၅၆၂ ဦးအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မြေဧကပေါင်း ၁၁၁၈၀၀၀၀ ကျော်ကို ခွင့်ပြုချထားပေးပြီး ဆောင်ရွက်လျက်ရှိသည်။

မြေပုံမှန်ကန်ရေးနှင့် မြေပုံများ ထုတ်လုပ်နိုင်ရေးအတွက် UTM စနစ်နဲ့ ဒစ်ဂျစ်တယ်ကွင်းမြေပုံတွေနဲ့ ချိတ်ဆက်အသုံးပြုနိုင်ရန် မြေပြင်ထိမ်းမှတ် ( Ground Control Point) ၁၁၉ ခုကို စိုက်ထူထားရှိပေးနိုင်ခဲ့သည်။ Total Station ၉၉ လုံးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ဖြန့်ဝေဖြည့်ဆည်းပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် ကီလိုမီတာ ၃၀၀၀ ခန့် ရှည်လျားသည့် ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည့်အတွက် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးရေး၊ ငါးသယံဇာတများ မပြုန်းတီးစေရေးအတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသကဲ့သို့ ရေချိုငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေးကိုလည်း ပြည်တွင်း၊ ပြည်ပ လိုအပ်ချက်များနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်အောင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

**ငါးသားပေါက် တိုးတက်ထုတ်လုပ်**

လယ်ယာ၊ သားငါးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းစခန်း ၂၇ မှ ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၂၅၉၁ သိန်းအထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတကာသို့ တင်ပို့သည့်အခါမှာ နိုင်ငံပေါင်း ၄၀ ကျော်သို့ ၂၀၁၈ ခုနှစ် မတ်လအထိ ငါးတန်ချိန် ၅၆၈၂၂၇ ဒသမ ၃၂၇ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာအားဖြင့် ဒေါ်လာ ၇၁၁ ဒသမ ၇၁၇ သန်း ရရှိကြောင်း သိရသည်။ ထို့ကြောင့် ငါးတင်ပို့မှုသည်လည်း နှစ် ၂၀ အတွင်း ပြည်ပသို့ စံချိန်တင်ပို့နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ မွေးမြူရေး ငါး/ပုစွန်

အထူးကဏ္ဍ [ ဃ ] သို့ »»»


ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သည့် ဝဲကြီးကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ စက်ရေတွင်း (တွင်းနက်) တူးဖော်ဆောင်ရွက်ထားစဉ်။


ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်စဉ်။

»» အထူးကဏ္ဍ [ ၈ ] မှ

များကို EU နိုင်ငံများသို့ တင်ပို့နိုင်ရန် National Residue Monitoring Plan ကို လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိမှာ တရုတ်နိုင်ငံ (AQSIQ) မှ ထုတ်ပြန်ထားသည့်စည်းကမ်းချက် Decree ၁၃၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်နိုင်ခဲ့ပြီး ငါးကန်များကိုလည်း အစိုးရထံတင်ပြပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ပင်လယ်လိပ်မျိုးထိန်းသိမ်းမှုအနေဖြင့် သမီးလှကျွန်းအတွက် ပင်လယ်လိပ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိအမှတ်ပြု Site Network Certificate နဲ့ ခတ်ခွဲခြင်းဆိုင်ရာ အသိအမှတ်ပြုတဲ့ ISO Certificate ကို ၂၀၁၆-၂၀၁၈ ခုနှစ်အတွက် ISO / IEC 17025: 2005 Certificate တတိယသက်တမ်း လက်မှတ်ရရှိခဲ့သည်။ တရားမဝင် ငါးဖမ်းလုပ်ငန်းများကို တာဆီးကာကွယ် တိုက်ဖျက်နိုင်ရန် အမျိုးသားငါးလုပ်ငန်းစီမံချက်ကို EU-GIZ ၏ Trade Development Programmee- TDP က နည်းပညာထောက်ပံ့မှုနှင့် ရေးဆွဲအတည်ပြုခဲ့ပြီးဖြစ်သည်။

**တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူ**

ထို့ပြင် မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ အတွင်း တစ်နိုင်ငံလုံးမှာရှိသည့် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် မြို့နယ်ပေါင်း ၂၇၅ မြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်း ရရှိပြီးဖြစ်ကြောင်း၊ ကောက်ယူခဲ့ပြီး ရရှိလာသည့် တိရစ္ဆာန်ကောင်ရေ စာရင်းများကို စာရင်းသွင်းခြင်းလုပ်ငန်းကို အတိအကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူလယ်သမားအများစုသည် လုပ်ကွက်ငယ် တောင်သူလယ်သမားများ ဖြစ်ကြပြီး ငွေကြေးအရင်းအနှီးနည်းပါးသည့် အတွက် နိုင်ငံတော်အနေဖြင့် ရာသီသီးနှံ ချေးငွေများကို နှစ်စဉ် ထုတ်ချေးလျက်ရှိရာ စပါးအတွက် တစ်ဧက ငွေကျပ် ၁၀၀၀၀၀နှုန်း၊ ချက်ကြံ ၁၅၀၀၀၀ နှုန်းနှင့် အခြားသီးနှံ ၅၀၀၀၀ တို့ဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ တစ်ဖက်မှာလည်း သမဝါယမအသင်းများ ဖွဲ့စည်းပြီးတစ်နိုင်တစ်ပိုင် စီးပွားဖြစ် ရင်းနှီးငွေများကိုလည်း ထုတ်ချေးလျက်ရှိသည်။ တစ်ဖက်မှာလည်း ကျေးလက်နေအသင်းသားများကို အသေးစားအရင်းအနှီးချေးငွေ၊ လယ်ယာသုံး စက်ကိရိယာ အရစ်ကျချေးငွေတို့ကိုလည်း ထုတ်ချေးပေးလျက်ရှိသည်။

**အသေးစားအရင်းအနှီးချေးငွေ လုပ်ငန်း**

သမဝါယမက ဆောင်ရွက်နေသည့် အသေးစားအရင်းအနှီးချေးငွေ လုပ်ငန်းအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုတွင် မြို့နယ်ပေါင်း ၂၉၀ မြို့နယ်ရှိ အသင်း ၃၀၇၂၄ သင်းက အသင်းသား ၂ ဒသမ ၅ သန်းကျော်ကို ချေးငွေထုတ်ပေးခဲ့ရာ ဘီလီယံပေါင်း ၅၈၆ ဒသမ ၅၄၂ ကို ထုတ်ချေးဆောင်ရွက်နိုင်ခဲ့သည်။ အရစ်ကျ Hire Purchase စနစ်ဖြင့် သမဝါယမအသင်းသား တောင်သူများကို စက်ကိရိယာရောင်းချမှုအခြေအနေမှာ အစိုးရနှစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီး ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၇၂ မြို့နယ်တွင် သမဝါယမအသင်း ၂၈၇၁ သင်းရှိ အသင်းသားတောင်သူ ၇၃၇၈ ဦးကို စက်ပစ္စည်းစီးရေ စုစုပေါင်း ၇၈၅၁ စီး ငွေကျပ်အနေဖြင့် ဘီလီယံပေါင်း ၅၇ ဒသမ ၉၅၉ ကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သည်။

**လယ်ယာမြေတွေ အဆင့်မြှင့်တင်ပြုပြင်**

စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး လယ်ယာမြေတွေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းတွေကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြို့နယ် ၁၆၂ မြို့နယ်ရှိ လယ်ယာမြေစုစုပေါင်း ၆၄၅၇၅ ဒသမ ၆၂ ဧကအတွက် ချေးငွေကျပ်သန်း ၁၉၃၅၃ ဒသမ ၂၄၇ ထုတ်ချေး ဆောင်ရွက်ခဲ့ပြီး လယ်ယာမြေပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်။ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းတွေကနေပြီးတော့လည်း မြေထယ်ထိုးထွန်ယက်ပြုပြင်ခြင်း၊ စပါးရိတ်သိမ်းခြွေလှေ့ ခြင်း၊ စပါးသိုလှောင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာတွေဖြစ်တဲ့ ရိတ်သိမ်းခြွေလှေ့စက် ၇၁ စီးနဲ့ ထွန်စက်ကြီး ၆၇၇ စီးတို့ဖြင့် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး သမဝါယမအသင်းက ချေးငွေ ထုတ်ချေးပေးနိုင်မှုမှာ မျိုးစေ့ထုတ်ဧက ၈၂၆၀ အတွက် ချေးငွေကျပ် ၂၄၇၈ သန်းကို ထုတ်ချေးပေးနိုင်ခဲ့သည်။

**ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အစိုးရနှစ်နှစ်တာကာလအတွင်း ကျေးလက်တွေမှာ ရေရရှိရေးလုပ်ငန်းတွေတင်မကဘဲ ကျေးလက်မီးလင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ကျေးရွာ ၄၀၇၂ ရွာမှာ မီးလင်းရေးလုပ်ငန်းပေါင်း ၂၂၉၄၅၇ ခုနှင့် စာသင်ကျောင်း၊ ဆေးပေးခန်းအပါအဝင် အများပိုင်အဆောက်အအုံ ၃၂၅၆၀ တို့ကို ဆောင်ရွက်နိုင်ခဲ့သည့် အတွက် အိမ်ခြေ ၃ ဒသမ ၀၈ သိန်းနှင့် လူဦးရေ ၁ ဒသမ ၅ သန်းတို့ကို အကျိုးပြုနိုင်ခဲ့ပြီး အသေးစား ခတ်အားလိုင်းစနစ်ဖြင့် ကျေးရွာ ၄၄ ရွာမှာရှိသည့် အိမ်ခြေ ၃၈၉၆ ခုနှင့် လူဦးရေ ၁၈၄၉၈ ဦးတို့ကို အကျိုးပြုစေခဲ့သည်။

လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် ၆၃ မြို့နယ်တွင် လျာထားပြီး မြို့နယ် ၄၇မြို့နယ်မှာ ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းလုပ်ငန်းခွဲပေါင်း ၉၈၆၈ ခုဆောင်ရွက်ပေးနိုင်ခဲ့သည့် အတွက် ကျေးရွာ ၁၂၀၁၁ ရွာမှာရှိသည့် လူဦးရေ ၇ ဒသမ ၁ သန်းအား အကျိုးပြုစေခဲ့ပြီး ကျန်မြို့နယ် ၁၆ မြို့နယ်မှာ တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်သည်။



မြေကြီးမြေပုံ မှန်ကန်ရေးနှင့် မြေပုံများ ထုတ်လုပ်ဆောင်ရွက်နိုင်မှု အခြေအနေကို တွေ့မြင်ရစဉ်။

နောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုလည်း ဆောင်ရွက်နေပါတယ်။ မြစိမ်းရောင်စီမံကိန်းက ခုဆိုအရင်ကထက်အောင်မြင်လာပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက ကျေးရွာတွေကနေ တောင်းဆိုလာတဲ့အထိ ဖြစ်လာပါတယ်။ စီမံကိန်းကို လက်ရှိမှာ ယူနစ်ပေါင်း ၈၀၅၇ ယူနစ်နဲ့ ကျေးရွာပေါင်း ၉၈၉၅ ရွာမှာ ငွေကျပ် ၂၇၁ ဒသမ ၄ ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့နိုင်ပါတယ်။ ဒီအတွက် အိမ်ထောင်စုပေါင်း ၉ ဒသမ ၇ သိန်း၊ လူဦးရေ ၆ ဒသမ ၈ သန်းကို အကျိုးပြုစေခဲ့ပါတယ်။

အတိုးငွေကတော့ ၆၁ ဒသမ ၉၈ ဘီလီယံရရှိခဲ့ပြီး အဲဒီအတိုးငွေထဲကမှ ငွေကျပ် ၉ ဒသမ ၂ ဘီလီယံ၊ ပြည်သူထည့်ငွေ ကျပ် ၅ ဒသမ ၉ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၂ ဘီလီယံနှင့် ကျေးရွာပေါင်း ၁၆၂ ရွာတွင် လမ်း ၄၂/၆မိုင်၊ တံတား ခြောက်စင်း၊ ရေရရှိရေး ၂၀၊ မီးလင်းရေး ၄၁ ခု၊ ကျန်းမာရေး ငါးခု၊ ပညာရေး ၁၄ ခုနဲ့ အခြားဖွံ့ဖြိုးရေး လုပ်ငန်း ၃၀ တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ကျွမ်းကျင်သည့် ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ဘာသာရပ်ဆိုင်ရာ ဘွဲ့ရလူငယ်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အနေဖြင့် အစိုးရနှစ်နှစ်တာကာလအတွင်း တိရစ္ဆာန်ဆေးသိပ္ပံပညာဘွဲ့ရ ၁၉၅ ဦး၊ ဘွဲ့လွန်မဟာဘွဲ့ရ ၈၇ ဦးနှင့် ပါရဂူဘွဲ့ရ ငါးဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အကုန်တွင် မွေးမြူရေးပညာ ဘွဲ့ရ ၁၀၀ ခန့်ကိုလည်း မွေးထုတ်ပေးနိုင်တော့မည်ဖြစ်သည်။

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တွင် လက်ရှိအနေအထားမှာ စတင်ပြီးတော့ ပြုပြင်ပြောင်းလဲပြီး ကြိုးစားနေတဲ့နေရာမှာ သင်ကြားမှုပုံစံကို ပြောင်းလဲရန် ကြိုးစားနေပြီဖြစ်သည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ သင်ကြားမှုပုံစံကို ယခင်ကသင်ကြားမှုကို အဓိကထားသည့်စနစ်မှ သင်ယူသူအခြေပြုသည့် သုတေသနအခြေပြုသည့်စနစ်အဖြစ် ပြောင်းလဲနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ မသင်မနေရ ဘာသာရပ်တွေ သင်ကြားပေးတဲ့ပုံစံမှ မိမိစိတ်ကြိုက်ဘာသာရပ်များကို ရွေးချယ်သင်ယူနိုင်စေရန် သင်ရိုးညွှန်းတမ်းများ ပြောင်းလဲရေးဆွဲခဲ့သည်။

**သုတေသနနယ်ပယ် ပူးပေါင်းလုပ်ဆောင်**

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့ အထောက်အပံ့နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွေ၊ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးသုတေသန တက္ကသိုလ် (IARI) နဲ့ ပူးပေါင်းပြီးအဆင့်မြင့် စိုက်ပျိုးရေး သုတေသနနဲ့ ပညာရေးဗဟိုဌာန (ACARE)ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ဩစတြေးလျအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး သုတေသနစင်တာ (ACIAR)နှင့် ပူးပေါင်းပြီး သုတေသနနယ်ပယ်တွင် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ တက္ကသိုလ်စင်တာ တည်ထောင်သည့်နေ့မှ ယနေ့အထိ ဘွဲ့ရမောင်မယ် ၁၂၀၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပထမနှစ်ဝက် ဘွဲ့ကြိုဘွဲ့လွန် သင်တန်းတွေကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ဖွင့်လှစ်ခဲ့ပြီး ဘွဲ့ကြို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၃၁ ဦးနဲ့ ဘွဲ့လွန် သင်တန်းသား သင်တန်းသူ ၁၈၇ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တန်ဖိုးကွင်းဆက်ကြီးတစ်ခုလုံး ဖွံ့ဖြိုးလာရန်မှာ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုသည် အလွန်ပင်အရေးကြီးသည်။ ထို့ကြောင့် လယ်ယာ၊ သားငါးထုတ်ကုန်များ ပြုပြင်ကြိတ်ခွဲ ထုပ်ပိုးရောင်းချသည့် လုပ်ငန်းစဉ်များမှာ ရင်းနှီးမြှုပ်နှံကြစေရန် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖိတ်ခေါ်လျက်ရှိသည်။ ပါဝင်မြှုပ်နှံနိုင်သည့် ကဏ္ဍများမှာ သွင်းအားစုပံ့ပိုးပေးသည့် လုပ်ငန်းများ (မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ဖြန့်ဖြူးခြင်း)၊ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း၊ တန်ဖိုးမြင့် ထုတ်ကုန် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း၊ သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးရေး ဝန်ဆောင်မှု သမဝါယမလုပ်ငန်းများ၊ ချေးငွေနှင့် အာမခံစနစ်လုပ်ငန်းများ၊ လက်ကားဈေးလုပ်ငန်းတို့ဖြစ်သည်။

**လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်မည်**

စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရုံသာမက ပြည်ပဝင်ငွေလည်းရရှိသည့် လုပ်ငန်းဖြစ်သည်။ လယ်ယာကဏ္ဍတွင် မူဝါဒအသစ်ရေးဆွဲချမှတ်နိုင်ခြင်းကြောင့် မူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာသည်နှင့်အမျှ စားသုံးသူများ၏ သီးနှံများဘေးအန္တရာယ်ကင်းသည့် အဟာရပြည့်ဝသည့်စားနပ်ရိက္ခာ ထုတ်လုပ်နိုင်ခဲ့သည်။ ဆက်လက်၍လည်း လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်နေသည့် တောင်သူ ဦးကြီးများ၊ ဆက်စပ်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းကာ လယ်ယာကဏ္ဍ ဆက်လက် ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။ ။




လယ်ယာသုံးစက်ကိရိယာပြင်ဆင်ရေး သင်တန်းဖွင့်လှစ်ပို့ချနေစဉ်။



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း နယူးဇီလန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ကျွဲ၊ နွား ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးစဉ်။

# ပြည်သူများအတွက် ပြည့်စုံကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် နိုင်ငံတော်၏ အားကစား အဆင့်အတန်းမြင့်မားစေရေး အစဉ်ကြိုးစားဆောင်ရွက်နေသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

● ဇူလိုင်မိုး(မြန်မာ့အလင်း)

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုဆိုင်ရာ လုပ်ရှားမှုများကို ရရှိထားသော ဘဏ္ဍာငွေအတွင်းမှ အရှိန်အဟုန်မြှင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။**

**ဝန်ကြီးဌာနအနေဖြင့် အစိုးရ ဒုတိယ(၁)နှစ်တာကာလအတွင်း ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် သွားရောက်မေးမြန်းထားပါသည်။**


ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး။

**မေး။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တာမှာ ဘယ်လိုအရင်းအမြစ်တွေ၊ စွမ်းဆောင်ရည်တွေ ရရှိခဲ့လဲဆိုတာ သိပါရစေ။**

ဖြေ။ ။ အရင်းအနှီး အရင်းအမြစ်အနေနဲ့ကတော့ ကျွန်တော်တို့မှာ ဝန်ထမ်းအင်အား ၁၁၀၀၀၀ ခန့်ရှိပါတယ်။ နိုင်ငံတော် ခွင့်ပြုရန်ပုံငွေအနေနဲ့ ဘတ်ဂျက်ငွေကတော့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ငွေကျပ်သန်းပေါင်း ၈၈၀၀၀၀ ရခဲ့တယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ငွေကျပ်သန်းပေါင်း ၁,၁၁၀,၀၀၀ ရခဲ့ပါတယ်။ ဒါ့အပြင် WHO, UNICEF, UNFPA, Global Fund, 3MDG, Gavi, ADB အဖွဲ့အစည်းတွေဆီကလည်း အစိုးရနှစ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၄၀၀ ခန့် ရရှိပါတယ်။ ဒါ့အပြင် နိုင်ငံခြားတက္ကသိုလ်တွေ၊ သုတေသနဆိုင်ရာ အဖွဲ့အစည်းတွေ ၁၂၈ ဖွဲ့တို့ထံကလည်း ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အကူအညီတွေ အထောက်အပံ့တွေရပါတယ်။ အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမဟုတ်တဲ့ ၆၇ ဖွဲ့နဲ့လည်း ကျန်းမာရေးဆိုင်ရာတွေ ပူးပေါင်းလုပ်ဆောင်ဖို့ နားလည်မှုစာချွန်လွှာ ထိုးထားပြီး ဖြစ်ပါတယ်။ ဆေးရုံ ၁၆ ခုတင်ဆံ့ကနေ ခုတင် ၂၀၀၀ဆံ့အထိ ဆေးရုံပေါင်း ၁၁၃၄ ရုံ ရှိပါတယ်။ ကျန်းမာရေးဌာန ၁၇၉၆ ခုရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ၈၄၀၆ ခုရှိပါတယ်။ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာနဲ့ပတ်သက်လို့ ဆေးတက္ကသိုလ်နှင့် ဆေးဘက်ဆိုင်ရာတက္ကသိုလ်ပေါင်း ၁၆ ခုရှိပြီး သားဖွားနှင့်သူနာပြုကျောင်း ၅၀ ရှိပါတယ်။ အရေးကြီးဆုံးကဘာလဲဆိုတော့ ၂၀၁၆ ခုနှစ်တုန်းကစပြီး ရရှိခဲ့တဲ့စွမ်းအားအရင်းအမြစ်တွေပေါ်ကို မူတည်ကာ စတင်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။

**မေး။ ။ အရင်းအမြစ်တွေ၊ စွမ်းအားစုတွေကို အသုံးပြုပြီး ပြည်သူတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှုတွေကိုဘယ်လိုပုံစံမျိုးတွေနဲ့ လုပ်ဆောင်ပေးခဲ့ပါသလဲရှင့်။**

ဖြေ။ ။ အစိုးရနှစ်နှစ်တာကာလအတွင်းမှာ ပြင်ပလူနာပေါင်း ၂၆ သန်း၊ အတွင်းလူနာပေါင်း ၅ ဒသမ ၆ သန်းကို ကုသပေးနိုင်ခဲ့ပါတယ်။ မြေပြင်ကွင်းဆင်း ကုသပေးနိုင်မှုအနေနဲ့လည်း အကြိမ်ရေ ၂၁ သန်းကျော် ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။ ဒါက ဝန်ဆောင်မှုအပိုင်းဘက်ကြည့်မယ်ဆိုရင် ကောင်းမွန်သော်ငြားလည်း ဝန်ကြီးဌာနရဲ့ အဓိကတာဝန်သည် လူနာဦးရေကို လျှော့ချဖို့ဆိုတာက အဓိကအရေးကြီးပါတယ်။ နောက်တစ်ချက်က ကာကွယ်ဆေးအနေနဲ့ဆိုရင်လည်း အစိုးရနှစ်နှစ်တာကာလအတွင်း ယခင်မထိုးပေးဘူးသေးတဲ့ ကာကွယ်ဆေးအသစ်နှစ်မျိုးကို ထပ်မံထိုးပေးနိုင်ခဲ့ပါတယ်။ အဲဒါတွေကတော့ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးတွေပဲဖြစ်ပါတယ်။

ယခုအခါ စုစုပေါင်း ကာကွယ်ဆေး ၁၁ မျိုးကို ထိုးနှံပေးလျက်ရှိပါတယ်။ ကာကွယ်ဆေး ၁၁ မျိုးလုံးကိုထိုးပေးတဲ့အတွက် ကလေးတွေမှာ ရောဂါ ၁၁ မျိုးဖြစ်ပွားမှုကို ကာကွယ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် အစုလိုက်အပြုံလိုက် ကာကွယ်ဆေးတိုက်ကျွေးထိုးနှံမှု အနေနဲ့ဆိုရင် ရခိုင်ပြည်နယ်မှာ အသက်ငါးနှစ်အောက် ကလေး ခုနစ်သိန်းကျော်ကို ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ နာဂဒေသနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေက အသက် ၉ လမှ ၁၅ နှစ်အထိ ကလေး ၃၂၀၀၀၀ ခန့်ကို ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးထိုးနှံပေးခဲ့တဲ့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် အသက် ၉ လမှ ၁၅ နှစ်အထိ ကလေး ၁၂ ဒသမ ၆ သန်းခန့်ကို ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံပေးခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျန်းမာရေးဝန်ဆောင်မှုအားလုံးကို စနစ်တကျရှိဖို့ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇ ကနေ ၂၀၂၁ ခုနှစ်အထိ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ထူးခြားချက်က ယခင်ဝန်ကြီးဌာနမှာ မရှိခဲ့တဲ့ အမျိုးသားကျန်းမာရေးစီမံကိန်းလုပ်ဆောင်ချက်တွေကို စောင့်ကြည့်တဲ့အဖွဲ့ဖွဲ့ထားတယ်။ အဲဒီအဖွဲ့က ကျွန်တော်တို့လုပ်ဆောင်မှုများ ဟုတ်သလား မဟုတ်ဘူးလားဆိုတာကို တစ်ချိန်လုံးသုံးသပ်စောင့်ကြည့်ပြီးတော့ လိုအပ်သလို အထက်ကို တင်ပြပါတယ်။ ဒါဟာတကယ့်ကိုထူးခြားချက်ပါ။ ကျွန်တော်တို့တွေက အလုပ်လုပ်တဲ့အခါ မဟာဗျူဟာ၊ နည်းဗျူဟာတွေကို စနစ်တကျရေးဆွဲပါတယ်။ အဖွဲ့အစည်းတွေအားလုံး ပါဝင်ပြီး မဟာဗျူဟာအတိုင်း လုပ်ဆောင်ခဲ့ပါတယ်။ ဝန်ထမ်းတွေအတွက်လည်း စွမ်းရည်မြှင့် သင်တန်းတွေပေးခဲ့တာ ဗဟိုမှာ ၃၁၇ ကြိမ်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ အကြိမ် ၉၀၊ မြို့နယ်မှာဆို အကြိမ် ၄၆၀ ပေးခဲ့တယ်။ အစိုးရနှစ်နှစ်တာကာလအတွင်းမှာ ဝန်ထမ်းသစ်ပေါင်း ၂၁၆၅၂ ဦး ခန့်ခဲ့ရာ ဆရာဝန် ၂၇၂၈ ဦး၊ သူနာပြု ၃၆၅၄ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၄၃၄ ဦး၊ ဆေးဘက်ကျွမ်းကျင်ပညာရှင် (ဓာတ်မှန်၊ အကြော၊ ဆေးဝါး၊ မျက်မှန်၊ စာရင်းအင်းမှူး) ၁၁၀၆ ဦး၊ ကျန်းမာရေးမှူး ၃၀၀၊ ကျန်းမာရေးကြီးကြပ်(၂) ၃၀၀၀ နဲ့ အခြားအမှုထမ်းတွေလည်း ပါဝင်ပါတယ်။

လူနာတွေအတွက် ဆေးများစွာလိုပါတယ်။ ဆေးဝယ်မယ်ဆိုလို့ရှိရင်နှစ်နှစ်မှာ ငွေကျပ် ၂၇၄ ဘီလီယံလောက် ဆေးဝယ်တဲ့အပြင် ခေတ်မီဆေးပစ္စည်း၊ စက်ကိရိယာတွေအတွက် ငွေကျပ် ၁၃၈ ဘီလီယံခန့် အကုန်အကျခံဝယ်ပေးခဲ့တဲ့အတွက် အစိုးရကိုလည်းကျေးဇူးတင်ပါတယ်။ ကုသမှုပိုင်းနဲ့ ရောဂါရှာဖွေမှုပိုင်းဆိုင်ရာ ခေတ်မီစက်ကိရိယာတွေကို ဝယ်ယူအသုံးပြုလာတဲ့အတွက် ဆေးကုသမှုဆရာဝန်ကြီးတွေနဲ့ ခွဲစိတ်မှုဆရာဝန်ကြီးတွေရဲ့ ကျွမ်းကျင်မှုအရည်အသွေးတွေကလည်း ပိုမိုကောင်းမွန်လာတယ်။ ဥပမာဆိုလို့ရှိရင် ရင်ခေါင်းဖွင့် နှလုံးခွဲစိတ်ကုသခြင်းကို လူနာပေါင်း ၁၂၈၇ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။ အောင်မြင်မှုအနေနဲ့ ၉၅ ရာခိုင်နှုန်းကျော် အောင်မြင်ခဲ့ပါတယ်။ ဒါ့အပြင် နှလုံးသွေးကြောချဲ့ ကုသမှုလူနာပေါင်း ၈၁၆၂ ဦး အသက်ကို ကယ်တင်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် မန္တလေးဆေးရုံကြီးမှာဆိုရင် မြန်မာပြည်မှာ ပထမဆုံးအကြိမ်အဖြစ် နှလုံးသွေးကြောချဲ့ ကွန်ရက်ကို ထူထောင်နိုင်ခဲ့ပါတယ်။ အရင်က ရုံးချိန်အတွင်းသာ ဝန်ဆောင်မှုပေးခဲ့ရာက အခုအခါမှာ ၂၄ နာရီပတ်လုံးနီးပါး ဝန်ဆောင်မှုပေးပြီး လူနာပေါင်း ၅၆၃ ဦးရဲ့ အသက်ကို ကယ်ပေးခဲ့နိုင်ပါတယ်။ နောက်ပြီး အသည်းအစားထိုး ခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်အစားထိုးခွဲစိတ်ခြင်းလုပ်ငန်း၊ ရိုးတွင်းခြင်ဆီအစားထိုးခြင်းလုပ်ငန်း၊ သားသမီးရရှိရန်ခက်ခဲသူတွေ သားသမီးရရှိရေးလုပ်ငန်း၊ နှလုံးအဆို့ရှင် လဲလှယ်တပ်ဆင်မှုလုပ်ငန်းတွေကို ပြည်ပပညာရှင်တွေနဲ့ တွဲပြီးလုပ်ဆောင်နေတာ တော်တော်လေး အောင်မြင်နေပါပြီ။ ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်မှုဌာနကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပဆေးရုံနဲ့ နေပြည်တော် ခုတင် (၁၀၀၀)တို့မှာ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပဆေးရုံမှာ မြန်မာနိုင်ငံမှာ ယခင်ကမခွဲစိတ်နိုင်ခဲ့တဲ့ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ခွဲစိတ်မှု ငါးမျိုးကို နောက်ဆုံးပေါ်စက်ပစ္စည်းကိရိယာတွေနဲ့ ဆောင်ရွက်နေနိုင်ပြီဖြစ်ပါတယ်။


မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဦးနှောက်နှင့် အာရုံကြောရောဂါအား ခွဲစိတ်ကုသပေးနေစဉ်။

ဆေးတက္ကသိုလ်(၁) ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုဆိုင်ရာဌာနမှာလည်း လက်ကောက်ဝတ်မှ ပြတ်တောက်ခြင်း၊ လက်ချောင်းပြတ်တောက်ခြင်းတွေကို ပြန်လည်ဆက်ပေးနိုင်ပြီဖြစ်ပါတယ်။ ဒါ့အပြင် ခြေညှိုးကို လက်ချောင်းနေရာမှာ အစားထိုးပြီး အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။ ဒါကအလွန်ခက်ခဲတဲ့ ခွဲစိတ်မှုပါ၊ သွေးကြောလေးတွေ ပြန်ဆက်ရတယ်၊ ကြွက်သားတွေပြန်ဆက်ရတယ် ဒါတွေဟာ ခွဲစိတ်မှုပညာရဲ့ တိုးတက်မှုလက္ခဏာပဲဖြစ်ပါတယ်။ ဆေးရုံဝန်ဆောင်မှုအနေနဲ့ ကြည့်မယ်ဆိုလည်း ဆေးရုံမှာလူနာ တွေများလာတဲ့အခါ အဆင်ပြေအောင် ဧည့်ကြိုဌာနတွေ စတင်ဖွင့်ထားခဲ့ပါတယ်။ ခုတင် ၁၀၀ နဲ့ အထက် ဆေးရုံ ၁၂၃ ရုံမှာ ဧည့်ကြိုဝန်ထမ်းအမျိုးသမီး ၈၃၈ ဦးနဲ့ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ခုတင် ၂၀၀ အထက်ဆေးရုံကြီးတွေမှာလည်း

အထူးကဏ္ဍ [ စ ] သို့ »»




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံလွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်လာသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

»»» အထူးကဏ္ဍ [ င ] မှ

ဆေးရုံမှ အချို့ဆေးတွေကို အခမဲ့ပေးနိုင်ခြင်း မရှိတဲ့အတွက် အရည်အသွေးပြည့်မီပြီး ဈေးနှုန်းမှန်မှန်ကန်ကန်နဲ့ ရောင်းချပေးတဲ့ ဆေးဆိုင်တွေ ဖွင့်လှစ်ခြင်းကို ဆေးရုံကြီး ၂၃ ရုံ မှာ စတင် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့ Cabinet ရဲ့ခွင့်ပြုချက်နဲ့ ဆေးရုံကြီးတွေမှာ ဖွင့်ခဲ့ခြင်းဖြစ်ပါတယ်။ လူနာနဲ့ လူနာ လာရောက်ကြည့်ရှုသူတွေ အဆင်ပြေစေဖို့ အတွက် စားသောက်ဆိုင်၊ စတိုးဆိုင်ငယ်တွေ ဖွင့်လှစ်ခြင်းကို ဆေးရုံကြီး ကိုးရုံမှာ စတင် ဖွင့်လှစ်ပေးနေပြီဖြစ်ပါတယ်။ ဆက်လက်၍ ကျန်ဆေးရုံကြီးတွေမှာ ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ကျန်းမာရေးဝန်ထမ်းတွေ အရည်အသွေးမြင့်မားလာစေဖို့အတွက် ဘယ်လိုတွေ ဆောင်ရွက်နေပါသလဲရှင့်။**

ဖြေ။ ။ ဝန်ထမ်းတွေကို အရည်အသွေးမြှင့်တာကအရေးကြီးပါတယ်။ ဝန်ထမ်းတွေကို အရည်အသွေး မြင့်မားလာစေဖို့အတွက် အစိုးရနှစ်နှစ်တာအတွင်းမှာ ပြည်ပကို အစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ နှီးနှော ဖလှယ်ပွဲတွေ၊ ညီလာခံတွေကို ဝန်ထမ်း ၃၃၀၆ ဦးကို စေလွှတ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပါရဂူဘွဲ့ ၂၃ ဦး၊ မဟာသိပ္ပံဘွဲ့ ၄၆ ဦး လွှတ်ထားတယ်။ သင်တန်းအနေနဲ့ ခြောက်လအောက်သင်တန်းအတွက် ဦးရေ ၆၀၀၊ ခြောက်လအထက် သင်တန်းအတွက် ဦးရေ ၁၆၈ ဦးကို နိုင်ငံတကာသို့ စေလွှတ်နိုင်ခဲ့ပါတယ်။ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ ဆေးဘက်ကျွမ်းကျင်သူတွေရဲ့ အရည်အသွေးကို ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နေပါတယ်။ လာမယ့်နှစ်တွေမှာလည်း ဒီထက်ပိုပြီး လုပ်ဆောင်သွားမှာပါ။

ကျွန်တော်တို့မှာ တော်တဲ့ဆရာဝန်တွေ၊ အထူးကုဆရာဝန်တွေရှိဖို့ လိုအပ်ပါတယ်။ အစိုးရနှစ်နှစ်တာကာလအတွင်းမှာ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့၊ ဒီပလိုမာသင်တန်း စတဲ့သင်တန်းအသစ် ၁၃ ခုကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ ဒါ့အပြင် ဘွဲ့လွန်သင်တန်းသင်ကြားပေးမှု အနေနဲ့ကတော့ လက်ရှိမှာ ဒီပလိုမာဘွဲ့လွန်သင်တန်း၊ မဟာသိပ္ပံသင်တန်း၊ ပါရဂူဘွဲ့လွန်သင်တန်း၊ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း စုစုပေါင်း ၁၂၆ ခုဖွင့်လှစ်သင်ကြားပေးပြီး အထူးကုဆရာဝန်တွေ၊ အထူးပြုသူနာပြုဆရာမတွေ၊ ဆေးဘက်ကျွမ်းကျင်သူတွေ မွေးထုတ်ပေးလျက်ရှိပါတယ်။ ဝန်ထမ်းများပြီး အရည်အသွေးမရှိမဖြစ်ရအောင် အားဖြည့်လုပ်ဆောင်နေပါတယ်။

**မေး။ ။ ဝန်ကြီးဌာနအနေနဲ့ ကျောင်းကျန်းမာရေးတွေကိုလည်း လုပ်ဆောင်နေတယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာလည်း ဘယ်လိုတွေ လုပ်ဆောင်နေသလဲဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။ ကျန်းမာရေးကဏ္ဍမှာဆိုရင်လည်း ကျောင်းကျန်းမာရေးက အရေးကြီးပါတယ်။ ဘာလို့လဲဆိုရင် တစ်နိုင်ငံလုံးမှာ ကျောင်းသားပေါင်း ၈ ဒသမ ၇ သန်းရှိတဲ့အတွက် ကျောင်းသားထုကြီးကျန်းမာပါက ရေရှည်မှာ ကျန်းမာတဲ့ပြည်သူတွေ ပိုမိုများပြားလာမှာဖြစ်ပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းတွေမှာ ကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တာ ကျောင်းပေါင်း ၄၅၇၆၇ အနက် ၉၇ ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ သန်ချဆေးနှစ်ကြိမ် တိုက်ကျွေးခဲ့ပါတယ်။ ဒါကိုလည်း လာမယ့်နှစ်မှာ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ မဟုတ်ရင် ကလေးတွေ စားသမျှကို သန်ကောင်တွေကသာ စားသွားပြီး တဖြည်းဖြည်းပိန်လာတယ်။ သန်ချဆေးတိုက်ကျွေးခြင်းကိုလည်း အဓိကထားဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ကျောင်းကျန်းမာရေးလက်စွဲစာအုပ် ထုတ်နိုင်ခဲ့ပါတယ်။ စာအုပ်တွေကို ကျောင်းတွေကို ဖြန့်ဝေပေးပါမယ်။ ဆရာမတွေကတစ်ဆင့် ကျောင်းသားတွေကို ကျန်းမာရေးဗဟုသုတ၊ အမြင်တွေကို ပြန်လည်မျှဝေမယ်ဆိုရင် ကလေးတွေအတွက် အလွန်ကောင်းပါတယ်။

နောက်ဦးစားပေးတစ်ခုက ပြည်သူများကျန်းမာရေးစာတတ်မြောက်မှုကို အဓိကလုပ်နေပါတယ်။ ပြည်သူများကျန်းမာရေးစာတတ်မြောက်မှု မြင့်မားလာစေဖို့အတွက် နည်းလမ်းပေါင်းစုံနဲ့ ပညာပေးလျက်ရှိပါတယ်။ ရောဂါမျိုးစုံရဲ့ အချက်အလက်တွေအကုန်ပါတဲ့ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက် စာအုပ်ပြုစုထုတ်ဝေပြီး ကျန်းမာရေးဝန်ထမ်းတွေ၊ လူထုအခြေပြု အဖွဲ့အစည်းတွေ၊ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေတဲ့သူတွေထံကို အုပ်ရေ ၂၀,၀၀၀ ဖြန့်ဝေပေးခဲ့ပြီးပါပြီ။ အဲဒီစာအုပ်ကို တိုင်းရင်းသားလူမျိုးတွေ ဖတ်လို့ရနိုင်အောင်အထိ သူတို့တွေရဲ့ ဘာသာနဲ့ ထုတ်ဝေဖြန့်ဖြူးနိုင်ဖို့ လောလောဆယ် ဘာသာပြန်ဆိုနေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ စာအုပ်ကို နေရာတကာ သယ်ယူသွားတဲ့ ဒုက္ခကကင်းဝေးအောင် စာအုပ်ထဲမှာပါတဲ့ အချက်အလက်တွေ အကုန်လုံးကို ဖုန်း Tablet ထဲကို ထည့်သွင်းပေးပြီး အခြေခံကျန်းမာရေးဝန်ထမ်း ၃၀၀၀၀ ခန့်ကို မကြာမီမှာ ဖြန့်ဝေပေးဖို့စီစဉ်ထားပါတယ်။

ဖုန်း Tablet ထဲမှာ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်စာအုပ်အပြင် လုံခြုံစိတ်ချစွာ မီးဖွားခြင်းအဆင့်ဆင့်၊ မွေးကင်းစကလေးအရေးပေါ် ပြုစုစောင့်ရှောက်ခြင်း စတဲ့အချက်တွေကိုလည်း ထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါကို အသုံးပြုသွားမယ်ဆိုရင် အခြေခံကျန်းမာရေးလုပ်သားများရဲ့ ကျန်းမာရေးဆိုင်ရာ ဗဟုသုတတွေ အများကြီးတက်သွားပါမယ်။ ဒါတွေကို လူတွေသိမယ်ဆိုရင် တော်ရုံတန်ရုံရောဂါ မဖြစ်တော့ပါဘူး။ ဆေးရုံမသွားရတော့ ကုန်ကျစရိတ်တွေလည်း သက်သာလာမယ်။

**မေး။ ။ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွေ ဆောင်ရွက်ထားမှုကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ အစိုးရနှစ်နှစ်တာကာလအတွင်းမှာ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲတွေ အသစ်တည်ဆောက်ခဲ့ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန အသစ် ၁၈ ခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၂ ခုကို အသစ်ထပ်မံတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ပြည်သူလူထုတွေမှာ ခုနောက်ပိုင်း ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါတွေ အဖြစ်များလာတာတွေ့ရတယ်။ ဒါကြောင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ၁၇၉၆ ခုမှာ သွေးပေါင်ချိန်ကိရိယာ၊ သွေး၊ ဆီးတွေထဲမှာ သကြားဓာတ်ပါဝင်မှုစစ်တဲ့ဟာတွေ ပေးထားတယ်။ ဒါတွေပေးထားတဲ့အခါ ကျွန်တော်တို့နိုင်ငံမှာ ဆီးချိုရှိတဲ့သူ၊ သွေးချိုရှိတဲ့သူတွေ စောစောစီးစီးသိရှိပြီး ကုသရင် ဆေးရုံသို့ ဦးနှောက်သွေးကြောပေါက်မှ ရောက်လာခြင်း၊ နှလုံးရောဂါဖြစ်ပြီးမှ ရောက်လာခြင်းတို့ နည်းပါးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါဆေးခန်းတွေမှာ မိခင်နှင့်ကလေးကျန်းမာရေး၊ ငါးနှစ်အောက်ကလေးကျန်းမာရေး၊ အာဟာရမြှင့်တင်ရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှုတွေကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံချက်ကြီးပီပြင်အောင်မြင်လာတာနဲ့အမျှ ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဓိက ရင်ဆိုင်နေရတာက မိခင်သေဆုံးမှုနှုန်းပဲ ဖြစ်ပါတယ်။ မိခင်သေဆုံးမှုနှုန်းကို ကျဖို့ဆိုရင် သားဖွားဆရာမတွေကို အခြေခံအရေးပေါ် ပြုစုစောင့်ရှောက်ခြင်းသင်တန်းကို မြို့နယ်ပေါင်း ၁၁၉ မြို့နယ်မှာ သင်တန်းတွေပို့ချပြီး ဖြစ်ပါတယ်။ ကျန်မြို့နယ်တွေမှာ သင်တန်းတွေ ဆက်ပြီးပို့ချသွားဖို့ရှိပါတယ်။ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းနဲ့ တုံ့ပြန်ခြင်းစနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ ကူးစက်၊ မကူးစက်ရောဂါ စာရင်းဇယားတွေ မတိကျခဲ့ပါဘူး။ စာရင်းဇယားတွေမတိကျတော့ စီမံကိန်းရေးဆွဲရာမှာ မှားနိုင်ပါတယ်။ စာရင်းဇယားတွေကို အီလက်ထရွန်နစ်စနစ်အရ တိကျမှန်ကန်ပြီး အချိန်နဲ့တစ်ပြေးညီ ရရှိဖို့အတွက် ကျန်းမာရေးသတင်းအချက်တွေကို DHIS2 Platform ပေါ်မှာ ရေးသွင်းအသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းမှာ ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေနဲ့ သုတေသနလုပ်ငန်းတွေမှာလည်း ဘာတွေလုပ်ဆောင်နေသလဲဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။ ရောဂါရှာဖွေတဲ့နေရာမှာ ကမ္ဘာ့ရန်ပုံငွေရဲ့ အထောက်အပံ့နဲ့ အလွန်ပြင်းထန်ပြီး ကူးစက်မြန်တဲ့ရောဂါတွေကို ဓာတ်ခွဲရှာဖွေဖို့အတွက် စက်တစ်လုံးလျှင် အမေရိကန်ဒေါ်လာ သန်းကျော်တန်တဲ့ ဇီဝလုံခြုံမှုအဆင့်(၃)ရှိတဲ့ ဓာတ်ခွဲခန်းနှစ်ခုကို တောင်ကြီးနဲ့ အင်းစိန်မှာ ဖွင့်ခဲ့ပါတယ်။ အဲဒီဓာတ်ခွဲခန်းတွေမှာ အလွန်ပြင်းထန်ပြီး ကူးစက်မြန်တဲ့ရောဂါတွေကို ရှာဖွေလို့ရမှာဖြစ်ပါတယ်။ ဒီရောဂါတွေကို ရိုးရိုးသာမန်ဓာတ်ခွဲခန်းမှာ ရှာဖွေရင်ရောဂါတွေ ကူးစက်ပျံ့နှံ့သွားမှာဖြစ်ပါတယ်။ ရောဂါတွေ ကူးစက်နိုင်ပါတယ်။ ဒါကြောင့်မို့ ဒီဓာတ်ခွဲခန်း




ပထမအကြိမ် သားဖွားဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပစဉ်။

အထူးကဏ္ဍ [ ဆ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

နှစ်ခုဟာလည်း ကျွန်တော်တို့နိုင်ငံရဲ့ အားထားရတဲ့ ဓာတ်ခွဲခန်းတွေဖြစ်ပါတယ်။ ဒါ့အပြင် ကုသမှုကုထုံးတွေအနေနဲ့လည်း အရေးကြီးပါတယ်။ ကုထုံးဆိုတာလည်း အမြဲပြောင်းလဲနေပါတယ်။ HIV/AIDS, TB စတဲ့ ရောဂါတော်တော်များများအတွက် နောက်ဆုံးပေါ် ကုသမှုကုထုံးလမ်းညွှန်တွေလည်း ထုတ်ထားပါတယ်။

သူနာပြု/သားဖွားကဏ္ဍကို လေ့လာတဲ့အခါ နိုင်ငံတကာနဲ့ယှဉ်ရင် ခေတ်နောက်ကျနေတာတွေ့ရတယ်။ ဒါကြောင့် နိုင်ငံတကာနဲ့ အညီဖြစ်စေဖို့အတွက် သူနာပြုတက္ကသိုလ်နဲ့ သူနာပြုသင်တန်းကျောင်းမှာ သူနာပြု/သားဖွား သင်ရိုးညွှန်းတမ်းတွေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး စတင်သင်ကြားလျက်ရှိပါတယ်။ ခုလိုပြောင်းလိုက်တဲ့အခါမှာလည်း ပြည်ပပညာရှင်တွေကိုခေါ်ပြီး ပြုပြင်ပြောင်းလဲခဲ့တာပါ။ ဒီလိုပြောင်းလဲမှုဟာ အောင်မြင်မှုတစ်ရပ်လို့လည်းဆိုနိုင်သလို မိမိတို့နိုင်ငံရဲ့ သူနာပြု/သားဖွားတွေရဲ့ အရည်အသွေးနဲ့ ပုံရိပ်ကိုလည်း မြင့်တက်လာစေမှာဖြစ်ပါတယ်။ နောက်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မူဝါဒ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မဟာဗျူဟာ ၂၀၁၈-၂၀၂၁ နဲ့ သားဖွားကျွမ်းကျင်သူများဆိုင်ရာ မူဝါဒကို ရေးဆွဲခဲ့ပြီး အခုအခါမှာ မူဝါဒတွေနဲ့အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ များသောအားဖြင့် အခြားနိုင်ငံများရှိ တက္ကသိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့ နှိုင်းယှဉ်ပါက သုတေသနဆောင်ရွက်မှုအရေအတွက် နည်းပါတယ်။ အစိုးရသက်တမ်းနှစ်နှစ်အတွင်းမှာ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ သုတေသနရန်ပုံငွေဆိုပြီး ငွေကျပ်သန်း ၁၀၀၀ ချပေးခဲ့ပါတယ်။ ခုလို သုတေသနရန်ပုံငွေဆိုတာ ဘယ်တုန်းကမှ မရခဲ့ဖူးတဲ့ကိစ္စပါ။ ခုအစိုးရလက်ထက်မှာ ပထမဆုံး ရရှိဖူးတာပါ။ ဒါတွေကိုသုံးပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ သုတေသန (Implementation Research) ၂၄၃ ခုကို ထောက်ပံ့ပေးခဲ့ပြီး လက်တွေ့သုတေသနလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပြီး သုတေသနနဲ့ဆိုင်တဲ့ အလုပ်ရုံဆွေးနွေးပွဲ ၁၃ ခုကိုလည်း ကျင်းပပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ဝန်ထမ်းတွေ သုတေသနစွမ်းရည်တွေ ပိုမိုရရှိပြီး ဝန်ဆောင်မှုတွေကို ပိုမိုထိရောက်စွာပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ လက်ရှိပြည်သူတွေရဲ့ ရောဂါဖြစ်ပွားမှုအခြေအနေနဲ့ ဘယ်လိုတွေကာကွယ်ထိန်းချုပ်နေသလဲဆိုတာ ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ ပြည်သူ့ကျန်းမာရေးမှာ ဒီနေ့ဒါလုပ်၊ နောက်နေ့ဒါမဖြစ်ပါဘူး။ တဖြည်းဖြည်းနဲ့ ကျန်းမာရေးအဆင့် မြင့်တက်လာတဲ့သဘောပါ။ ဒီလိုတက်လာမှုကလည်း ပြန်လည်ကျဆင်းသွားလေ့မရှိပါဘူး။ ရောဂါဖြစ်ပွားမှုမှာ ပြန်ကြည့်မယ်ဆိုရင် လူတစ်သိန်းမှာ ဝမ်းပျက်ရောဂါ၊ ဝမ်းလျှောရောဂါ၊ အသည်းရောင်ရောဂါ၊ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းတွေမှာ ကျဆင်းလာတာကိုတွေ့ပါတယ်။ ဒါပေမဲ့ ထူးဆန်းတာက အရက်စွဲတဲ့ရောဂါတွေများလာတယ်။ ဒါကအရက်သောက်တဲ့သူတွေ များလာတဲ့သဘောပါ။ ဒါကို ပြည်သူ့ကျန်းမာရေးပြဿနာအသွင်နဲ့ ဖြေရှင်းရမယ်။ မဖြေရှင်းနိုင်ရင် ကျွန်တော်တို့ နိုင်ငံရေရှည်မှာ ပြဿနာအများကြီး ရှိလာနိုင်ပါတယ်။ နောက်ပြီး ကူးစက်ရောဂါနှုန်းတွေ ကျဆင်းပေမယ့် နှလုံးနဲ့သွေးကြောရောဂါ၊ ထိခိုက်ဒဏ်ရာကြောင့် ဖြစ်ပွားနှုန်း၊ သေဆုံးမှုနှုန်းတွေက တက်လာတယ်။ သွေးတိုး၊ နှလုံး၊ ဆီးချိုများလို့ သွေးကြောနဲ့ နှလုံးရောဂါတွေ ဖြစ်ပွားတာပါ။ နောက်ပြီး ကင်ဆာရောဂါ၊ စိတ်ရောဂါတွေနဲ့ ဆေးရုံတက်ရသူရာခိုင်နှုန်းများလာတာကိုလည်း တွေ့ရပါတယ်။ ဆေးရုံတက်တဲ့လူနာတွေကို သွားကြည့်တဲ့အခါမှာ ထိခိုက်ဒဏ်ရာရတာတွေက တတိယအများဆုံးသွားတွေ့ရတယ်။ ကားတိုက်၊ ဆိုင်ကယ်တိုက်စတာတွေကြောင့်ပါ။ ဒါတွေကို လျှော့ချဖို့ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်မှရပါမယ်။ ကျွန်တော်တို့ဝန်ကြီးဌာနတစ်ခုတည်းနဲ့ အောင်မြင်အောင်ဆောင်ရွက်လို့မရနိုင်ပါဘူး။

နောက်တစ်ခုကတော့ တစ်နှစ်အောက်နဲ့ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းပါ။ တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်းမှာ အရှင်မွေးတစ်ထောင်မှာ ၃၈ ဦးနဲ့ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းဟာ အရှင်မွေးတစ်ထောင်မှာ ၄၈ ဦးသေဆုံးနေသေးတာကို တွေ့ရပါတယ်။ ဒါကိုလည်း ဒီထက်နည်းဖို့ လျှော့ချဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မိခင်သေဆုံးမှုအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ၂၀၁၆ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံလူဦးရေနှင့် ကျန်းမာရေးစစ်တမ်း(MDHS)အရ မိခင်သေနှုန်းက အရှင်မွေးတစ်သိန်းမှာ မိခင် ၂၈၂ ဦးသေဆုံးတယ်။ အရင်တုန်းကဆို မိခင်ဦးရေ ၃၀၀ ကျော်သေဆုံးခဲ့တယ်။ ခုက နည်းနည်းကျလာတယ်ပြောရမယ်။ ဒါပေမဲ့ နိုင်ငံတကာနဲ့ယှဉ်ရင် မိခင်သေဆုံးမှုနှုန်းကများနေသေးတဲ့အတွက် ဒီကိစ္စကိုလည်း လာမယ့်နှစ်မှာ ဦးစားပေးဆောင်ရွက်သွားမှာပါ။

HIV ရောဂါမှာ ကြည့်မယ်ဆိုရင် ဖြစ်ပွားမှုနှုန်းရော၊ သေဆုံးမှုနှုန်းပါ အကုန်ကျပါတယ်။ နောက်ပြီး TB ရောဂါနဲ့ ငှက်ဖျားရောဂါတွေမှာလည်း သေဆုံးမှု၊ ဖြစ်ပွားမှုနှုန်းတွေ အကုန်ကျဆင်းခဲ့ပါတယ်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုရင် အလွန်အောင်မြင်တဲ့အတွက် ရောဂါကင်းဝေးရေးကို သွားနေပါပြီ။ သွေးလွန်တုပ်ကွေးရောဂါအပိုင်းကတော့ တက်လိုက်၊ ကျလိုက်ဖြစ်နေဆဲပါပဲ။ သွေးလွန်တုပ်ကွေးက ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုကောင်းရင် မရှိနိုင်ပါဘူး။ သွေးလွန်တုပ်ကွေးရှိတာဟာ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု နည်းနည်းအားနည်းနေသေးတယ်လို့ဆိုရပါမယ်။ အားနည်းတယ်ဆိုပေမယ့်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်သုံးခုမှာပဲ သွေးလွန်တုပ်ကွေးရောဂါအဖြစ်များတာကိုပဲ တွေ့ရပါတယ်။ ဒါကို သေချာကိုင်တွယ်လုပ်ဆောင်သွားမယ်ဆိုရင်ရပါပြီ။

နောက်ပြီး အနာကြီးရောဂါအပိုင်းမှာလည်း ရောဂါလူနာသစ်ရှာဖွေရေးလုပ်ငန်းမှ တွေ့ရှိသူ လူနာသစ်ပေါင်း ၄၈၈၈ ဦးကို ကုသပေးနိုင်ခဲ့ပါတယ်။ ဒါက မြန်မာနိုင်ငံမှာ အနာကြီးရောဂါ ရှိသေးတယ်ဆိုတာကိုပြတာပဲဖြစ်ပါတယ်။ အနာကြီးရောဂါဆိုတာ သေချာကိုင်တွယ်ကုသရင် ပျောက်ပါတယ်။ ဒါ့အပြင် မျက်စိအတွင်းတိမ် ခွဲစိတ်မှုပေါင်း ၂၂၂၇၃၀ ကို အစိုးရသက်တမ်း နှစ်နှစ်အတွင်း ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ မျက်စိအတွင်းတိမ်ရောဂါက ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ခုအဖြစ် ရောက်ရှိနေတဲ့အတွက် နောက်လာမယ့်နှစ်တွေမှာလည်း သေချာဆက်လက်ကြည့်ရှုပြီး ဆောင်ရွက်သွားမှာပါ။

တစ်ခုအားရတာက နာဂဒေသမှာ ဝက်သက်ရောဂါ အကြီးအကျယ်ဖြစ်ပြီး သေတယ်။ ကျွန်တော်တို့ ချက်ချင်းထိန်းချုပ်နိုင်တယ်။ H1N1 ရာသီတုပ်ကွေးရောဂါမှာ တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားပေမယ့် အချိန်တိုအတွင်းမှာ ထိန်းချုပ်နိုင်ခဲ့တယ်။ ရောဂါနှိမ်နင်းရေးကသူတွေက သေချာစွာကိုင်တွယ်နိုင်တာ ကျွန်တော်တို့ရဲ့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှုကြောင့်သာလျှင် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နှစ်နှစ်အတွင်း ကပ်ရောဂါအသွင်ဖြင့် လုံးဝမဖြစ်ခဲ့ပါဘူး။ ဘုရားပွဲတွေလုပ်တယ်။ ရွှေစက်တော်မှာ နေ့တိုင်းလူတစ်သောင်းငါးထောင် နှစ်သောင်းကျော်လောက်သွားသော်လည်း ဘာမှမဖြစ်ခဲ့ပါဘူး။ အဲဒီမှာ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုကတော်တော်ကောင်းတယ်လို့ပြောရမှာပါပဲ။

**မေး။ ။ လက်ရှိပြည်တွင်းမှာ အချို့ဒေသတွေမှာ အာဟာရချို့တဲ့တာတွေရှိတယ်လို့သိရပါတယ်။ အဲဒီအပေါ်မှာရော ဆေးပညာပိုင်းဆိုင်ရာနဲ့ ဘယ်လိုတွေဆောင်ရွက်နေပါသလဲ သိပါရစေ။**

ဖြေ။ ။ အာဟာရချို့တဲ့မှု လျှော့ချရေးအနေနဲ့ ပညာပေးခြင်းများ ဆောင်ရွက်နေခြင်း၊ လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာ ကုထုံးလမ်းညွှန် (၂၀၁၇)ကို အပြီးသတ်ရေးဆွဲပြုစုခြင်း၊ အာဟာရဆိုင်ရာ အချက်အလက်တွေ ကောက်ယူခြင်းတွေဆောင်ရွက်နေပါတယ်။ အာဟာရချို့တဲ့မှုအပိုင်းမှာတော့ ဘယ်လောက်ချို့တဲ့နေတယ်ဆိုတာ အတိအကျပြောလို့မရသေးပါဘူး။ လောလောဆယ် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ မြန်မာအဏုအာဟာရနှင့် အစာစားသုံးမှု စစ်တမ်းတွေကောက်နေတာ ဧပြီလကုန်မှာပြီးမယ်။ အဖြေကိုသုံးသပ်ပြီးရင်တော့ ကျွန်တော်တို့ပြောလို့ရပါပြီ။ ဘယ်တိုင်းဒေသကြီးနဲ့ ပြည်နယ် ဘယ်မြို့နယ်တွေမှာ အာဟာရချို့တဲ့မှုတွေများလဲ၊ များတဲ့ဒေသမှာ သေချာကိုင်တွယ်ပြီး စနစ်တကျ လုပ်ဆောင်သွားမှာပါ။

**မေး။ ။ အခုနောက်ပိုင်းမြန်မာနိုင်ငံအတွင်းကို အကြောင်းအမျိုးမျိုးနဲ့ ကျန်းမာရေးနဲ့ မညီညွတ်တဲ့ အစားအသောက်တွေ၊ အလှကုန်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ ဝင်ရောက်နေတာကို တွေ့ရပါတယ်။ အဲဒီအပေါ်မှာရော ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေအတွက် အန္တရာယ်မဖြစ်အောင် ဘယ်လိုတွေ ဆောင်ရွက်ထားရှိသလဲ ပြောပြပေးပါရှင့်။**

ဖြေ။ ။ အစားအသောက်နှင့် ဆေးဝါးနဲ့ပတ်သက်ပြီး နည်းနည်းပြောချင်ပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံရဲ့အထူးအရေးပါတဲ့ကဏ္ဍပါ။ နေ့စဉ်ပြည်သူအများစုဟာ ဆိုးဆေးပါတာစားလား။ အရည်အသွေးမပြည့်တဲ့ ဆေးဝါးတွေသောက်သလား။ လူတိုင်းမှာ အန္တရာယ်ရှိတဲ့အတွက် ဒါကိုလည်း သေချာကိုင်တွယ်ဖြေရှင်းနေပါတယ်။ ဒါကြောင့် အစားအသောက်နဲ့ ဆေးဝါးဓာတ်ခွဲခန်းဟာ ကမ္ဘာ့အဆင့်မီဖြစ်သွားပြီ။ ISO 17025 အမေရိကန်ကလာတာပါ။ တကယ့်ကမ္ဘာ့အဆင့်မီပါ။ ရဖို့မလွယ်ပေမယ့် ကျွန်တော်တို့ရသွားပါပြီ။ အစားအသောက်၊ အလှကုန်၊ ဆေးပစ္စည်းကို စစ်ဆေးနိုင်တဲ့ ကမ္ဘာ့အဆင့်မီဓာတ်ခွဲခန်းရှိတယ်။ တော်တော်လေးသေသေသပ်သပ်လုပ်နေပါတယ်။ ထို့ပြင် အစားအသောက်နဲ့ ဆေးဝါးမှာဆိုရင်လည်း အရင်တုန်းကလို စာရွက်စာတမ်းနဲ့လာတင်လိုက် ဒီလိုမဟုတ်တော့ဘဲနဲ့ အင်တာနက်ကနေ မှတ်ပုံတင်လုပ်ပေးတာတွေစနေပါပြီ။ မကြာခင်က စခဲ့ပါတယ်။ ဆက်လက်ပြီးလည်း အကောင်အထည်ဖော်မှာပါ။

နောက်တစ်ချက်က ဆေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ စတိုးဆိုင်တွေ၊ ကျောင်းမုန့်ဈေးတန်းတွေမှာ အစားအသောက်တွေ၊ ဆေးဝါးတွေကို ရှောင်တခင်ဝင်စစ်တာတွေ မပြတ်လုပ်ဆောင်နေပါတယ်။ ပထမဆုံး ပညာပေးတယ်။ ပညာပေးလို့မရရင် အမှုဖွင့်တရားစွဲ၊ ဆိုင်ပိတ် ဒါတွေလုပ်ပါတယ်။ အဲဒီဘက်ပိုင်းမှာလည်း အားဖြည့်ပြီးလုပ်နေတယ်။ အစားအသောက်နဲ့ ဆေးဝါးမှာလည်း ဗဟိုအာဏာပိုင်အစည်းအဝေးကြီးကို ပြီးခဲ့တဲ့လက လုပ်ပါတယ်။ လူတစ်ရာကျော် တစ်ရာ့ငါးဆယ်လောက်တက်ပါတယ်။ အဲဒီမှာချပြတဲ့ အချက်တွေကိုမူတည်ပြီး လမ်းပြမြေပုံနဲ့ မဟာဗျူဟာဆွဲပြီးပါပြီ။ စတင်ပြီးလည်း လုပ်ဆောင်နေပါပြီ။

နောက်ပြီး ခွင့်မပြုဆိုးဆေးတွေ၊ သောက်ရေသန့်လုပ်ငန်းတွေ၊ အေးခဲအသားငါး၊ ပုစွန် ရေထွက်ပစ္စည်း၊ အရည်အသွေးမမီတဲ့ အရက်စတဲ့ အကုန်လုံးကို ပြည်သူတွေမစားသုံးဖို့၊ ရောင်းချခြင်းမပြုကြဖို့ ပညာပေးဆွေးနွေးပွဲတွေလုပ်ပါတယ်။ သိပ်တော့မလွယ်ပေမယ့် ဖြည်းဖြည်းချင်းလုပ်ရမယ်။ အဓိကကတော့ ပြည်သူတွေရဲ့ အသိဉာဏ်ပဲ။ ပြည်သူတွေဟာ အရက်ကအန္တရာယ်များတာသိရင် မသောက်ဘူး။ ပြည်သူများသည် ဆေးတွေကို လမ်းဘေးဆိုင်ကမဝယ်ဘူး။ ငရုတ်သီးမှုန့်စတာကို မသေချာရင် မဝယ်ဘူး။ မဟုတ်တဲ့ဆီမစားဘူး။ ဒါဆိုကိစ္စပြတ်တယ်။ အဓိကအစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှုဌာနရဲ့ လုပ်ငန်းအောင်မြင်မှုသည် ပြည်သူတွေရဲ့ကျန်းမာရေးအသိဉာဏ်အဆင့်အတန်းအပေါ် မူတည်ပါတယ်။ လမ်းဘေးစာမစားဘူး။ အစားအသောက်မှာ သက်တမ်းကုန်ရက်မပါရင် မဝယ်ဘူး။ လိပ်စာမပါရင်မဝယ်ဘူး။ ဒီလိုပဲ ပြည်သူတွေအကုန်သိသွားရင် ဒီလိုအစားအသောက်တွေဟာ ရောင်းလို့ရစရာအကြောင်းမရှိတော့ဘူး။

**မေး။ ။ တိုင်းရင်းဆေးနဲ့ပတ်သက်ပြီးတော့လည်း ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုတွေဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ တိုင်းရင်းဆေးနဲ့ ပတ်သက်ပြီး ပြောချင်တာကတော့ တိုင်းရင်းဆေးကို ပြည်သူတွေ တော်တော်လေးအားကိုးပါတယ်။ တိုင်းရင်းဆေးရုံပေါင်း ၂၄၁ ရုံရှိပါတယ်။ ပထမနှစ်က ဆိုရင် လူနာပေါင်း ၁ ဒသမ ၅ သန်းလောက်လာပြတယ်။ အတွင်းလူနာပေါင်းက ၃၀,၀၀၀ လောက်လာပြတယ်။ ကွင်းဆင်းမှုအကြိမ်ပေါင်း ၁၂,၀၀၀ ကျော် လုပ်ခဲ့တယ်။ အဲဒီအချိန်မှာ

အထူးကဏ္ဍ [ ၉ ] သို့ »»»



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မန္တလာသီရိဘောလုံးကွင်း၌ ကျင်းပသော မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ကူးစက်ရောဂါနှုန်းတွေ ကျဆင်းပေမယ့် နှလုံးနဲ့သွေးကြောရောဂါ၊ ထိခိုက်ဒဏ်ရာကြောင့် ဖြစ်ပွားနှုန်း၊ သေဆုံးမှုနှုန်းတွေက တက်လာတယ်။ သွေးတိုး၊ နှလုံး၊ ဆီးချိုများလို့ သွေးကြောနဲ့ နှလုံးရောဂါတွေ ဖြစ်ပွားတာပါ။ နောက်ပြီး ကင်ဆာရောဂါ၊ စိတ်ရောဂါတွေနဲ့ ဆေးရုံတက်ရသူရာခိုင်နှုန်းများလာတာကိုလည်း တွေ့ရပါတယ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

၁ ဒသမ ၇ သန်းလာပြတယ်။ ဒါကိုကြည့်ခြင်းအားဖြင့်ပြည်သူများသည် တိုင်းရင်းဆေးကို အားကိုးတယ်။ ဒါကြောင့် တိုင်းရင်းဆေးကို ထုတ်တဲ့ရောင်းတဲ့နေရာမှာ အရည်အသွေးမီဖို့ လိုတယ်။ ဒါကို သေချာကိုင်တွယ်လုပ်နေပါတယ်။ တိုင်းရင်းဆေးနည်းဆေးဖုံတွေက အများကြီးရှိတယ်။ တစ်ခုနဲ့ တစ်ခုမတူဘူး။ ဒါကိုညှိပြီးထုတ်ခဲ့ပြီ။ တိုင်းရင်းဆေးနည်းဆေးဖုံများ (Traditional Medicine Formulation)စာအုပ်ကို အသစ်ထုတ်ခဲ့တယ်။ ရန်ကုန်နဲ့ မန္တလေးမှာ တိုင်းရင်းဆေးစက်ရုံနှစ်ရုံ ရှိပါတယ်။ အဲဒီစက်ရုံတွေကနေ ဆေးအမျိုးပေါင်း နှစ်ဆယ်ကိုထုတ်တယ်။ သောက်ဆေးသုံးမျိုး၊ စည်းဆေးနှစ်မျိုးနဲ့ လိမ်းဆေးတစ်မျိုးတို့ကို အသစ်ထုတ်နိုင်ခဲ့ပါတယ်။ တိုင်းရင်းဆေးမှာ အသုံးမပြုသင့်တဲ့ တိုင်းရင်းဆေး ၇၉ မျိုးကို ပြည်သူတွေကို ကြေညာတယ်။ အသိပေးထားတယ်။ တိုင်းရင်းဆေးမှာ လိုင်စင်လျှောက်တာကို လူအတော်များများက မကျေနပ်ဘူး။ လိုင်စင်လျှောက်ထားမှုတွေ အကုန်ဖြေလျှော့လိုက်ပါတယ်။

တိုင်းရင်းဆေးဖွံ့ဖြိုးဖို့ဆိုရင် သုတေသနရှိရမယ်။ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကြီးလုပ်တာ နှစ်ကြိမ်ရှိပါပြီ။ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ညီလာခံနဲ့ နှီးနှောဖလှယ်ပွဲကြီးကိုလည်း နှစ်ကြိမ်လုပ်ခဲ့ပါတယ်။ ဒါဟာ တိုင်းရင်းဆေးလောကကို မြှင့်တင်ဖို့ဖြစ်ပါတယ်။

သုတေသနပိုင်းကိုလည်း ပြောချင်ပါတယ်။ သုတေသနအတွက်ဆိုရင် ညီလာခံကြီးကို နှစ်စဉ်ဇန်နဝါရီလမှာ လုပ်ပါတယ်။ သုတေသနညီလာခံမှာဆိုရင် ကမ္ဘာအရပ်ရပ်က ပညာရှင်တွေ အများကြီးလာတယ်။ စာတမ်းတွေဖတ်တယ်။ အတွေ့အကြုံတွေ ဖလှယ်တယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံက ဆရာဝန်တွေ သုတေသနလုပ်တဲ့အရည်အသွေး အရမ်းမြင့်လာတယ်။ ဂုဏ်ယူစရာကောင်းတာက ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားကျန်းမာရေးသုတေသနမူဝါဒ ထွက်လာပါပြီ။ ထို့ပြင် ကျန်းမာရေးဆိုင်ရာသုတေသနသတင်းစနစ်၊ ကျန်းမာရေးသုတေသနဆိုင်ရာ မှတ်ပုံတင်ခြင်းစနစ် တော်တော်များများနိုင်ငံမှာ မရှိတာတွေ ထွက်လာပါပြီ။ ပိုပြီးဂုဏ်ယူစရာကောင်းတာက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေပြီးတော့ ဆေးသုတေသနဦးစီးဌာနကို ငှက်ဖျားရောဂါဆိုင်ရာ သုတေသနတွေပူးပေါင်းဆောင်ရွက်ရာဌာန(WHO Collaborating Center)လို့ အသိအမှတ်ပြုလိုက်တယ်။ ဒါတော်တော်ဂုဏ်ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအသိအမှတ်ပြုထားတာပါ။

**မေး။ ။ အားကစားကဏ္ဍနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေတွေကို ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ အားကစားနဲ့ ကျန်းမာရေးဟာလုံးဝဆက်နွှယ်နေတယ်။ ဒါကြောင့် အောက်တိုဘာ ၂ ရက် ၃ ရက်က Exercises is Medicine လုပ်ခဲ့တယ်။ ကျွန်တော် တရုတ်ပြည်ကို အစည်းအဝေးသွားတက်တုန်းက တွေ့ခဲ့တယ်။ မြန်မာလိုဆိုရင်တော့ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး။ ကိုယ်လက်လှုပ်ရှားရင် ဆေးသောက်စရာမလိုဘူး။ အဲဒါနဲ့ အစည်းအဝေးကို နှစ်ရာကျော်တက်တယ်။ အကြံပြုချက်တွေ ထွက်လာတယ်။ ဒါကို နိုင်ငံတော်သမ္မတရုံးကိုတင်ပြတဲ့အခါ နိုင်ငံတော်အစိုးရအဖွဲ့ရုံးက တအားကြိုက်တဲ့ အခါကျတော့ တစ်ပြည်လုံးမှာ လူမှုရေးဝန်ကြီးက ဥက္ကဋ္ဌလုပ်၊ တိုင်းနဲ့ပြည်နယ် အားကစားမှူးက အတွင်းရေးမှူးလုပ်ပြီး အဖွဲ့နဲ့ စတင် အကောင်ထည်ဖော်ဖို့ အမိန့်စာကျလာတယ်။ ဒါလုပ်ပြီး မကြာခင်မှာပဲ ရန်ကုန်မှာ မြန်မာ့အမျိုးသမီးအားကစားအဖွဲ့ချုပ်နဲ့ ရန်ကုန်တိုင်းအမျိုးသမီးအားကစားဆပ်ကော်မတီတို့ ပူပေါင်းပြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းနဲ့ ပြည်သူ့ရင်ပြင်၊ သခင်မြ ပန်းခြံမှာ အနုပညာရှင်များအပါအဝင် အမျိုးသမီးအင်အားတစ်ထောင်နဲ့ လေ့ကျင့်ခန်းလုပ်ကြတယ်။ အလားတူ တိုင်းနဲ့ပြည်နယ်တွေမှာ စလုပ်နေပြီ။ ဒါဟာအလွန်ကောင်းတဲ့ လက္ခဏာပါ။ ဒီလိုလုပ်ခြင်းဖြင့် အားကစားလုပ်တဲ့ အလေ့အထရသွားမယ်။ ဒီလိုလုပ်မှ တစ်ပြည်လုံးကျန်းမာမယ်။ တစ်ပြည်လုံးကျန်းမာမှ ဆေးရုံဆေးခန်းမသွားရတော့တဲ့အတွက် ပိုက်ဆံအကုန်အကျသက်သာမယ်။ နောက်တစ်ခါ အရင်တုန်းက လူတွေက အားကစားကွင်းတွေ သွားမကြည့်ရဲဘူး။ လေ့ကျင့်ခန်းမလုပ်ရဲဘူး။ ပိုက်ဆံပေးရမလားဘာလားပေါ့။ အခုဆို အကုန်ကြေညာခိုင်းထားပါတယ်။ အကုန်အခမဲ့ပါ။ သတင်းစာ၊ ရေဒီယိုတွေ၊ ကြော်ငြာဆိုင်းဘုတ်တွေကပ်ပြီး မည်သူမဆိုအခမဲ့ လာရောက်ကစားနိုင်သည်ဆိုပြီးကြေညာတော့ တော်တော်များများလာကစားကြတယ်။ ခုခေတ်စားတာက Outdoor Fitness Equipment အပြင်မှာ လေ့ကျင့်ခန်းလုပ်တဲ့ဟာတွေပါ။ ၆၇၅ စုံ တပ်ထားပြီးပါပြီ။ နောက်အများကြီး ထောင်နဲ့ချီဝယ်ဖို့ရှိတယ်။ တစ်ပြည်လုံးကို ဖြန့်မယ်။ လူကြိုက်များတယ်။ မြို့နယ်တိုင်းမှာ အကုန်လုံးကိုလည်းထည့်ပေးနေပါတယ်။ ဒါမှ လူတွေက လေ့ကျင့်ခန်းလုပ်မယ်။

အပြည်ပြည်ဆိုင်ရာနဲ့ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ဂုဏ်ယူဝင့်ကြွားစွာပြောချင်တာတော့ (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၄)ကြိမ်မြောက် အားကစားဆိုင်ရာဝန်ကြီးများ




နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်စဉ်။

အဆင့်အစည်းအဝေး၊ ဂျပန်-မြန်မာ-တရုတ် အားကစားဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွေကို အိမ်ရှင်နိုင်ငံအဖြစ်လက်ခံပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့တယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံအတွက် အားကစားလောကဟာ နိုင်ငံတကာနဲ့ ပူးပေါင်းလှုပ်ရှားမှုရှိတယ်။ ထိုင်းနိုင်ငံနဲ့ဆိုလည်း စာချွန်လွှာလက်မှတ်ရေးထိုးထားပါတယ်။ အကုန်တွဲပြီးလုပ်နေပါတယ်။ အားကစား သိပ္ပံကျောင်းလည်း ခြောက်ကျောင်းဖြစ်သွားပါပြီ။ ဒီနှစ်မှာ မုံရွာနဲ့ လွိုင်ကော်မှာ အားကစားသိပ္ပံကျောင်း နှစ်ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အားကစားသိပ္ပံမှာ စာသင်တဲ့အပြင် အားကစားပေါင်းမျိုးစုံကို လေ့ကျင့်ပေးပြီး လက်ရွေးစင်အားကစားသမားတွေ ပေါ်ထွက်လာရေး လေ့ကျင့်ပေးနေပါတယ်။ အပြည်ပြည်ဆိုင်ရာအားကစားပွဲ ၁၆ ပွဲကို အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပနိုင်ခဲ့ပါတယ်။ အားကစားဆိုတာလုပ်တိုင်းမရပါဘူး။ သိပ္ပံနည်းကျလုပ်ရပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံး B.Sc(Sports) ဘွဲ့ရ ကျောင်းသား ကျောင်းသူ ၇၀ ကျော် ထွက်လာပြီ။ ဒီကလေးတွေကို ပညာရေးဝန်ကြီးဌာနကနေ ခန့်မယ်။ ကျွန်တော်တို့လည်း ခန့်မယ်။ အားကစားဆိုတာ အားရှိရုံတင် မရပါဘူး။ သိပ္ပံနည်းကျလုပ်ရပါမယ်။ ဒါကြောင့် သိပ္ပံနည်းကျဘယ်လိုလုပ်ရမယ်၊ ဘာလုပ်ရမယ်ဆိုတာကို ဒီအောင်လာတဲ့ကလေးတွေက ပြန်လည်သင်ကြားပေးမယ်။ ကလေးတွေအားကစားလုပ်ဖို့ဆိုရင် နေ့ရာသီမှာ အားကစားရှစ်မျိုးလောက်ကနေ ၃၂ မျိုးလောက်အထိကို မြို့နယ် ၃၀၀ မှာ လုပ်နေပါတယ်။ ပြီးခဲ့တဲ့အပတ်က အမျိုးသားအဆင့်မြန်မာ့အားကစားစွမ်းဆောင်ရည်မြှင့်တင်ရေး ဆွေးနွေးပွဲကြီးလုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲကနေ ထွက်ပေါ်လာတဲ့ ဆုံးဖြတ်ချက်ကို မူတည်ပြီးတော့ အားကစားလောကတိုးတက်ဖို့ လမ်းပြမြေပုံတွေ၊ လက်တွေ့ကျတဲ့ မဟာဗျူဟာတွေ ရေးဆွဲ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဒီနှစ်နှစ်တာကာလအတွင်းမှာ ရလာတဲ့အတွေ့အကြုံတွေ၊ အခက်အခဲနဲ့ စိန်ခေါ်မှုတွေ ပေါ်မူတည်ပြီး ရှေ့ဆက်ဘာလုပ်ရမလဲဆိုတာ ဆုံးဖြတ်မှာပါ။ မီဒီယာတွေကတစ်ဆင့် ပြည်သူတွေဆီ ပျံ့နှံ့သွားပြီးရင် အပြုသဘောဆောင်တဲ့ ဝေဖန်မှုတွေ၊ အကြံပြုချက်တွေ၊ ဘက်မလိုက်တဲ့ဝေဖန်မှုတွေကို ကြိုဆိုလက်ခံပြီး စဉ်းစားလုပ်ဆောင်သွားမယ့် အစီအစဉ်တွေရှိပါတယ်။

**မေး။ ။ ခုလို အမျိုးမျိုးသော ကျန်းမာရေးစောင့်ရှောက်မှုတွေပေးတဲ့အခါမှာ ပြည်သူတွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်သလဲဆိုတာ ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ အကျိုးကျေးဇူးအနေနဲ့က ပြည်သူအားလုံးရဲ့ ကျန်းမာရေးအဆင့် အတန်းမြင့်လာမှာ ပဲဖြစ်ပါတယ်။ အဆင့်အတန်းကမြင့်နေပြီဆိုရင် ဆက်မြင့်ဖို့ပဲရှိပါတယ်။ မြင့်ရာကနေ ပြုန်းခနဲ ကျတယ်ဆိုတာ မရှိပါဘူး။ မြင့်ရာကနေ ပြုန်းခနဲကျတယ်ဆိုတာ ကပ်ရောဂါအသွင် အကြီးအကျယ်ဖြစ်တယ်ဆိုမှ ကျချင်ကျသွားနိုင်ပေမယ့် တော်ရုံတော့မကျတော့ပါဘူး။ ကျွန်တော်တို့မှာ ကျန်းမာရေးစနစ်ရှိတယ်။ အဲဒီစနစ်တွေအောက်မှာ စနစ်တွေ အများကြီးရှိတယ်။ အဲဒီစနစ်တွေတောင့်တင်းအောင် လုပ်နေပါတယ်။ တောင့်တင်းဖို့ဆိုရင် မှန်ဖို့လိုပါမယ်။ ဒီနှစ်အတွက် ဆောင်ပုဒ်သတ်မှတ်ထားပါတယ်။ အဲဒါကတော့ စာရင်းဇယားနှစ်လို့ သတ်မှတ်ထားပြီးတော့ စာရင်းဇယားတွေမှန်အောင်လုပ်မယ်။ နောက်တစ်ခုက ဝန်ထမ်းအိမ်ရာဆောက်မယ့်နှစ်လို့ သတ်မှတ်ထားတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ ဝန်ထမ်းတွေဟာ ပျော်ရွှင်စွာအလုပ်လုပ်နိုင်မှာဖြစ်ပါတယ်။

**မေး။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ရှေ့ဆက်ပြီးအကောင် အထည်ဖော်ဆောင်ရွက်မယ့် အစီအစဉ်တွေကိုလဲ သိပါရစေရှင့်။**

ဖြေ။ ။ ရှေ့ဆက်ပြီးတော့ အစကပြောခဲ့တဲ့ ကျန်မာရေးဆိုင်ရာ အချက်အလက်တွေ Tablet တွေမှာ လုံးဝအားဖြည့်တော့မယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးစာတတ်မြောက်မှုကို အားလုံးလုပ်မယ်။ ဆေးတက္ကသိုလ်နဲ့ နှီးနွှယ်တက္ကသိုလ် ၁၆ ကျောင်းနဲ့ သူနာပြု/သားဖွားကျောင်း ၅၀ က ထွက်လာတဲ့ ဆရာဝန်၊ ဆရာမတွေဟာ လက်မထောင်ပြီးထွက်နိုင်ရမယ်။ သင်ကြားပုံနည်းစနစ်လည်း ပြောင်းနေတယ်။ နောက်တစ်ခုက ကျောင်းကျန်းမာရေးကို ကောင်းကောင်း ကိုင်တွယ်လုပ်ဆောင်မယ်။ သူတို့ကို ကောင်းကောင်းကိုင်တွယ်နိုင်ရင် ကျန်းမာတဲ့ပြည်သူတွေဖြစ်လာမယ်။ နောက်တစ်ချက်က အားကစားဖွံ့ဖြိုးရေး အဓိက လုပ်မယ်။ ပြည်သူ့ဆေးရုံတွေရဲ့ ဝန်ဆောင်မှုကို ပီပြင်အောင်လုပ်မယ်။ ကျန်းမာရေးသတင်းအချက်အလက်စနစ် သေချာတိုးတက်အောင်လုပ်မယ်။ ရရှိသောဘဏ္ဍာငွေကို ထိရောက်စွာခွဲဝေအသုံးချပြီး အလေအလွင့်မရှိအောင်လုပ်မယ်။ ဒါက ကျွန်တော့်ရဲ့ လာမယ့်နှစ်အတွက် အဓိကလုပ်ငန်းတွေဖြစ်ပါတယ်။

**မေး။ ။ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဖြည့်စွက်ပြောချင်တာများရှိရင်ပြောပြပေးပါရှင့်။**

ဖြေ။ ။ ဖြည့်စွက်ပြောချင်တာကတော့ အခြေခံကျန်းမာရေးဝန်ထမ်းတွေဖြစ်တဲ့ သူနာပြု၊ သားဖွားဆရာမ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်တွေရဲ့ စွမ်းရည်ကို လုံးဝမြှင့်မယ်။ ကုသရေးပိုင်းမှာလည်း ဆရာဝန်တွေရဲ့ကျွမ်းကျင်မှုအတွက် နိုင်ငံတကာက ကျွမ်းကျင်ပညာရှင်တွေလာပြီး သင်တန်းပေးတယ်၊ လက်တွေ့သင်တယ်။ ဥပမာ အစာအိမ်ထဲကိုကြည့်တာမျိုးတွေ၊ နှလုံးခွဲစိတ်မှုတွေ၊ ကျောက်ကပ်အစားထိုး၊ အသည်းအစားထိုးတာတွေ ပူးပေါင်းလုပ်တယ်။ ဒါတွေကိုပြောင်မြောင် အောင်လုပ်မယ်။ ဒါမှ ပြည်သူတွေ နိုင်ငံတွင်းမှာပဲ ကုသနိုင်ပြီး တခြားနိုင်ငံကို ဆေးသွားကုရတာ နည်းလာမယ်။

**မေး။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေကို ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုတွေ ပေးနေသလိုပဲ ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်လာဖို့ ဝန်ကြီးအနေနဲ့ ပြည်သူတွေကိုစကားလက်ဆောင်လေးပါးပေးပါဦးရှင့်။**

ဖြေ။ ။ မုံရွာ၊ စစ်ကိုင်းနဲ့ကယားမှာ ကျန်းမာရေးစာတတ်မြောက်မှုမြှင့်တင်ရေးတွေ လုပ်ခဲ့တယ်။ ဒါကိုလုပ်ခြင်းဖြင့် ပြည်သူတွေက တော်တော်သိနေပြီ။ ကျန်းမာရေးအသိပညာမြင့်ပြီဆိုရင် အေးအေးဆေးဆေးနေနိုင်ပါပြီ။ ဒါကြောင့် ပြည်သူတွေအနေနဲ့လည်း ကျန်းမာရေးနဲ့ပတ်သက်လို့ လေ့လာပါ၊ ဆွေးနွေးပါ။ သက်ဆိုင်ရာမှ ကျန်းမာရေးနဲ့ ပတ်သက်ပြီးထုတ်ပြန်တာတွေကို ပူးပေါင်းလိုက်နာ ဆောင်ရွက်ကြမယ်ဆိုရင် မြန်မာပြည်သူပြည်သားအားလုံး ရောဂါဘယကင်းဝေးပြီး သက်ရှည်ကျန်းမာစွာ နေထိုင်သွားရမှာပါလို့ စကားလက်ဆောင်ပါးရင်း နိဂုံးချုပ်ပါတယ်။



လယ်ဝေးမြို့နယ်တွင် အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးဝါးကုသမှု ကွင်းဆင်းဆောင်ရွက်စဉ်။